

လူငယ်များအတွက်

# ခေတ်မီဗုဒ္ဓဝင် နှင့် အခြေခံဗုဒ္ဓဘာသာ

ဆရာမာဃ ပြုစုသည်



ဣသိပတန မိဂဒါဝုန်တွင် ပဥ္စဝဂ္ဂီတို့အား
ဗုဒ္ဓရှင်တော်ဘုရား ဓမ္မစကြာ တရားဟောတော်မူနေပုံ

၉၆၁၉

# လူငယ်များအတွက် ခေတ်မှီဗုဒ္ဓဝင်

နှင့်

# အခြေခံဗုဒ္ဓဘာသာ

ဆရာမာဃ ပြုစုသည်

# The LIFE OF BUDDHA FOR YOUTHS MODERN VERSION & Fundamentals of Buddhism.

By Mā Gha

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၃၃၄-ခု (သာသနာ ၂၅၁၆) ၁၉၇၂-ခု
H 604—A [ဟံသာဝတီ]

ခေတ်မှီဗုဒ္ဓဝင်
ပုံနှိပ်ခြင်း

၁၉၇၂-ခု၊ ဇူလိုင်လ

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ် (၅၅၇၂)

အုပ်ရေ (၃၀၀၀)

ပန်းချီ။ ။ဦးစန်းလွင်

ဘလောက်။ ။ဘသစ်နှင့်သားများ

အဖုံးနှင့်အတွင်းစာတပ်ပုံ။ ။ရွှေမန်းညွှန့်ပုံနှိပ်တိုက်

ထုတ်ဝေသူ။ ။ဝဏ္ဏကျော်ထင် ဦးသာတင် (မာဃ)
(ဝဂ၁၂) မာဃစာပေ၊ အမှတ်-၁ဂဝ၊
၃၉-လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဦးဇော်ဝင်း(ဝ၁၄ဂ၅)အမှတ်၃၄၉
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်၊
ဗိုလ်အောင်ကျော်လမ်း၊ရန်ကုန်မြို့။

# မာတိကာ


၁—ဗုဒ္ဓဆိုတာ ဦးသိ   ၁—၈

ဘုရားနှင့် ဦးသိ .... ၁
ဘာကိုသိတဲ့ ဦးသိလဲ .... ၃
ဦးသိ ၃—မျိုး ၄—မျိုး .... ၄
အကြီးဆုံး ဗုဒ္ဓ .... ၇

၂—ဖွားတော်မူခန်း   ၉—၂၁

သက္ကတိုင်း ကပိလဝတ်ပြည် .... ၉
ဖွားတော်မူခြင်း .... ၁၄

၃—စည်းစိမ်ခံစားခန်း   ၂၂—၂၇

အမည်တော်သိဒ္ဓတ္ထ .... ၂၂
မယ်တော်မာယာနှင့် ပဇာပတိဂေါတမီ .... ၂၄
နန်းပြာသာဒ် သုံးဆောင် .... ၂၅
ယသော်ဓရာ .... ၂၇

၄—တောထွက်တော်မူခန်း   ၂၈—၃၇

နိမိတ်ကြီးလေးမျိုး .... ၂၈
ကိသာဂေါတမီ .... ၃၂
တပ်မက်ဖွယ်မဟုတ်ပုံတွေ .... ၃၃
တောထွက်တော်မူခြင်း .... ၃၄
ရဟန်းပြုခြင်း .... ၃၆

၅—ရာဇဂြိုဟ်သို့   ၃၈-၄၂

အနုပိယသရက်တောတွင် .... ၃၈
ဗိမ္ဗိသာရမင်းအလောင်းတော်ထံသွားတွေ့ခြင်း.... ၄၁

၆–အာဠာရနှင့်ဥဒကထံသို့ ၄၃–၄၅
၇–ဒုက္ကရစရိယာ ၄၆–၅၃
ဥရုဝေလတော .... ၄၆
အလုပ်အကျွေးပဉ္စဝဂ္ဂီ .... ၄၇
သေလုနီးပါးကျင့်ခြင်း .... ၄၉
ဘုရားအဖြစ်သို့ ၄၆–၆၀
ပဉ္စဝဂ္ဂီတို့စွန့်ခွာသွားကြခြင်း .... ၅၄
သုဇာတာ၏ ဃနာနို့ဆွမ်း .... ၅၅
မဟာဗောဓိညောင်ပင်ဝယ် .... ၅၈
ပု–ဒိ–အာ .... ၅၉
၉-ခုနစ်ဌာနတွင်ခုနစ်ရက်စီ ၆၁–၆၇
ပလ္လင်တော်ဌာန .... ၆၁
အနိမိသဌာန .... ၆၃
ရတနာစင်္ကြံဌာန .... ၆၃
ရတနာဃရဌာန .... ၆၃
အဇပါလနိဂြောဓဌာန .... ၆၄
မုစလိန္ဒအိုင်ဌာန .... ၆၄
လင်းလွန်းပင်ဌာန .... ၆၄
တပုဿနှင့် ဘလ္လိက .... ၆၅
၁၀–အမှန်လေးချက်တရားစကား ၆၈–၇၈
တရားဟောရေး .... ၆၈
ဥပကနှင့် တွေ့ဆုံခြင်း .... ၆၉
အမှန်လေးချက် တရားစကား .... ၇၀
တရားမျက်စေ့ပွင့်သွားကြခြင်း .... ၇၂
ယသနှင့် မိတ်ဆွေများ ရဟန္တာဖြစ်ကြခြင်း .... ၇၃

သာသနာပြုကြွကြခြင်း .... ၇၅
ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးဆယ် .... ၇၆
ကဿပသုံးဦးနှင့် တကွရှင်တထောင် .... ၇၈
၁၃-ရာဇဂြိုဟ်နှင့် ကပိလဝတ်တွင် ၇၉-၉၁
ဝေဠုဝန်ကျောင်းတော် .... ၇၉
အဂ္ဂသာဝက ၂-ပါး .... ၈၀
ကပိလဝတ်နေပြည်တော်သို့ .... ၈၃
ယသော်ဓရာ၏ အလွမ်း .... ၈၄
ညီတော်မင်းနန်နှင့် သားတော်ရာဟုလာ .... ၈၇
ဥပါလိနှင့် သာကီဝင် မင်းသားခြောက်ဦး .... ၈၈
သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် .... ၈၉
ဝေသာလီပြည်သို့ ကြွတော်မူခြင်း .... ၉၀
၁၂-ငါးဝါမှဝါနှစ်ဆယ်အတွင်းအဖြစ်အပျက်....၉၂-၁၀၅
အတ္တဝါဒနှင့်အနတ္တဝါဒပြိုင်ပွဲကြီး .... ၉၂
စိဉ္စမာနနှင့်သုန္ဒရီတို့၏စွပ်စွဲချက် .... ၉၄
ဗောဓိမင်းသား .... ၉၅
ကောသမ္ဗီသူဌေးကြီးသုံးဦး .... ၉၆
ညီညွတ်ရေးမရ၍ဘုရားရှင်ရှောင်သွားပုံ .... ၉၇
ဘုရားရှင်နှင့်သုပ္ပဗုဒ္ဓ .... ၁၀၁
သိရိမာကိုစွဲသောရဟန်း .... ၁၀၃
၁၃-သာဝတ္ထိတွင် ၂၄-ဝါ....၁၀၆-၁၁၁
ဇေတဝန်နှင့်ပုဗ္ဗာရုံ .... ၁၀၆
အမြဲစာမ်းအလုပ်အကျွေး .... ၁၀၇
သက်ထိန်းသမာပတ် .... ၁၀၉
အဂ္ဂသာဝက ၂-ပါး ပရိနိဗ္ဗာန်ပြုကြခြင်း .... ၁၁၁

၁၄–ပရိနိဗ္ဗာန်ဝင်စံတော်မူခြင်း ၁၁၂–၁၁၅
အခြေခံဗုဒ္ဓဘာသာပဌမဆင့် ၁၁၉–၁၂၈
သီလ .... ၁၁၉
သမာဓိ .... ၁၂၃
ပညာ .... ၁၂၄
လောကုတ္တရာတရား ၉–ပါး .... ၁၂၆
သံဃာရတနာ .... ၁၂၆
အခြေခံဗုဒ္ဓဘာသာ ဒုတိယဆင့် ၁၂၉–၁၄၄
ဘုရားရတနာ .... ၁၂၉
တရားရတနာ .... ၁၃၅
သံဃာရတနာ .... ၁၄၂

နောက်ဆက်တွဲ

အခါတော်နေ့များ ၁၄၅–၁၅၂
ကဆုန်လပြည့် ဗုဒ္ဓနေ့ .... ၁၄၅
နယုန်လပြည့် မဟာသမယနေ့ .... ၁၄၉
ဓမ္မစကြာ အခါတော်နေ့ .... ၁၅၀

# အကြောင်းပြချက်

သက္ကတဘာသာဖြင့်၎င်း, ပါဠိဘာသာဖြင့်၎င်း, အခြားဘာသာ အသီးသီးဖြင့်၎င်း ဗုဒ္ဓရှင်တော်ဘုရား၏ အတ္ထုပ္ပတ္တိဆိုင်ရာ ဗုဒ္ဓဝင်ကျမ်းပေါင်း အများအပြား ရှိခဲ့ကြပေသည်။

မြန်မာ ဘာသာဖြင့်လည်း ထေရဝါဒ ဆိုင်ရာ ဗုဒ္ဓဝင်ကျမ်းပေါင်း အများပင် ကဗျာဖြင့်၎င်း, စကားပြေဖြင့်၎င်း ထွက်ပေါ်ခဲ့ကြလေသည်။

ယင်းသို့ထွက်ပေါ်ခဲ့ရာဝယ် အချို့မှာ လူကြီးပိုင်းပညာရှိပိုင်းနှင့် အများဆုံးသက်ဆိုင်သည့် ပုံစံမျိုး ရေးဟန်မျိုးဖြစ်ကြလေသည်၊ အချို့မှာ လူလတ်ပိုင်းနှင့်အများဆုံးသက်ဆိုင်သည့်ပုံစံမျိုး ရေးဟန်မျိုးဖြစ်ကြလေသည်၊ အချို့မှာ လူငယ်များနှင့် အများဆုံးသက်ဆိုင်သည့် ပုံစံမျိုး ရေးဟန်မျိုးဖြစ်ကြလေသည်၊ အချို့မှာ နှစ်ပိုင်းသုံးပိုင်းလုံးနှင့် သက်ဆိုင်သည့် ပုံစံမျိုး ရေးဟန်မျိုး ဖြစ်ကြလေသည်၊ စာအုပ်အနေအထားအတိုင်း အရှည်အားဖြင့်လည်း အကြီးစား,အလတ်စား, အငယ်စားဟူ၍ စုံလင်စွာ ထွက်ပေါ်ခဲ့ကြလေပြီ။

ဆိုခဲ့သည့်ပုံစံမျိုးတို့တွင် လူငယ်ကလေးများအတွက် ရေးသားသည့် ပုံစံမျိုးမှာ အနည်းဆုံးဖြစ်သည် ဟုဆိုရပေမည်။

ယင်းသို့ လူငယ်များအတွက် ရေးသားကြရာ တွင်လည်း လူငယ်များနှင့်ဆီလျော်အောင် ရေးသားသည့် ခေတ်မှီ ဗုဒ္ဓဝင် မျိုးကား အလွန်နည်းပါးလှသေးသည်ဟုသဘောရပေသည်၊ (ဤတွင် ခေတ်အလျောက် သဘာဝကျကျ ရေးသားယူဆခြင်းကို ခေတ်မှီသည်ဟု ဆိုလိုသည်)၊ လူငယ်များနှင့်

# (ဇ) အကြောင်းပြချက်

ဆိုလျှော်အောင်ခေတ်မှီဗုဒ္ဓဝင်အဖြစ် အမေး၊ အဖြေ သဘော ဖြင့် ရေးသားသည့် ဗုဒ္ဓဝင်မျိုးကား သာ၍ပင် နည်းပါးလှ သေးသည် ဟု ဆိုရပါမည်။

ဤစာအုပ်သည် ခေတ် လူငယ် လူရွယ်များ အတွက် ယူငင်ထုတ်ဖော်ပုံနှင့်တကွ စကားအသုံးအနှုန်း ဝါကျ အနေ အထားမှစ၍ လူငယ်စာလေးများနှင့် ဆိုလျှော်အောင် ကြိုး စားထားသည့်ပြင် နားတွင်းသို့ ဆုပ်သွင်းလိုက် သကဲ့သို့ ဖြစ်အောင် ဆရာတပည့် စကားပြောခဏ်း ဖွဲ့ကာ ရေးသား ထားပါသည်၊ နောက်ပိုင်း အခဏ်းများ၌ကား အမေး အဖြေ သဘောများကို လျှော့ကာ တောက်လျှောက် ပြော သွားသကဲ့သို့ ရေးသားထားပါသည်။

မှတ်ချက်။ ။အလွယ်မှ အခက်သို့ အစဉ်ကျနိုင်သမျှကျအောင် ရေးထားသည်၊ ဥပမာ-အခဏ်း-၁ အခဏ်း-၂ စသည်တို့သည် ၅-တန်း ၆-တန်း ကလေးများ အတွက် ရည်ရွယ်ရေးသားထားခြင်း ဖြစ်သည်။

အချုပ်အားဖြင့် (၁) လူငယ်များနှင့်လည်း လျော်၊ (၂) ခေတ်လည်းမှီ (၃) သုတေသန သဘောလည်းပါ (၄) အမေး အဖြေလည်းဖြစ်ဟူ၍ အင်္ဂါလေးချက်ညီအောင် ရေးသားထားသဖြင့် ခေတ်လူငယ်များ၏ အသိဉာဏ် ဆိပ် ကမ်းဆီသို့ အရောက် လျော်နိုင်သည့် ဗုဒ္ဓဝင် စာပေဆိုင်ရာ လောင်းလှေကလေးတစင်း ဖြစ်လိမ့်မည် ဟု မြော်လင့်မိပေ သတည်း။

မာယ

၇-၁၀-၇၀




ဣန္ဒိယနိုင်ငံ ဗုဒ္ဓခေတ် မြေပုံ

ဗုဒ္ဓဒိဿန္တ-နမာမဟာ၊

# ၁-ဗုဒ္ဓဆိုတာ ဦးသိ

## ဘုရားနှင့်ဦးသိ

ဆရာ ။ ။ကလေးများကို ဆရာက ဗုဒ္ဓဘာသာ အကြောင်း နဲနဲလောက် ပြောပြ ချင်တယ်၊ "ဗုဒ္ဓဘာသာ" ဆိုတဲ့ စကားကိုတော့ မင်းတို့ ကြား ဘူးကြတယ် မဟုတ်လား?။

တပည့်များ။ ။ကြားဘူးပါတယ်—ဆရာကြီး။

ဆရာ ။ ။အေး—ကြားဘူးတယ်ဆိုယင် အဲဒီ ဗုဒ္ဓ ဘာသာဆိုတဲ့စကားမှာပါတဲ့ ဗုဒ္ဓဆိုတာ ဘာစကားလဲ ကွယ်။

တပည့်များ။ ။ပါဠိစကားပါ—ဆရာကြီး။

ဆရာ ။ ။ဟုတ်ပီကွယ်· ဗုဒ္ဓဆိုတာ တို့ဗမာစကား မဟုတ်ဘူး၊ ပါဠိစကားလုံးတလုံး ဖြစ် တယ်ကွဲ့၊ ပါဠိပြောတဲ့ လူတွေက ခေါ်ကြပြောကြတဲ့ စကားလုံးပေါ့ကွယ်၊ အဲဒီတော့ ဗုဒ္ဓ ဆိုတဲ့ ပါဠိစကားလုံးကို မင်းတို့အထဲက ဗမာလို ပြန်တတ်တဲ့လူ ရှိသလား။

တယောက်။ ။ကျွန်တော် ပြန်တတ်ပါတယ် – ဆရာ ကြီး။

ဆရာ ။ ။ပြန်တတ်ယင် ပြန်စမ်းကွယ်၊ဘယ်လိုပြန်မလဲ။

တပည့်။ ။ဗမာလို ဘုရားလို့ ပြန်ပါမယ်—ဆရာကြီး။

ဆရာ ။ ။အမယ်- ငါ့တပည့် အတော်သားဘဲကွဲ့၊ ပါဠိလို ဗုဒ္ဓကို ဗမာလို ဘုရား လို့ ဘာသာ ပြန်ပြီးခေါ်တာဟာ မှန်တော့ မှန်တယ်ကွဲ့၊ ဒါပေမဲ့ အဲဒါထက်ကောင်းအောင် ထိအောင် ဘာသာပြန်နိုင်သေးတယ်ကွဲ့၊ ကဲ-ဗုဒ္ဓဆိုတဲ့ပါဠိကို ဘုရားလို့ ဘာသာပြန်တာထက်ကောင်းအောင် မင်းတို့အထဲက ဘာသာပြန်နိုင်တဲ့လူ- ရှိသလား?။

တပည့်များ။ ။မရှိပါဘူး—ဆရာကြီး။

ဆရာ ။ ။အေး— မရှိယင် ဆရာပြောပြမယ်၊ဗုဒ္ဓဆိုတာ ဗမာလို သိသူ လို့ ဘာသာပြန်နိုင်တယ်ကွဲ့၊ နားလည်ကြရဲ့လား?။

တပည့်များ။ ။လည်ပါတယ်-ဆရာကြီး။

ဆရာ ။ ။လည်ယင် ဆရာကမင်းတို့ကို တကယ်လည် မလည်ဆိုတာ သိရအောင် ထပ်ခမေး ကြည့်မယ်၊ ကဲ-မေးမယ်နော် ဗုဒ္ဓ ဆိုတဲ့ စကားလုံးကို ဗမာလို ဘယ်လို ဘာသာပြန်ပြီးခေါ်နိုင်သလဲ?။

တပည့်များ။ ။ ဂိသူ (သိတဲ့ သူ)လို့ ဘာသာပြန်ပြီး ခေါ်နိုင်ပါတယ်—ဆရာကြီး။

ဆရာ ။ ။အေး—ကောင်းပြီ၊ ပြီးတော့ တို့ဗမာ နံမယ်ခေတ္တရဲ့ ချွေက မောင်ရယ်-ကိုရယ်-

ဦးရယ် တပ်တပ်ပီး ခေါ်ကြတာကော မင်းတို့သိကြတယ် မဟုတ်လား။

တပည့်များ။ ။သိပါတယ်—ဆရာကြီး။

ဆရာ ။ ။သိယင် အခုသိသူ(သိတဲ့သူ)ဆိုတာကို သိ တလုံးထဲ ယူပြီး ဦး နဲ့ တွဲလိုက်ယင် ဘယ်လိုနံမယ် ဖြစ်သွားမလဲ။

တပည့်များ။ ။ဦးသိလို့ ဖြစ်သွားပါမယ်—ဆရာကြီး။

## ဘာကိုသိတဲ့ ဦးသိလဲ

ဆရာ ။ ။နေရာကျလိုက်တာကွယ်၊ ငါတပဲ့တွေ ဘယ်ညံ့လို့လဲ—ကွဲ့နော်၊အဲဒီတော့ဆရာက မင်းတို့ကို တခု ထပ်ပီး—မေးဦးမယ် နော်။

တပည့်များ။ ။ဟုတ်ကဲ့။

ဆရာ ။ ။ဦးသိ—ဆိုတာ ဘာကိုသိလို့ ဦးသိခေါ်တာလဲလို့ သူများက မေးယင် မင်းတို့ ဘယ်လိုဖြေကြမလဲ?။

တပည့်များ။ ။မဖြေတတ်ပါဘူး—ဆရာကြီး။

ဆရာ ။ ။အဲသလို ချက်ချင်း လက်မြှောက်ရှော့လိုက်ကြနဲ့လေ၊'ဘာကို သိလို့ ဦးသိ ခေါ်ပါလိမ့်မလဲ'ဆိုတာ ထပ်ပီး စဉ်းစားလိုက်ကြအုံး ကွယ်။

တပည့်များ။ ။တော်တော်ကြာအောင် စဉ်းစားပီးပါပြီ၊ကျွန်တော်တို့ မဖြေတတ်ကြ ပါဘူး—ဆရာကြီး။

ဆရာ ။ ။အေး– သေသေချာချာ မှတ်ထားကြ ကွဲ့နော်၊အမှန်တရား ကို သိလို့ ဦးသိ ခေါ်တာခုတဲ့ကွဲ့၊ နားလည်ကြတယ် နော်....

တပည့်များ။ ။နားလည်ပါတယ်–ဆရာကြီး။

ဆရာ ။ ။နားလည်ယင် ဘာကိုသိလို့ ဦးသိခေါ် တာလဲ၊ ပြန် ပြောကြစမ်းပါ။

တပည့်များ။ ။အမှန်တရားကိုသိလို့ ဦးသိ ခေါ်ပါ တယ်–ဆရာကြီး။

ဆရာ ။ ။အဲဒီ–ဦးသိ ဆိုတာကို ပါဠိလို ဘယ့် နှယ်ခေါ်မလဲ?။

တပည့်များ။ ။ဗုဒ္ဓ–လို့ ခေါ်ပါမယ်။

## ဦးသိ ၃–မျိုး ၄–မျိုး

ဆရာ ။ ။ဒါဖြင့် ဆရာက မင်းတို့ကို တဆင့်တက် ပြီး မေးချင်သေးတယ်၊အဲဒီ အမှန်တရား ကို သူများဆီက တဆင့်သိတာလား?၊ ကိုယ်တိုင်သိဘာ လား?လို့မေးယင် ဘယ်လို ဖြေကြမလဲ?။

တပည့်များ။ ။မဖြေတတ်ပါဘူး–ဆရာကြီး။

ဆရာ ။ ။ကိုယ်တိုင်သိတာကွဲ့ နော်.... သူများ ပြောလို့ သိတာမျိုး မဟုတ်ဘူး။

တပည့်များ။ ။အဲဒီအမှန်တရားကို သူများတွေကော မသိဘူးလား–ဆရာကြီး။

ဆရာ ။ ။အောင်မယ်– မင်းတို့ အခုတော်လာတဲ့ ကလေးတွေပါကလား ဟေ့–၊အခု မင်း

တို့ မေးတဲ့အမေးကို အတော် ရှည်ရှည်ကလေး ဖြေမှ မင်းတို့ နားလည်စရာ အကြောင်းရှိနေတယ်၊ အဲဒါကြောင့် ခပ်ရှည်ရှည်ကလေး ဆရာဖြေပြမယ်၊ ဦးသိ ( သိတဲ့သူ )ဆိုတာ ဗာလဲ သုံးမျိုးရှိတယ် ကွဲ့၊အဲဒီသုံးမျိုးက ဘယ်လိုလဲဆိုယင်–

(၁) တမျိုးက–အမှန် တရားကို ကိုယ်တိုင် သိတော့ သိတယ် တဲ့၊ ဒါပေမင့် သူသိတဲ့ အမှန် တရားကို သူများ နားလည်အောင် ပြန်ပီးတော့ မဟောတတ်ဘူး မပြောပြ တတ်ဘူး.... တဲ့၊ ဥပမာ–ဘာနဲ့ တူသလဲဆိုယင် လူအ-အိပ်မက် မက်သလိုဘဲတဲ့၊ နားလည်ကြတယ်နော်....

တပည့်များ။ ။နားလည်ကြပါတယ်–ဆရာကြီး။

ဆရာ ။ ။အဲသလိုဆရာမရှိဘဲ ကိုယ်တိုင် အမှန် တရားကို သိတော့ သိပါရဲ့၊သူများ နားလည်အောင် ပြန်ပီး မဟောပြောတတ်တဲ့ ဦးသိမျိုး (ဗုဒ္ဓမျိုး)ကို ပါဠိလို သံဗုဒ္ဓ လို့လဲ ခေါ်တယ်၊ပစ္စေကဗုဒ္ဓ လို့လဲ ခေါ်တယ်၊ မှတ်မိကြရဲ့လား? ဘယ်လိုခေါ်သလဲ?။

တပည့်များ။ ။သံဗုဒ္ဓ–လို့လဲ ခေါ်ပါတယ်၊ ပစ္စေက ဗုဒ္ဓ လို့လဲ ခေါ်ပါတယ်။

ဆရာ ။ ။အေး–မှတ်ထား ကြနော်.... မမေ့ကြ စေနဲ့။

(၂) နောက်တမျိုးကတော့ အမှန်တရားကို သိတော့ သိတယ်၊ ဒါပေမင့် သူကိုယ်တိုင် သိတာ မဟုတ်ဘူးကွဲ့၊ သိတဲ့သူက ပြန်ဟောလို့ တဆင့်သိရတာ....တဲ့၊ နားလည်ကြ ရဲ့လား?။

တပည့်များ။ ။လည်ကြပါတယ်–ဆရာကြီး။

ဆရာ ။ ။အဲသလို သိတဲ့သူက ပြောလို့ တဆင့် သိတဲ့ ပုဂ္ဂိုလ်မျိုးကို ပါဠိလို သမ္မာဗုဒ္ဓ လို့ ခေါ်တယ်၊ မှတ်မိကြရဲ့လား? ဘယ်လိုခေါ်သလဲ?။

တပည့်များ။ ။သမ္မာဗုဒ္ဓလို့ ခေါ်ပါတယ်-ဆရာကြီး။

ဆရာ ။ ။အဲသလို သိတဲ့သူက ဟောပြောလို့ တဆင့် သိတဲ့ ပုဂ္ဂိုလ်တွေကို ဘုရားရဲ့ တပည့်သားတွေလို့လဲ ခေါ်တယ်ကွဲ့၊ သူတို့ဟာ တရားတော်ကို ကိုယ်တိုင် သိတဲ့ ဘုရားက ပြန်ဟောတော့မှ သိကြတယ်ကွဲ့နော်....။

(၃) ကဲ-နောက်တမျိုးကို ပြောပြအုံးမယ်၊ အမှန်တရားကို ကိုယ်တိုင်လဲ သိတယ်၊ သိတဲ့အတိုင်း သူများနားလည်အောင်လဲ ပြန်ပြောင်းပီး ဟောပြောတတ်တယ် ဆိုတဲ့ ပုဂ္ဂိုလ်မျိုးကို သမ္မာသမ္ဗုဒ္ဓ လို့ ခေါ်တယ်၊ ဘယ့်နှယ်လဲ နားလည်ကြရဲ့လား?။

တပည့်များ။ ။လည်ကြပါတယ်-ဆရာကြီး။

ဆရာ ။ ။အခုပြောခဲ့တဲ့ သိသူ ၃-မျိုးကို ပြန်ပီး အကျဉ်းရုံး ကြည့်ကြရအောင်-

(၁) တမျိုးကအမှန်တရားကို ကိုယ်တိုင်တော့ သိတယ်၊ သူများနားလည်အောင် ပြန်ပီး မဟောတတ်ဘူး။

(၂) တမျိုးက ကိုယ်တိုင် မသိဘူး၊ သိတဲ့ သူက ပြန်ဟောလို့ သိတယ်။

(၃) တမျိုးကကိုယ်တိုင်လဲ သိတယ်၊ သိတဲ့အတိုင်း သူများ နားလည်အောင်လဲ ပြန် ဟောနိုင်တယ်။

ကဲ–ဘယ့်နှယ်လဲ မှတ်မိကြရဲ့လား?။

တပည့်များ။ ။မှတ်မိကြပါတယ်–ဆရာကြီး။

ဆရာ ။ ။အေး–အဲဒီ သုံးမျိုးအပြင် သာမည အကြားအမြင်များတဲ့ သူကို သုတဗုဒ္ဓ လို့ ခေါ်ပါသတဲ့၊ ဘယ့်နှယ်လဲ မင်းတို့ နားထွေးသွားမှာ စိုးရတယ်၊ ဒါကြောင့် ဆရာက ထပ်ပြောအုံးမယ်၊ အကြား အမြင် များတဲ့သူကိုတော့ သုတဗုဒ္ဓ လို့ ခေါ်ပါတယ် တဲ့၊ ဒါပေမဲ့ ခုတင်က ပြောခဲ့တဲ့ သုံးမျိုးထဲမှာ မပါဘူး၊ ခုတင်က သုံးမျိုးနဲ့ အခုတမျိုးနဲ့ ပေါင်းလိုက်ယင် ဗုဒ္ဓ ဘယ်နှစ်မျိုး ဖြစ်သွားမလဲ?။

တပည့်များ။ ။လေးမျိုးဖြစ်သွားပါမယ်–ဆရာကြီး။

## အကြီးဆုံးဗုဒ္ဓ

ဆရာ ။ ။အဲဒီ ဗုဒ္ဓ လေးမျိုးထဲက ဘယ်ဗုဒ္ဓက အကြီးကျယ်ဆုံးအမြင့်ဆုံး အမြတ်ဆုံး ဖြစ်မယ်ထင်သလဲ၊ ပြောနိုင်ပါ့မလား၊ ကဲ- မင်းတို့အထဲက မောင်ငွေ ပြောစမ်း။

(မောင်ငွေ) အမှန်တရားကို ကိုယ်တိုင်လဲသိတယ်၊ သိတဲ့ အတိုင်းသူများနားလည်အောင်လဲ ပြန်ဟောနိုင်တယ်ဆိုတဲ့ ဗုဒ္ဓ က အကြီးကျယ်ဆုံး အမြင့်ဆုံး အမြတ်ဆုံး ဖြစ်မယ်ထင် ပါတယ်-ဆရာကြီး။

ဆရာ ။ ။အဲ–နေရာကျလိုက်တာ ငါ့တပည့် တယ် ဟုတ်ပါလား၊ ဟုတ်ပေတာပေါ့ကွယ်၊ ကိုယ်တိုင်လဲ အမှန်တရားကို သိတယ်၊ သိတဲ့အတိုင်းလဲ သူ များကို နားလည်အောင် ပြန်ဟောတတ်တယ်ဆိုတဲ့ ပုဂ္ဂိုလ်

မျိုးကို တို့ဗမာတွေအခေါ်နဲ့ ဘုရားလို့ ခေါ်နေကြတယ် ကွဲ့နှော်....ကဲ- ပီးတော့ အဲဒီဘုရားကို ပါဠိလို ခေါ်ယင် ဘယ်လို ခေါ်ကြမလဲ သိရဲ့လား?။

တပည့်များ။ ။မသိပါဘူး—ဆရာကြီး။

ဆရာ ။ ။သမ္မာ-သံ-ဗုဒ္ဓလို့ ခေါ်တယ်ကွဲ့နှော်၊ ဘယ်နှယ်လဲ ခေါ်တတ်ပါမလား?။

တပည့်များ။ ။ခေါ်တတ်ပါပြီ-ဆရာကြီး။

ဆရာ ။ ။ခေါ်တတ်ယင် ထပ်ခေါ်လိုက်ကြစမ်း၊

တပည့်များ။ ။သမ္မာ+သံ+ဗုဒ္ဓ=(သမ္မာသံဗုဒ္ဓ)။

ဆရာ ။ ။အဲဒီ—သမ္မာ+သံ—ဗုဒ္ဓ ဆိုတဲ့ အမည်တော်မှာ သမ္မာ ဆိုတာခကိုရော သံ- ဆိုတာကိုရော ဖြုတ်ပီးတော့-အတိုကောက်အနေနဲ့ ဗုဒ္ဓ လို့လဲ ခေါ်ကြပြန်တယ်၊ နားလည်ကြရဲ့မှတ်လား၊ ကဲ—ဆရာက ထပ်မေးမယ်၊သမ္မာ-သံ-ဗုဒ္ဓ ကို အတိုကောက် ဘယ်လို ခေါ်သလဲ?။

တပည့်များ။ ။ဗုဒ္ဓ—လို့ခေါ်ပါတယ်။

ဆရာ ။ ။အေး-အဲသလိုဗုဒ္ဓရယ်လို့အတိုကောက် ခေါ်လိုက်ပေမင့် ကျန်တဲ့ ဗုဒ္ဓ ၃—မျိုးနဲ့မဆိုင်ဘူး၊ သမ္မာ-သံ-ဗုဒ္ဓ နဲ့သာဆိုင်တယ်၊ဘာကြောင့်လဲ ဆိုတော့ သမ္မာ-သံ—ဗုဒ္ဓ ကိုသာ ရည်ရွယ်ပြီး အတိုကောက် ခေါ်ကြတာကိုးကွဲ့ ဟုတ်ရဲ့လား?။

တပည့်များ။ ။ဟုတ်ပါတယ်။

# ၂-ဖွားတော်မူခန်း

## သက္ကတိုင်းကပိလဝတ်ပြည်

ဆရာ ။ ။ကဲ-ဆရာစောစောကပြောခဲ့တဲ့အတိုင်း ပါဠိလိုဗုဒ္ဓ လို့ ခေါ်တာကို ဗမာလို ဘာသာပြန်ပြီး ခေါ်ယင် ဘယ်လိုခေါ်ကြမလဲ?။

တပည့်များ။ ။ဦးသိ လို့ခေါ်ရပါမယ်—ဆရာကြီး။

ဆရာ ။ ။ကဲ-ဒါဖြင့် ခုအနေ လူတယောက်က ဦးသိ ဆိုတာ ဘာကိုသိလို့ခေါ်တာလဲ လို့ မင်းတို့ကို မေးယင် ဘယ့်နှယ်ဖြေကြမလဲ။

တပည့်များ။ ။မဖြေတတ်ပါဘူး—ဆရာကြီး။

ဆရာ ။ ။မင်းတို့ မေ့သွားကြပြီထင်တယ်၊ အမှန် တရားကိုသိလို့ ဦးသိ-ခေါ်ပါတယ်လို့ ဆရာပြောခဲ့သားဘဲ၊ ဟုတ်တယ်မှတ်လား။

တပည့်များ။ ။ဟုတ်ပါတယ်ခင်ဗျာ—။

ဆရာ ။ ။အဲဒီ အမှန်တရားဆိုတာ ဘယ်တရား လဲလို့ တဆင့်တက်ပြီး မေးယင်ကော— မင်းတို့ဖြေတတ်ကြပါမလား။

တပည့်များ။ ။မဖြေတတ်ပါဘူး-ဆရာကြီး။

ဆရာ ။ ။အေး-ခုအနေ အဲဒီအမှန်တရားကို မင်းတို့သိအောင် ဆရာက ပြောပြပေမယ့် နားလည်ဘို့လဲ မလွယ်ဘူး၊ စိတ်ဝင်စားဘို့လဲ မလွယ်ဘူး၊ ဒါကြောင့် ဘယ်သူမှ စတင်ပြီး မသိနိုင်တဲ့ အမှန်တရားကို သိလို့ ဦးသိ ခေါ်တယ်ဆိုတာလောက်ကိုသာ မှတ်ထားကြ နှင့်အုံးပေါ့ကွယ်....နောက်- ဖြေးဖြေးမှဘဲ အဲဒီ အမှန်တရား ကို ရှင်းပြရအောင်နော်....ကြားကြလား။

တပည့်များ။ ။ဟုတ်ကဲ့။

ဆရာ ။ ။အဲဒီလို ဘသူမှ မသိနိုင်တဲ့ အမှန်တရား ကို သိတဲ့ ဦးသိဆိုတဲ့ဗုဒ္ဓရဲ့-အဖေ အမေ (ခမည်းတော်မယ်တော်)တွေက ဘယ်သူတွေလဲ?၊အဲဒီအဖေ-အမေ(ခမည်းတော်မယ်တော်)တွေက-ဘယ်လို လူတန်းစား တွေလဲ?၊ဘယ်နိုင်ငံ ဘယ်အရပ်ကလဲ?၊ ဦးသိ-ဆိုတဲ့ ဗုဒ္ဓဟာ ဘယ်အချိန်မှာ မွေးဖွားခဲ့သလဲ?၊ ဘယ်လိုအကျင့်တွေကျင့်ခဲ့ သလဲ?၊ဘာတွေလုပ်ခဲ့ (ဟောခဲ့) သလဲ?၊ ဘယ်အခါမှာကွယ် လွန်ခဲ့သလဲ (ပရိနိဗ္ဗာန်စံခဲ့သလဲ) အစရှိတဲ့ မေးခွန်းတွေကို မင်းတို့ဖြေတတ်အောင် ဆရာက တချက်စီတချက်စီ ပြောခဲ့ သွားမယ်၊ နားစိုက်ပြီးထောင်ကြနော်....

တပည့်များ။ ။ဟုတ်ကဲ့-ထောင်ပါ့မယ်။

ဆရာ ။ ။မင်းတို့ ငါတို့ကိုးကွယ်နေကြတဲ့ အဲဒီဗုဒ္ဓ ဆိုတဲ့-ဦးသိပေါ်ပေါက်ခဲ့တာဟာ ကြာ လှပြီကွဲ့၊နှစ်ပေါင်း-နှစ်ထောင့်ငါးရာတောင် ကျော်သွားပြီ၊ ပြီးတော့ ဖွားတော်မူရာ အရပ်ဒေသအကြောင်းကို ပြောရ အုံးမယ်၊ကမ္ဘာပေါ်မှာရှိတဲ့ တောင်တွေထဲမှာအကျော်ကြား

ဆုံးဖြစ်တဲ့ ဟိမဝန္တာတောင်ကြီးကို မင်းတို့ ကြားဘူးကြ မှာပေါ့....ဘယ့်နှယ်လဲ—ကြားဘူးကြတယ်မှုတ်လား။

တပည့်တဦး။ ။ကျွန်တော်ကြားဘူးပါတယ်-ဆရာကြီး။

အခြေခံတဦး။ ။ကျွန်တော် မြေပုံထဲမှာ တွေ့ဘူးပါတယ် ဆရာကြီး။

ဆရာ ။ ။အမယ် တယ်—ဟုတ်ပါလား၊ငါ့တပည့် က မြေပုံထဲမှာတောင် တွေ့ဘူး ပါတယ် တဲ့၊အဲဒီ—ဟိမဝန္တာတောင်ကြီး ဆိုတာကလဲ အကြီး ကြီး၊ အရှေကြီး မဟုတ်လားကွဲ့၊ ပြီးတော့-တောင်မ ကြီးတွေ့, တောင်တန်း ရှေတွေ့, တောင်ငယ်တွေ့, တောင်ထွတ်တွေ ကလဲ နဲတာမဟုတ်ဘူး၊အဲဒီ—ဟိမဝန္တာ တောင်ကြီးရဲ့နံဘေး မှာကပ်ပြီးတော့ ရပ်ရွာတွေ နိုင်ငံတွေ အများကြီး ရှိခဲ့ကြ တယ်၊ အဲဒီ တိုင်းပြည်နိုင်ငံတွေထဲမှာ- သက္က—လို့ ခေါ်တဲ့ တိုင်းပြည်ကလေးတခုလဲ အပါအဝင် ဖြစ်တယ်၊ အဲဒီ—သက္က တိုင်းဟာ တို့ဘုရား (ဗုဒ္ဓ) ရဲ့ မွေးဖွားနေထိုင်ခဲ့ရာတိုင်းပြည် ကလေးပေါ့။

တပည့်တဦး။ ။အဲဒီ—တိုင်းပြည်က အခုဘယ်နေရာမှာ ရှိပါသလဲ—ဆရာကြီး။

ဆရာ ။ ။အေး—မင်းတို့ မြေပုံကြည့်တဲ့ အခါ ဟိမဝန္တာတောင်တန်းကြီးကို တွေ့ရသလို နီပေါပြည် ဟူနဲ့ယပြည် ဆိုတာတွေကို တွေ့ကြရတယ်မဟုတ် လား။

တပည့်များ။ ။တွေ့ကြရပါတယ်။

ဆရာ ။ ။အေး—ဟိုရှေးတုန်းက ရှိခဲ့တဲ့ သက္ကဆို တဲ့ တိုင်းနိုင်ငံကလေးဟာ အခုတော့

အဲဒီတုန်းက အနေအထားအတိုင်း မဟုတ်တော့ဘူး၊ အဲဒီတုန်းက ပိုင်နက်အတိုင်း မဟုတ်တော့ဘူး၊ တချို့အပိုင်းက နီပေါပြည်ထဲမှာ ပါနေတယ်၊ တချို့အပိုင်းက ဣန္ဒိယပြည်ထဲမှာ ပါနေတယ်။

မင်းတို့ မြေပုံကြည့်တတ်လို့ ကြည့်ယင် အဲဒီ-ရှေးဟောင်း သက္ကတိုင်းဆိုတာဟာ မြေခက်ဖက်–လောင်ဂျီတွဒ် ၈၂° နဲ့ ၈၄° ဒီဂရီ့အရှေ့ဖက် လတ္တီတွဒ် ၂၆° နဲ့ ၂၈° ဒီဂရီ အတွင်းမှာရှိတယ်–လို့ အကြမ်းပြင်း မှတ်ထားကြပေါ့–ကွယ်။

တပည့်တဦး။ ။ဘာပြုလို့ သက္က–တိုင်းနိုင်ငံလို့ ခေါ်ပါသလဲ–ဆရာကြီး။

ဆရာ ။ ။သက္က–ဆိုတဲ့ လူမျိုးတွေ အမျာအဆုံး နေထိုင်လို့ သက္ကတိုင်း သက္ကပြည် သက္ကနိုင်ငံ လို့ခေါ်တယ်ကွဲ့၊ ပြီးတော့–မင်းတို့ မှတ်ထားဘို့က အဲဒီသက္ကဆိုတာဟာ သကျ*ဆိုတာနဲ့ အတူတူဘဲကွဲ့၊ အခေါ်သာကွဲတယ်၊ ပြီးတော့ သူတို့ဟာ ဟိုရှေးအခါထဲက ဟိမဝန္တာအနီး ကျွန်းတော်ကြီးထဲမှာနေထိုင်ခဲ့ကြတယ်–တဲ့၊ အဲဒါကြောင့် သူတို့ကိုသာကိယလို့လဲခေါ်ပါသေးတယ်–တဲ့။

---

* သကျာဝတ၊ ကုမာရ၊ ကျူးထ–ဩက္ကာ၊ ဥဒါန်းသာ၊ မျိုးနွယ်မပျက်၊ စောင့်နိုင်ချက်၊ စွဲလျက်ကြောင်းမှာ-ပဝတ္တာ။ ထို့ကြောင့်သကျ၊ မာဂဓ၊ သက္က–တဖြာ၊ ပုဒ်ပြီးရာ။ သကျပုဒ်မှ၊ ယ–ကို–က၊ ပြုထ–သက္ကာ၊ နိပ္ဖန္နာ။

ဟိမဝန္တာ–အနီး၊ ကျွန်းတောကြီး၊ အတီး ရှေးခါ၊ နေ၍သာ။ ခေါ်–သာကိယ၊ မည်–နာမ၊ ဖြစ်ထ–ပြန်လာ၊ တမျိုးသာ၊ (နိုင်ငံတော်ဩဝါဒါစရိယ–အဂ္ဂမဟာပဏ္ဍိတ-တောင်ပေါက်ဆရာတော်)

ပီးတော့—မင်းတို့ ဆရာတို့နေတဲ့ ဗမာနိုင်ငံရဲ့ မြို့တော်ဟာ ဘာလဲလို့မေးယင် ဘယ့်နှယ် ဖြေကြမလဲ။

တပည့်တဦး॥ ॥မန္တလေးပါ—ဆရာကြီး॥

အခြားတဦး॥ ॥ရန်ကုန်ပါ—ဆရာကြီး॥

ဆရာ ॥ ॥မန္တလေးက ဟိုတုန်းကသာ မြို့တော်ဖြစ်ခဲ့တာ-ကွ၊ အခုတော့ ဗမာနိုင်ငံရဲ့ မြို့တော်ဟာ ရန်ကုန်ပေါ့-ကွ၊ အေး— အဲသလိုဘဲ ဆရာပြောခဲ့တဲ့—ဟိုတုန်းက သက္ကတိုင်း (သက္ကနိုင်ငံ) ကလေးရဲ့ မြို့တော်ကို ကပိလဝတ္ထု လို့ခေါ်တယ်၊ နောက်တခု မင်းတို့မှတ်ထားဘို့ကတော့ အဲဒီ—သက္ကတိုင်း နိုင်ငံကလေးဟာ လွတ်လပ်တဲ့ တိုင်းနိုင်ငံကလေး-မဟုတ်ဘူး၊ ကောသလမင်းအဆက်ဆက်ရဲ့ လက်အောက်ခံ နိုင်ငံကလေး ဖြစ်တယ်၊ ကောသလနိုင်ငံဆိုတာ အဲဒီအခါက တန်ခိုး အာဏာကြီးမားတဲ့ နိုင်ငံကြီးတခုဖြစ်တယ်။

တပည့်တဦး॥ ॥အဲဒီ-ကပိလဝတ္ထု (ကပိလဝတ်) ဆိုတဲ့ နေပြည်တော်ဟာ အခုလဲရှိပါသေးသလား—ဆရာကြီး॥

ဆရာ ॥ ॥အခုတော့-မြို့တော်အနေနဲ့ မရှိတော့ဘူး၊ အခုအခါ နီပေါ (ဆိုတဲ့—နေပါလ် Nepal ) ပြည်ထဲမှာ ကျန္ဒုတာလ် လို့ခေါ်တဲ့ အိုင်ကြီးရှိတယ်၊ အဲဒီအိုင်ကြီးရဲ့ အနားမှာ နဂရာ—ခါဆ်လို့ခေါ်တဲ့ အရပ်ရှိတယ်၊ အဲဒီအရပ်ဟာ ရှေးအခါက ကပိလဝတ္ထုနေပြည်တော်နေရာဘဲ၊ လုမ္ဗိနီ—ဆိုတဲ့ ဥယျာဉ်နေရာနဲ့လဲ မဝေးလှဘူး၊ ဆဲ့သုံးမိုင်လောက်ဘဲ ကွာတယ်။

ကဲ—မင်းတို့ အတော်ကလေး သိခဲ့မှတ်ခဲ့ကြ ရပြီ။

## ဖွားတော်မူခြင်း

အဲဒီ-သက္ကတိုင်း ကပိလဝတ် နေပြည်တော်ကိုအုပ်စိုးတဲ့ မင်းကြီးရဲ့ အမည်က သီဟဟနု လို့ခေါ်တယ် ပေါ့ကွယ်၊ အဲဒီ သီဟဟနုဆိုတဲ့ ရာဇာ ဟာ တို့ဘုရားရဲ့ အဖိုး-တော်တာ ပေါ့-ကွယ်။ အဲဒီသီဟဟနု ရာဇာနဲ့ ကဥ္စနာ တို့မှာ သုဒ္ဓေါ ဒနရယ်၊ ဓောတောဒနရယ်၊ သက္ကောဒနရယ်၊ သုက္ကောဒနရယ်၊ အမိတောဒနရယ် ဆိုပြီး သားတော်ငါးယောက် ရှိတယ်၊ အမိတ္တာနဲ့ ပါလိတာဆိုတဲ့ သမီး ၂-ယောက်သဲရှိတယ်၊ သီဟဟနု ဆိုတဲ့ ရာဇာမရှိဘဲ့နောက် သားတော်ကြီး သုဒ္ဓေါ ဒနက ရာဇာအဖြစ် ဆက်ခံအုပ်စိုးတယ်။

ဒီနေရာမှာ မင်းတို့အထူး မှတ်ထားဘို့ကတော့ အဲဒီသက္က တိုင်းကို အုပ်ချုပ်တာဟာ တဦးထဲ အာဏာပိုင်မဟုတ်ဘူး လို့လဲ ဆိုကြတဲ့အချက်ဘဲ၊ ဒါကြောင့် သုဒ္ဓေါဒနဟာ စုပေါင်းအုပ်ချုပ်တဲ့အထဲမှာ ပါဝင်တဲ့ရာဇာတဦးသာ ဖြစ် တယ်လို့လဲ ဆိုကြတယ်။

အဲဒီသုဒ္ဓေါဒန-ရာဇာဟာ တို့ဘုရား (ဗုဒ္ဓ) ရဲ့ ခမည်း တော်ပေါ့။

အဲဒီ-သုဒ္ဓေါဒန ရာဇာရဲ့ ဒေဝီကတော့ အဲဒီ-သက္က တိုင်းထဲမှာ တို့ဘုရား (ဗုဒ္ဓ) ရဲ့ မယ်တော်ပေါ့ကွာ၊ ဒေဝ ဒဟ မြို့တော်က အဥ္စန ရာဇာနဲ့ (ပဋမ) ယသောဓရာဒေဝီ တို့မှာ သုပ္ပဗုဒ္ဓနဲ့ ဒဏ္ဍပါဏိဆိုတဲ့ သားတော်နှစ်ယောက်၊ မဟာမာယာနဲ့ ပဇာပတိ ဂေါတမီဆိုဘဲ့ သမီးတော် နှစ်ယောက်ရှိတယ်၊ မဟာမာယာက သမီးအကြီးဖြစ်တယ်။

တို့ဘုရား (ဗုဒ္ဓ) အလောင်းတော်ဟာ သုဒ္ဓေါဒနရာဇာရဲ့ ဒေဝီဖြစ်တဲ့ မဟာ မာယာရဲ့ ဝမ်းမှာ ပဋိသန္ဓေတည်နေပြီး လို့ ဆယ်လကြာတဲ့အခါ မယ်တော်က သူ့ဆွေမျိုးတွေရှိရာ "ဒေဝဒဟမြို့တော်ကို သွားလိုပါတယ်"လို့ သုဒ္ဓေါဒနရာဇာ ကိုလျှောက်ကြားရှာတယ်။

ကိုယ်လေးလက်ဝန်ရှိနေတဲ့ မဟာမာယာဒေဝီက အဲသလို လျှောက်တင်လိုက်တော့ သုဒ္ဓေါဒန ရာဇာကလဲ အကြည် အသာ သဘောတူလိုက်တယ်။

ကပိလဝတ်က ဒေဝဒဟအထိ ခရီးစဉ်တလျှောက်မှာ မြေ ကို ညီအောင်ညှိကြရတယ်၊သန့်အောင် သုတ်သင်ကြရတယ်၊ လမ်းနှစ်ဖက်မှာ ငှက်ပျောပင်တွေ စိုက်ထူကြရတယ်၊ရေပြည့် အိုးတွေ တည်ကြရတယ်၊ တံခွန် ကုက္ကား မုလေးပွား-စတဲ့ အရာတွေနဲ့ တန်ဆာဆင်ကြရတယ်။

တပည့်တဦး။ ။ကပိလဝတ္ထုနဲ့ ဒေဝဒဟ ဘယ်လောက် ဝေးပါသလဲ-ဆရာကြီး။

ဆရာ ။ ။၁၇-မိုင်ခန့်ဝေးတယ်လို့ ရှေးဟောင်း တရပ် ဗုဒ္ဓဘာသာ ခရီးသယ်ကြီး တွေက ဖော်ပြခဲ့ကြတယ်။

ပီးတော့မှ မိဘုရား မာယာဒေဝီကို ရွှေထမ်းစင်ပေါ် တင်ပီး အမတ်တွေက ချီမကြရတယ်တဲ့။

ဒီပြင်—အခြွေအရံ တွေလဲ အများကြီး ပါသပေါ့ ကွာ၊ အဲသလို အခမ်းအနားနဲ့ မိဘုရပ်ထံပို့လိုက်တဲ့အခါ လမ်းခရီး မှာ ရှိတဲ့ အင်ကြင်းတော (အင်ကြင်း ဥယျာဉ်) ကြီး ဆီ

ရောက်ကြ ပါရောတဲ့၊ အဲဒီ-အင်ကြင်းတောကို လုမ္ဗိနီလို့ ခေါ်သတဲ့၊ အင်ကြင်းပင်တွေကလဲ ပင်လုံးကျွတ် ပွင့်နေကြသတဲ့၊ အခက်တွေရဲ့အကြား အပွင့်လေးတွေရဲ့ အကြားမှာ ပိတုန်းတွေ ငှက်တွေကလဲ့ သာယာတဲ့ အသံနဲ့ အော်မြည်ပြီး နေကြသတဲ့၊ ကိုယ်လေးလက်ဝန်ကြီးနဲ့ ရွှေထမ်းစင်ပေါ်ကလိုက်လာတဲ့ မဟာမာယာဟာ အဲသလို ပျော်စရာကောင်းတဲ့ အင်ကြင်းတောကြီးကို ကြည့်ပြီး ကစားမြူးထူးလိုတဲ့စိတ် ဖြစ်ပေါ်လာသတဲ့၊ ဒါကြောင့် အမတ်တွေကလဲ မာယာဒေဝီရဲ့ အလိုအတိုင်း အင်ကြင်း တောထဲကို ထမ်းဆောင်ပြီး သွားကြရသတဲ့။

အဲဒီလို အင်ကြင်းတောထဲ ဝင်မိတဲ့အခါ မင်္ဂလာ ကြက်သရေရှိတဲ့ အင်ကြင်းပင်ကြီးရဲ့ အရင်းဆီ ကပ်ရောက်ပြီးတော့ အင်ကြင်း ခက်ကို လက်နဲ့လှမ်းပြီး ဆွဲယူလိုတဲ့ စိတ်ဖြစ်ပေါ်ပြန်သတဲ့၊ အင်ကြင်းခက်တွေက မိဘုရားရဲ့ အလိုဆန္ဒအတိုင်း လက်လှမ်းမှီလောက်တဲ့ နေရာဆီ ရောက်အလာမိဘုရားက လက်ကလေးကို ဆန့်ပြီးအကိုင်မှာ သားဖွားမဲ့အကြောင်းဖြစ်တဲ့ လေက လှုပ်ရှား လာပါရောတဲ့၊ အဲဒီအခါမှာ အမတ်တွေက တင်းတိမ် (ကန့်လန့်ကာ)တွေနဲ့ ကာရန်ခိုင်းပြီး လူအများကိုလဲ ရှောင်ရှားခိုင်းပါ သတဲ့၊ အဲသလို- အင်ကြင်းခက်ကိုကိုင်ပြီး ရပ်တော်မူရင်း တို့ဘုရား (ဗုဒ္ဓ)အလောင်းတော်ကလေးကို ဖွားတော်မူတယ်တဲ့။

တပည့်များ။ ။ဘယ်နှစ်ခုနှစ်- ဘယ်လ- ဘယ်ရက် ဘယ်နေ့- ဘယ်အချိန်မှာ ဖွားပါသလဲ ဆရာကြီး။



ဗုဒ္ဓရှင်တော်ဘုရား ဖွါးတော်မူခဏ်း
(နဂရာဂျုနိကုဏ္ဍမှရသောပုံ)

ဆရာ ။ ။အေးကွာ—ဆရာဖြေရမှာတောင်မလွယ်ဘူး၊ ဖွားတဲ့-ခု-လ-ရက်-နေ့တွေကိုပြဆိုရာမှာ တကျမ်းနဲ့တကျမ်း မတူကြဘူး၊ သီဟိုဠ် ပညာရှိတွေကတော့ ကလိယုဂ် နှစ် ၂၄၇၈-ခု၊ ကဆုန်လပြည့်-အင်္ဂါနေ့ နံနက်ချိန်မှာဖွားတယ်-လို့ဆိုကြတယ်။

မဟာယာန ဗုဒ္ဓဝင်ကျမ်းတွေကတော့ တန်ဆောင်မုန်းလပြည့်နေ့မှာ ဖွားတယ်လို့ ဆိုကြတယ်။

ဗမာပညာရှိတွေကတော့ ဘိုးတော်အဥ္စနမင်း ဖြိုခဲ့တဲ့ သကရာဇ် ၆၈-ခု၊ ကဆုန်လပြည့် သောကြာနေ့ မွန်းတည့် ၂—ချက်တီးမှာ ဖွားတယ်လို့ ယူဆကြတယ်၊ (အဲဒီမှာ ကလိယုဂ်တို့- ဘိုးတော်အဥ္စနမင်း ဖြိုတဲ့ သကရာဇ်တို့ ဆိုတာတွေကို မင်းတို့ကြီးတော့ နားလည်အောင် ကြိုးစားကြပေါ့ကွာ၊ အခုတော့ ဆရာက အခြား အချက်အလက်တွေကို ပြောရမှာက များနေသေးတယ်၊မပြောနိုင်တော့ဘူး)။

အဲသလို အလောင်းတော်ကို ဖွားတော်မူပြီး ခုနစ်ရက်သာ ကြာတယ်၊ မယ်တော်-မဟာမာယာဒေဝီဟာ ကွယ်လွန် သွားရှာပါရော—တဲ့၊ (အသေအချာ မှတ်ယင်တော့ သက်တော် ၅၆-နှစ် လေးလနဲ့ နှစ်ဆယ်ခုနစ်ရက်အရောက်မှာ ကွယ်လွန်တယ်လို့ မှတ်ထားကြ ပေါ့ကွယ်။)

တပည့်တဦး။ ။ဘာပြုလို့ ကွယ်လွန် သွားရပါသလဲ ဆရာကြီး။

ဆရာ ။ ။ငါ့တပည့်က မေးတတ်သားဘဲ၊ဒီနေရာမှာ မေးရတာ ပင်ပန်းလို့ ကွယ်လွန်ရတယ်လို့လဲ ကျမ်းဂန်တွေက မဆိုကြဘူး၊ ရောဂါ တခုခုကြောင့် ကွယ်လွန်ရတယ်–လို့လဲ မဆိုကြဘူး၊ သူ့ကုသိုလ်ကံ

အလျောက် ကွယ်လွန်တာ-လို့တော့ အဆိုရှိတယ်၊ ပီးတော့ အလောင်းတော်မွေးပီး ခုနစ်ရက်အကြာမှာ ကွယ်လွန် လိမ့်မယ် ဆိုတာ အလောင်းတော်ကိုယ်တိုင် နတ်သား အဖြစ်တုန်းက ကြိုပီးသိခဲ့တယ်-လို့လဲ ဆိုကြတယ်။

အဲသလို မွေးဖွားတော် မူလာတဲ့ အလောင်းတော်ကလေးဟာ ယောကျ်ားမြတ်တို့ရဲ့ လက္ခဏာတွေနဲ့ ပြည့်စုံတာကို တွေ့မြင်ကြရတယ်-တဲ့။

တပည့်တဦး။ ။ယောကျ်ားမြတ်တွေရဲ့ လက္ခဏာတွေ ဆိုတာ ဘယ်လို လက္ခဏာတွေပါလဲ— ဆရာကြီး။

ဆရာ ။ ။ကြီးကျယ်မြင့်မြတ်တဲ့ ယောကျ်ားမြတ်တွေရဲ့လက္ခဏာတွေ-ဆိုတာက ခန္ဓာကိုယ်အနေအထားဟာ ရှေ့ကိုမကုန်း နောက်ကိုလဲမလန်ဘဲ ဖြောင့်ပီး နေတယ်တဲ့၊ ခြေဖမိုးတို့ လက်ဖမိုးတို့ ပခုံးတို့ လယ်ကုပ်တို့ဟာ ပြည့်ပြည့် ဖြိုးဖြိုး ရှိနေကြတယ်တဲ့၊ သူ့အရပ်နဲ့ သူ့အလံ ညီပီး အချိုးကျကျရှိတယ်တဲ့၊ ပြုံးတော့မဲ့ ပုံလို မေးတော်ကလဲ လှတယ်တဲ့၊ ရှည်ပီး နူးညံ့တဲ့အပြင် ပြန့်ကျယ်တဲ့ လျှာလဲ ရှိတယ်တဲ့၊ ဖွားခါစ နွားကလေးရဲ့ မျက်မွေးလို အင်မတန် နူးညံ့တဲ့ မျက်မွေးရှိတဲ့အပြင် အဲဒီမျက်မွေးရဲ့ အကြားက အင်မတန်ကြည်ပီး ညို့နေတဲ့မျက်လုံးမျိုးလဲ ရှိတယ်တဲ့၊ အရေကလဲ အင်မတန် နူးညံ့တဲ့အပြင် တကယ့်ရွှေစင်လို ဝင်းဝင်း တောက်ပီးနေတယ်တဲ့၊ (အဲဒီမှာလဲတချို့လက္ခဏာတွေဟာ မွေးမွေးချင်း ပေါ်တာမဟုတ်ဘူး၊ ဖြေးဖြေး အချိန်တန်တော့မှ ပေါ်လာကြတယ်ဆိုတာ မင်းတို့သတိပြုကြရမယ်၊ ဥပမာ-သွားတော်လေးဆယ်, စွယ်တော်လေးချောင်း ဆို

တာတို့—သွားညီတယ် သွားစေ့တယ် သွားဖြူတယ်—ဆိုတဲ့ လက္ခဏာတို့ဟာ မွေးမွေးချင်းတော့ ဘယ်ရှိပါ့မလဲ။)

အဲသလို—တို့ဘုရား အလောင်းတော်ကလေး မွေးဖွားတော်မူတဲ့နေ့မှာဘဲ—

(၁) နောက်တော့ အလောင်းတော်ရဲ့ ကြင်ယာတော်ဖြစ်မဲ့ ယသော်ဓရာဆိုတဲ့မင်းသမီးရယ်၊

(၂) အာနန္ဒာဆိုတဲ့ မင်းသားရယ်၊

(၃) ဆန္နအမတ် ဖြစ်မဲ့သူရယ်၊

(၄) ကာဠုဒါယီအမတ် ဖြစ်မဲ့သူရယ်၊

(၅) ကဏ္ဍကမြင်းရယ်၊

(၆) ဦးသိ-ဆိုတဲ့ ဘုရားအဖြစ်ကို ရောက်မဲ့နေရာဖြစ်တဲ့ ဗောဓိပင်ရယ်၊

(၇) ရွှေအိုးကြီးလေးလုံးရယ်—

မွေးဖွား—ဖြစ်ပေါ်ပြီး—လာကြတယ်တဲ့။

တပည့်တဦး။ ။ယသော်ဓရာက ဘယ့်သမီးပါလဲ—ဆရာကြီး။

ဆရာ ။ ။ဒေဝဒဟ (ခေါ်—နတ်ရေကန်) မြို့ကို အုပ်ချုပ်တဲ့ သုပ္ပဗုဒ္ဓဆိုတဲ့ ရာဇာနဲ့ အမိတ္တာဆိုတဲ့ ဒေဝီတို့က မွေးတဲ့ မင်းသမီးတဲ့။

တပည့်တဦး။ ။အာနန္ဒာကကော—ဆရာကြီး။

ဆရာ ။ ။အာနန္ဒာ—ဆိုတာက သုဒ္ဓေါဒနမင်းကြီးရဲ့ညီ အမိတောဒနက မွေးတဲ့သား—ဖြစ်တယ်။

အဲဒီ–အခု ဆရာပြောခဲ့တဲ့ ဖွားဘက်တော် ၇–ပါးကို အာ–ဗော·ကာ–ယံ–င–ရွှေ–ကဏ် လို့ အတိုချုပ်မှတ်သားလေ့ရှိကြတယ်။

(အဲဒီမှာလဲ ဆန္နအမတ်ကို ဆန္နစာလို့ခေါ်မှ မှန်တယ်၊ ကဏ္ဍကမြင်းကိုလဲ ကန္ထကလို့ရေးမှ မှန်တယ်လို့ ဆရာတော်ကြီးများက ဆုံးဖြတ်ကြတယ်)။

အဲသလို – အလောင်းတော် ကလေးကို လုမ္ဗိနီဆိုတဲ့ အင်ကြင်းတောမှာ မွေးဖွားတော်မူပြီးနောက် ဒေဝဒဟမြို့ဆီကို ဆက်ပီး မသွားကြတော့ဘဲ ကပိလဝတ် နေပြည်တော်ကို ပြန်လာကြတယ်။

အလောင်းတော်ကလေး ကပိလဝတ် နေပြည်တော် ရောက်တဲ့နေ့မှာဘဲ သုဒ္ဓေါဒနရာဇာရဲ့ ဆရာ–ရသေ့ကြီး ကာဠဒေဝိလက အလောင်းတော်ကလေးကို ကြည့်ပီးတော့ ရယ်လဲရယ်တယ် ငိုလဲငိုတယ်တဲ့၊ မထူးဆန်းလားကွယ်။

တပည့်များ။ ။ထူးဆန်းပါတယ်။

ဆရာ ။ ။အေး–အဲဒီတော့ နန်းတွင်းသူ နန်းတွင်းသားတွေက ဘာပြုလို့ခုရယ်– ခုငို လုပ်ရပါသလဲ–လို့မေးကြသတဲ့၊ အဲဒီတော့မှ ရသေ့ကြီးက ဒီမင်းသားကလေး စောန်ဘုရားဖြစ်မှာမြင်လို့ ငါရယ်တယ်၊ ဒါပေမယ့် ငါမှီတော့မှာ မဟုတ်ဘဲ တရားနာခွင့် မရတော့မှာကိုမြင်လို့ ငိုပြန်တယ်လို့ ဖြေကြားရှာသတဲ့။

တပည့်တဦး။ ။အဲဒီ– ရသေ့ကြီးက ဗေဒင်ပညာနဲ့ တွက်ပီး ကြိုသိတာလား– ဆရာကြီး။

ဆရာ ။ ။ဘယ်ဟုတ်မလဲ-ကွယ်၊ အဲဒီ-ရသေ့ကြီးက အဘိညာဉ်ငါးပါး, သမာပတ်ရှစ်ပါး ရထားတဲ့ ရသေ့ကြီးတဲ့။

တပည့်တဦး။ ။အဘိညာဉ် ဆိုတာ ဘယ်လို ဟာကို ခေါ်ပါသလဲ-ဆရာကြီး။

ဆရာ ။ ။အဘိညာဉ်ဆိုတာ အောက်ချာန်ထက်ထူးတဲ့ အသိကို ခေါ်တယ် လို့ သာမင်းတို့ အကြမ်းပြင်း မှတ်ထားကြပေါ့ကွာ၊ အဲဒီမှာအောက်ချာန်ဆိုတာလဲ မင်းတို့သိမှာမဟုတ်သေးဘူး၊ မင်းတို့ကြီးတဲ့အခါကျတော့မှ အောက်ချာန်သဘောတွေ အဘိညာဉ်ငါးပါးသဘောတွေ ဘာတွေကို လေ့လာကြပေါ့ ကွာ။

# ၃-စည်းစိမ်ခံစားခဏ်း

## အမည်တော်သိဒ္ဓတ္ထ

အလောင်းတော်ကလေးကို ဖွားပြီးလို့ ငါးရက်ရှိတဲ့အခါမှာ ခမည်းတော် သုဒ္ဓေါဒနရာဇာက ခေါင်းဆေးမင်္ဂလာနဲ့ အမည်ပေးမင်္ဂလာ ပြုလုပ်ဘို့ စီစဉ်တယ် တဲ့။

ဘယ်လိုစီစဉ်သလဲ ဆိုတော့—နန်းတော်လို့ ခေါ်တဲ့ မင်းအိမ်ကို အမွှေးနံ့သာမှုန့် လေးမျိုးနဲ့ ပွတ်လိမ်း ထုံကျံစေသတဲ့၊ အမွှေးနံ့သာမှုန့် လေးမျိုးဆိုတာကဘာတွေလဲ ဆိုယင် တောင်ဇလပ်ရယ်, လေးညှင်းရယ်, ကုင်္ကုမံရယ်, ပန်းညိုရယ် တဲ့၊ အဲဒီအမွှေးနံ့သာတွေကို မင်းတို့စုံလင်အောင် မြင်ဘူးကြမယ် မဟုတ်ပေဘူး၊ အခုလောက်မှတ်ထားကြပေါ့ကွယ်၊ ပြီးတော့—နေဇာမြက်ရယ်, ဆန်ရယ်, မုန်ညှင်းစေ့ရယ်, မုလေးငုံရယ်, ပေါက်ပေါက်ရယ်ဆိုတဲ့ ပန်းမျိုးငါးပါးကို အနှံ့အပြား ကြဲပက်စေတယ် တဲ့။

ပြီးတော့—နေရာထိုင်ခင်း ကောင်းကောင်းတွေ ခင်းပြီးတော့ ဗေဒကျွမ်းတတ် ပုဏ္ဏားပညာရှိ—၁၀၈ ယောက်ကို ပင့်သတဲ့၊ အဲဒီပုဏ္ဏားတွေကိုလဲ နို့ဃနာတွေကို ဆက်ကပ်လှူဒါန်းတယ် တဲ့။

အဲသလို—လှူဒါန်း ကျွေးမွေးပြီးတော့မှ အကြီးအကျယ် ပူဇော်ပြန်သတဲ့။

အဲသလို—ပူဇော်ပြီးတဲ့နောက် အဲဒီ-၁၀၀ ယောက်ထဲက လက်ရွေးစင် ၈-ယောက် ရွေးကောက်ပြီး အလောင်းတော် ကလေးရဲ့ လက္ခဏာများကို ဖတ်စေသတဲ့။

အဲဒီ—လက္ခဏာဖတ်တဲ့ ပုဏ္ဏား ၈—ယောက်ရဲ့ အမည် တွေကတော့ (၁) ရာမ (၂) ဓဇ (၃) လက္ခဏ (၄) ဇောတိမန္တ(၅) ယည (၆) သုဘောဇ(၇) သုယာမ (၈) သုဒတ္တ—တဲ့။

ပဌမ—ပုဏ္ဏားခုနစ်ယောက်က အလောင်းတော်ကလေး ရဲ့ လက္ခဏာတွေကို ကြည့်ပြီး "လူ့ဘောင်မှာ နေယင် စကြာမင်း ဖြစ်လိမ့်မယ်၊ ရဟန်းပြုယင် ဘုရားဖြစ်လိမ့်မယ်" လို့ လက်နှစ်ချောင်းစီ ထောင်ပြီး နှစ်မျိုးဟောကြသတဲ့။

အငယ်ဆုံးဖြစ်တဲ့ သုဒတ္တဆိုတဲ့ ပုဏ္ဏားကလေးကတော့ လူ့ဘောင်မှာ နေဖို့ အကြောင်းမရှိပါဘူး၊ ဧကန် ဘုရား ဖြစ်လိမ့်မယ် လို့ လက်ညှိုးတချောင်းထဲ ထောင်ပြီး တထစ်ချ ဟောလိုက်သတဲ့၊ ပြီးတော့မှ တလောကလုံးရဲ့ အကျိုးကို ပြီးစီးအောင် ဆောင်ရွက် လိမ့်မယ် ဆိုတဲ့ သဘောနဲ့ အလောင်းတော်ကလေးရဲ့ အမည်ကို သိဒ္ဓတ္ထ လို့ မှည့်ကြ သတဲ့။

အဲဒီနေ့ အခမ်းအနားကို တက်သကြတဲ့ ဆွေမျိုးတွေ ကလဲ သိဒ္ဓတ္ထမင်းသားရဲ့ အခြံအရံအဖြစ် သားတယောက်စီ ပေးအပ်ကြဖို့ တာဝန်ယူကြတယ်တဲ့၊

ရှေးကတော့ ဗေဒင်တို့ လက္ခဏာတို့ နိမိတ် တို့ဆိုတာတွေ ကို အင်မတန်ယုံကြတာကသား ကွဲ့၊ သုဒ္ဓေါဒနရာဇာကလဲ

သူ့သားတော်လေး ပုဏ္ဏားဆရာတွေဟောတဲ့အတိုင်း ဘုရားဖြစ်သွားမှာ စိုးတဲ့အတွက် ထိန့်လန့်စရာတွေ တောထွက်ဖို့ အားကျစရာတွေ မှန်သမျှ မမြင် မတွေ့ရအောင် အစောင့်အကြပ်တွေ ထားတယ်တဲ့။

ဘယ်လို ထားသလဲဆိုယင် လူအိုဆိုလို့လဲ မမြင်စေရဘူးတဲ့၊ လူနာဆိုလို့လဲ မမြင်စေရဘူးတဲ့၊ လူသေဆိုလို့လဲ မမြင်စေရဘူးတဲ့၊ ရဟန်းဆိုတာကိုလဲ မမြင်စေရဘူး တဲ့။

## မယ်တော်မာယာနှင့် ပဇာပတိဂေါတမီ

အလောင်းတော်ကလေး ဖွားပြီးလို့ ခုနစ်ရက် ရှိတဲ့ အခါမှာ မယ်တော် မာယာဒေဝီဟာ ကွယ်လွန် သွားရှာတယ်တဲ့။

အဲသလို – ကွယ်လွန်သွားတဲ့အတွက် အလောင်းတော်ကလေးကို မိထွေးတော် မဟာပဇာပတိဂေါတမီက နို့ချိုတိုက်ကျွေးပြီး မွေးမြူ စောင့်ရှောက်ရတယ် တဲ့။

တပည့်တဦး ။ ။အဲဒီ–ဂေါတမီဆိုတာက ဘသူ့ သမီး ပါလဲ–ဆရာကြီး။

ဆရာ ။ ။ငါ့တပည့် မေ့သွားပီထင်တယ်၊ မဟာမာယာရဲ့ ညီမဖြစ်တယ်ဆိုတာ ဆရာ ပြောခဲ့ပြီးသားဘဲ၊မဟာမာယာမရှိတော့ အဲဒီမဟာပဇာပတိဂေါတမီကို သုဒ္ဓေါဒနရာဇာက မိဘုရားကြီး မြှောက်လိုက်ဘယ်တဲ့၊ ဂေါတမီဟာ အလောင်းတော်ကလေး အတွက် ဘခြားနို့ထိန်းတွေ ဘာတွေရှိပေမင့် ကိုယ်တိုင်နို့ချို တိုက်ကျွေးလေ့ရှိသတဲ့။

တပည့်တဦး။ ။ဂေါတမီက အလိုလို နို့ချိုထွက်သလား–ဆရာကြီး။

ဆရာ ။ ။အေး-မင်းမေးမယ်ဆိုလဲ့မေးစရာပေါ့-ကွာ၊ဆရာက ပြောဘို့ ကျန်သွားတယ်။

ဒီလိုကွဲ့–အလောင်းတော်ကို ဖွားတော်မူပြီးလို့ နှစ်ရက်သုံးရက်လောက်မှာ မိထွေးတော် မဟာပဇာပတိဂေါတမီဟာ သားကလေး တယောက် ဖွားတယ်၊ အမည်ကတော့ နန္ဒတဲ့၊ အလောင်းတော်နဲ့ ဖအေတူ-မအေကွဲ ညီအစ်ကိုတော်စပ်တာပေါ့နော်၊မဟာမာယာ ကွယ်လွန်သွားတဲ့အခါ မိထွေးတော်က သူ့သားရင်း နန္ဒ ကိုနို့ထိန်းတွေဆီ အပ်နှံပြုစုခိုင်းပီး အလောင်းတော်ကို ကိုယ်တိုင် နို့ချိုတိုက်ကျွေးလေ့ရှိတယ်တဲ့။

## နန်းပြာသာဒ်သုံးဆောင်

အလောင်းတော် ကလေးဟာ ချမ်းသာခြင်း ကြီးစွာနဲ့ တဖြေးဖြေး ကြီးပြင်းပီး လာသတဲ့၊ ၁၆–နှစ်သားအရွယ်ရောက်လာတဲ့အခါကျတော့ ခမည်းတော် သုဒ္ဓေါဒနရာဇာက သူ့သားတော်အတွက် ပြာသာဒ်ကြီးသုံးဆောင် ဆောက်စေတယ် တဲ့၊ ပြာသာဒ်သုံးဆောင် ဆိုတာက–

(၁) ဆောင်းရာသီမှာ စံနေဘို့ ဘုံကိုးဆင့်ရှိတဲ့ပြာသာဒ်ကို ဆောက်ရသတဲ့၊ပါင်္ဂလို့ ရမ္မ–လို့ခေါ်တယ်။

(၂) မိုးရာသီမှာ စံနေဘို့ ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်ကို ဆောက်ရသတဲ့၊ ပါဠိလို သုဘ–လို့ခေါ်တယ်။

(၃) နွေရာသီမှာ စံနေဘို့ ဘုံငါးဆင့်ရှိတဲ့ ပြာသာဒ်ကို ဆောက်ရသတဲ့၊ ပါဠိလို သုရမ္မ–လို့ခေါ်တယ်။

အဲသလို—ဆောက်ပြီးတဲ့အခါမှာ သားတော်ကလေးကို မင်းမြှောက်မယ်ဆိုပြီး အရွယ်ရောက်တဲ့ သမီးကညာတွေ ဆက်သကြဖို့ သာကီဝင်တွေဆီ သဝဏ်လွှာ ပို့တယ်တဲ့။

အဲဒီတော့— သာကီဝင်တွေက "သိဒ္ဓတ္ထ မင်းသားဟာ *ပညာမရှိ—ရုပ်ကလေးလှရုံ သက်သက်ဘဲ၊ ပညာမတတ်ဘဲ သားမယားကို ဘယ်လိုမှကျွေးမွေးထိန်းသိမ်းနိုင်မယ် မဟုတ်ဘူး၊ ဒါ့ကြောင့် သုဒ္ဓေါဒနရာဇာက တောင်းဆိုတဲ့ အတိုင်း သမီးတော်တွေကို မပေးနိုင်ဘူး" လို့ အကြောင်းပြန်လိုက်ကြသတဲ့။

တပည့်တဦး။ ။ဒီလိုဆို အလောင်းတော် တလေးဟာ သက်သက် အိပ်ပြီးစား စားပြီးအိပ် ပျော်လိုက် ပါးလိုက်နဲ့ အချိန် ကုန်ခဲ့တာဘဲလား—ဆရာကြီး။

ဆရာ ။ ။အေး—အဲသလို ဆိုရာ ရောက်နေတာ ပေါ့၊ ဒါပေမင့် တခြားစာပေမှတ်တမ်း တွေအရဆိုယင် ပညာသင်ခဲ့တယ်—လို့ ယူဆကြရမယ်၊ ဟို— နိုင်ငံခြားက မှတ်တမ်းတွေကို ထားလိုက်ပါအုံး၊ တို့ဗမာ ပြည်က လက်ခံ သုံးစွဲနေတဲ့ မိလိန္ဒပဥှာဆိုတဲ့ ပါဠိတော် တကျမ်း ရှိတယ်၊ အရှင်နာဂသေနဆိုတဲ့ ရဟန္တာဟောတဲ့ ကျမ်းပေါ့ကွာ၊ အဲဒီကျမ်းထဲမှာ သဗ္ဗမိတ္တ ဆိုတဲ့ ပုဏ္ဏားဟာ အလောင်းတော်ကို အတတ်ပညာ သင်ပေးတဲ့ ဆရာ ဖြစ်တယ်—လို့ ဆိုထားတယ်ကွဲ့၊ ဗမာပြည်ကလက်ခံထားတဲ့

---

* ဇာတ်အဋ္ဌကထာနိဒါန်း၌ကား သိဒ္ဓတ္ထ မင်းသား မိဘုရား မောင်းမများနှင့် စံနေသောအခါ အစည်းအဝေး တခုတွင် သာကီဝင်တို့က ပညာမတတ်-ဟူ၍ ကဲ့ရဲ့ကြကြောင်း ပြဆို ပြန်လေသည်။

ဗုဒ္ဓဝင်အများစုရဲ့ အဆိုအတိုင်းကတော့ အဲဒီအခါမှာမှ အလောင်းတော်ကလေးက အတတ်ပညာတွေ ပြတယ်၊ အဲဒီလို ပြတော့မှ ဆွေတော် မျိုးတော်တွေက သံသယကင်းသွားကြတယ်၊ သမီးကညာများကိုလဲ ပို့ကြတယ် တဲ့။

## ယသော်ဓရာ

အဲသလို ပို့ကြတဲ့ မင်းသမီးတွေထဲမှာ **ယသော်ဓရာ** က အကြီးမြင့်ဆုံးဘဲတဲ့၊ ယသော်ဓရာ ( ယသောဓရာ ) ကို **ဘဒ္ဒကစ္စာနာ** လို့လဲခေါ်တယ်၊ ဗိမ္ဗာ လို့လဲခေါ်တယ်။

တပည့်တဦး။ ။ယသော်ဓရာက ဘသူ့ သမီးပါလဲ ဆရာကြီး။

ဆရာ ။ ။ဟို-ဒေဝဒဟမြို့တော်က ရာဇာဖြစ်တဲ့ သုပ္ပဗုဒ္ဓမင်းနဲ့ အမိတ္တာဒေဝီတို့ရဲ့ သမီးတော်အရင်း ဖြစ်ကြောင်းကို ဆရာ ပြောခဲ့ပြီလေ....၊ မယသော်ဓရာရဲ့ မောင်တော်ကိုတော့ ဒေဝဒတ္တ (ဒေဝဒတ်) လို့ ခေါ်တယ်။

ခမည်းတော် သုဒ္ဓေါဒနမှစပြီး ကပိလဝတ်မှာ ရှိကြတဲ့ သာကီဝင်အားလုံးက အစည်းအဝေးကြီး ခေါ်ယူကျင်းပပြီး အလောင်းတော် သိဒ္ဓတ္ထကို အများသဘောတူ မင်းအဖြစ် တင်မြှောက်ကြတယ်တဲ့။

# ၄-တောထွက်တော်မူခန်း

## နိမိတ်ကြီးလေးမျိုး

အလောင်းတော်ဟာ အင်မတန် ကောင်းလှတဲ့ မင်းစည်းစိမ်ကို ခံစား စံစားပြီး နေလာလိုက်တာ ၁၃-နှစ်တောင်ကြာသွားတယ်။

သက်တော် ၂၉-နှစ်အရောက်မှာတော့ နိမိတ်ကြီးလေးခုကို မြင်တွေ့တော်မူတယ် တဲ့၊ နိမိတ်ဆိုတာကိုကော မင်းတို့သိကြရဲ့လား။

တပည့်များ။ ။မသိပါဘူး—ဆရာကြီး။

ဆရာ ။ ။နိမိတ်-ဆိုတာ တခုခုဖြစ်ဖို့လုပ်ဖို့ ခံစားတွေ့ကြုံရဖို့ ကို ရှေးပြေးဖြစ်တဲ့ (ရှေ့ပြေးအနေနဲ့ တွေ့ရမြင်ရကြုံရတဲ့)အကြောင်းမျိုးလို့ သာအကြမ်းပြင်း မှတ်ထားကြ ပေါ့-ကွယ်။ အရပ်ထဲမှာလဲ "နိမိတ်မကောင်းဘူး၊နိမိတ် ကောင်းတယ်" ဆိုပီး အရပ်ထဲမှာ နိမိတ်ကောက်ကြတာတွေ–နိမိတ်ဖတ်ကြတာတွေကို မင်းတို့ တွေ့ဘူးကြမှာပေါ့၊ အဲဒါတွေဟာလဲ ရှေ့ပြေး အရိပ် နိမိတ်အကြောင်းတွေဘဲကွဲ့ နော်....

ခုတင်က စကား ပြန်ပြောရအုံးမယ်၊ အလောင်းတော်ဟာ သက်တော် ၂၉-နှစ် အရောက်မှာ တနေ့တော့ ထုံးစံ

အတိုင်း မင်္ဂလာဥယျာဉ်တော်ကို ရထားနဲ့ ထွက်တော်မူတယ်၊ အဲဒီမှာ ရထားကြီးကလဲ အင်မတန်လှတယ်၊ အဲဒီရထားကြီးကို ဆွဲတဲ့ မြင်းဖြူကြီးတွေကလဲလေးကောင်ရှိသတဲ့၊ အဲဒီမြင်းကြီးတွေဟာ ဟိုသိန္ဓုဆိုတဲ့တိုင်းက ထွက်တဲ့မြင်းမျိုးတွေမို့ အားရှိပြီးလျင်မြန်ကြတယ် တဲ့။

တပည့်တဦး။ ။အလောင်းတော်ကိုယ်တိုင် မောင်းပါသလား–ဆရာကြီး။

ဆရာ ။ ။မဟုတ်ဘူးကွဲ့၊ရထားထိန်းလို့ခေါ်တဲ့ ရထားမောင်းတဲ့သူက မောင်းတာပေါ့။

အဲသလို–ရထားတော်ကိုစီးပြီး နောက်ပါပရိသတ်ကြီးနဲ့ တကွ ခမ်းနားစွာထွက်ပြီးလာကြရာက လမ်းမှာလူအိုကြီးကို ပဌမတွေ့ရတယ်တဲ့။

ဆံပင်တွေကလဲ ဖြူ့၊ သွားတွေကလဲ ကျိုး၊ ခါးကလဲ ကိုင်း၊ အရေအသားတွေကလဲ တွန့်ပိန်ခြောက်ခန်းပြီး တုန်တုန်ချိချိနဲ့ လျှောက်သွားနေတဲ့ လူအိုကြီးကို မြင်ရတော့ "အဲဒါဘာလဲ" လို့ ရထားထိန်းကို မေးသတဲ့။

တပည့်တဦး။ ။အလောင်းတော်က လူအိုကိုတောင် မမြင်ဘူးဘူးလား–ဆရာကြီး။

ဆရာ ။ ။တခါမှ မမြင်ဘူးတဲ့အတွက် လူအိုရယ်လို့တောင် မသိဘူးလို့ ဆိုတယ်၊ အဲဒီတော့မှ "ငါလဲ ဒီလိုဘဲ အိုရအုံးမလား" လို့ မေးသတဲ့။

ရထားထိန်းက "ဘယ်သူမဆို အိုရမှာပါ ဘုရား" လို့ ပြန်ပြီးလျှောက်သတဲ့၊ ဒီတော့ အလောင်းတော်က "ဒီလိုဆိုငါကိုယ်တော်မြတ် ဥယျာဉ်တော်ကိုသွားပြီး ပျော်ပါးလိုတဲ့

စိတ်မရှိတော့ဘူး၊ ပြန်မောင်းစေ” လို့ အမိန့်ပေးတော်မူသတဲ့။

အဲဒီအကြောင်းကို ခမည်းတော်က ကြားတဲ့အတွက် အစောင့်အရှောက်တွေ တိုးပြီး ချထားလိုက်တယ်တဲ့။

အလောင်းတော်ဟာ ကာမဂုဏ်စည်းစိမ်ထဲမှာ တဖြေးဖြေး ပြန်လည်ပျော်မွေ့လာပြီး လေးလကြာတဲ့အခါ ဥယျာဉ်တော်ကစားရအောင်ထွက်ပြန်ပါရော တဲ့၊ အဲ ဒီအခါ လမ်းမှာ လူနာကြီးတဦးကို တွေ့ပြန်ပါရောတဲ့၊ အဲဒီရောဂါသယ်လူနာကြီးဟာ ဆင်းရဲခံစားပြီး နေရရှာတယ်၊ သူများတထူပေးမှ ထနိုင်တယ်၊ သူများက လှဲပြီးသိပ်မှ အိပ်နိုင်တယ်၊ သူ့ရဲ့မစင်တွေထဲမှာ အနံ့အသက် ဆိုးဆိုးတွေကို ရှုရင်းဒုက္ခ ခံနေရရှာတယ်၊ လူအိုတုန်းကလိုဘဲ အလောင်းတော်က မေးပြန်တယ်၊ ရထားထိန်းက ဘယ်သူမဆိုနာမကျန်းဖြစ်ရမယ်ဆိုတာကိုဖြေတယ်၊ အလောင်းတော်ဟာ ထိတ်လန့်တုန်လှုပ်ပြီး ပျော်လိုစိတ် မရှိတော့ဘဲ ပြန်လှည့်လာခဲ့ပြန်တယ်တဲ့၊ အဲဒါကို ခမည်းတော်က ကြားပြန်တော့ ရှေးကထက်အစောင့်တွေ တိုးပြီး ချထားပြန်တယ်၊၊ ။နောက်တဖန်လေးလကြာပြန်တဲ့အခါ ဥယျာဉ်တော်ဆီ ထွက်တော်မူပြန်တယ်၊ လမ်းမှာ လူသေကို တွေ့ပြန်ပါရောတဲ့၊ လူသေကို မမြင်ဘူးရုံ မက လူသေဆိုတဲ့အသံကိုတောင် မကြားဘူးတဲ့အတွက် ရထားထိန်းကို မေးလို့ သိရတဲ့အခါ အင်မတန်ကြောက်လန့်သွားရှာ သတဲ့၊ “ငါလဲ သေရအုံးမှာပါတကား ”လို့ ထိတ်လန့်တဲ့စိတ်တွေ ဝင်ပြီး ဥယျာဉ်ပျော်မြူးလိုတဲ့စိတ်မရှိတော့ဘဲ ပြန်လှည့်လာခဲ့ပြန်ပါရော တဲ့။

နောက်လေးလ– ကြာပြန်တဲ့အခါ အဲသလိုဘဲ ဥယျာဉ်တော်ဆီကို ထွက်အလာ လမ်းမှာ ရဟန်းတော်တပါးကို တွေ့ရပြန်ပါရောတဲ့၊ ရှေးကလိုဘဲ မေးတဲ့အတွက် ရထားထိန်းက ပြန်လျှောက်တာကို ကြားရတဲ့အခါ "အင်း–ငါလဲ ဒီရဟန်းလိုဘဲ အိုခြင်း၊ နာခြင်း၊ သေခြင်းက လွတ်မြောက်ရေးတရားကို ရှာကြံကျင့်ဆောင်မယ်၊ ကနေ့ဘဲ ရဟန်းပြုမယ်" လို့ ဆုံးဖြတ်လိုက်သတဲ့။

[အဲဒီမှာ အဆိုကွဲနေတာလဲ ရှိတယ်တပည့်တို့၊ ဘယ်လိုကွဲနေသလဲဆိုယင် တနေ့ထဲမှာ အဲဒီနိမိတ်လေးမျိုးလုံးကို မြင်တယ်လို့ ဒီဃနိကာယ် ဆောင် ဆရာတွေက ဆိုကြတယ်။]

အလောင်းတော်ဟာ အယင်က နိမိတ်များကိုတွေ့ရသလို နန်းတော်ကိုပြန်လှည့်ပြီး မသွားတော့ဘဲ ဥယျာဉ်ထဲမှာတနေကုန် ပျော်မွေ့တော်မူပြီး မင်္ဂလာ ရေကန်ထဲမှာ ရေသန့်စင်တောနေဝင်ဖျိုးဖျအချိန်ရောက်လာတဲ့အခါမှာမှ နန်းတော်သို့ ပြန်ကြွလာပါသတဲ့။

နန်းတော်ထဲ ပြန်မဲ့ ဆဲဆဲမှာ ယသော်ဓရာ မိဘုရားက သားတော်ကလေးမွေးဖွားတယ်–ဆိုတဲ့ သတင်းကို ခမည်းတော်က အလောင်းတော်ဆီ လျှောက်ဘင်ဘို့ လွှတ်လိုက်သတဲ့၊ အဲဒီသတင်းကြားလိုက်ရတော့ အလောင်းတော်ဟာ ဝမ်းသာအားရ ဖြစ်တော်မမူရှိသာမက "ငါ့ကို ဖမ်းတားမဲ့ ရာဟုအသူရိန်ဘဲ၊ အနှောင်အဖွဲ့ ဖြစ်လာပါပေါ့ ကသား" လို့ ပြောဆိုလိုက်သတဲ့၊ အဲသလို ပြောဆိုတာကို အကြောင်းပြုပြီး ဘိုးတော်က မြေးတော်ကို ရာဟုလာ-လို့ အမည်မှည့်လိုက်ပါတယ်တဲ့။

## ကိသာဂေါတမီ

အလောင်းတော် ရထားစီးပြီး ဥယျာဉ်တော်က နေပြည်တော်ကို ပြန်အလာမှာ ကိသာဂေါတမီ ဆိုတဲ့ သာကီဝင် မင်းသမီးက ပြာသာဒ်ပေါ်ကနေပြီး အလောင်းတော်ကို လှမ်းမျှော် ကြည့်ရှုရင်း—

ဒီလို သားမျိုး မွေးရတဲ့မိခင်ဟာ တယ်လဲစိတ်နှလုံး ငြိမ်းအေးရပေမှာပါတကား—

ဒီလိုသားမျိုး မွေးရတဲ့ ဘခင်ဟာ တယ် လဲစိတ်နှလုံးငြိမ်းအေးရပေမှာပါတကား—

ဒီလို အရှင်သခင် (=သင်ယောကျ်ား) မျိုးရဲ့ အိမ်ရှင်မ ဖြစ်ရတာဟာ တယ်လဲ့ စိတ်နှလုံး ငြိမ်းအေးရပေမှာပါတကား—

လို့ကျူးရင့်သီဆိုလိုက်တယ်တဲ့။

အဲလောင်းတော်က အဲဒီ ကိသာဂေါတမီဆိုတဲ့ (ပိန်မကလေး-ဂေါတမီ)ရဲ့ ကျူးရင့်ချက်ထဲမှာ ငြိမ်းအေး (=နိဗ္ဗုတာ)ဆိုတဲ့ စကားလုံးကလေးကို အင်မတန် သဘောကျမိသတဲ့၊ ပူပင်တဲ့စိတ်အားလုံး ငြိမ်းအေးတဲ့ သဘောနဲ့ဆိုင်တဲ့ စကားကို ပြောလိုက်တာဘဲလို့ သဘောရတော်မူ တယ်တဲ့ "နိဗ္ဗာန်ဆိုတဲ့ အငြိမ်းဓာတ်ကိုရှာဖို့ကာ ရှာဘို့ရာ ငါ့ကို သတိပေးရာရောက်တယ်"လို့ သဘောရတော်မူပြီး တသိန်းတန် ပုလဲလည်ဆွဲကိုချွတ်ပြီး ဂေါတမီဆီပို့ခိုင်းလိုက်သတဲ့၊

ကိသာဂေါတမီကတော့ ငါ့အပေါ် မေတ္တာရောက်လို့ ပို့လိုက်တာဘဲလို့ အထင်တလွဲဖြစ်ပြီး ဝမ်းအသာကြီး သာသွားသတဲ့။

## တပ်မက်ဖွယ်မဟုတ်ပုံတွေ

အလောင်းတော်ဟာ နန်းတော်ပေါ်ရောက်ပြီးတဲ့နောက် သလွန်တော်ပေါ်မှာ လဲလျောင်းတော်မူပြီးနေသတဲ့၊ အဲသလို အလောင်းတော်လဲလျောင်းတော်မူနေတုန်းမှာ ကခြေသည် ကလေးတွေက ထုံးစံအတိုင်း တူရိယာငါးမျိုးအနက် ကိုယ်ဆိုင်ရာ တူရိယာကိုအသီးသီးကိုင်ကြပြီး အလောင်းတော်ကို ဝိုင်းဝန်းလျက် ကကြ တီးကြ သီဆိုကြ သတဲ့၊ အဲသလို ဖျော်ဖြေကြ ပေမင့် အလောင်းတော် ကဖြင့် ခါတိုင်းလို မပျော်တော့ဘူး စိတ်မဝင်စားတော့ဘူးတဲ့၊ စက်ဆုပ်ရွံမုန်းတဲ့ စိတ်သာ ဖြစ်ပေါ်ပြီးတော့ ခဏကလေး အတွင်းမှာ အိပ်ပျော်သွားသတဲ့။

အဲသလို ခဏကလေးအတွင်း အလောင်းတော် အိပ်ပျော်သွားပုံကို တွေ့ရတဲ့ မောင်းမမိဿံ ကခြေသယ်တွေကလဲ ပင်ပန်းခံပြီး ဆိုနေ ကနေလို့ ဘာအကြောင်းထူးအုံးမှာလဲလို့ သဘောရကြပြီးတော့ ကိုယ်ကိုင်စွဲထားတဲ့ တူရိယာတွေကို ကိုင်ရင်း ဖိရင်းအိပ်ကြပါရောတဲ့။

နန်းတော်ထဲ အဆောင်တော်ထဲမှာ ဆိုတော့ ဆီမီးတွေကလဲ ထိန်ထိန်လင်းနေတာပေါ့ကွယ်။

အလောင်းတော်ဟာ အိပ်ပျော်နေရာက နိုးလာပြီး သလွန်ပေါ်မှာဘဲ တင်ပလ္လင်ခွေ ထိုင်ရင်း ကခြေသည် မောင်းမကလေးတွေ အိပ်ပျော်နေကြပုံကို ကြည့်လိုက်တဲ့ အခါ စိက်ပျက်စရာ ရွံစရာတွေကို တွေ့ရပါသတဲ့။

တချို့ကတော့ ပါးစပ်က သရေတွေ တမြားမြား ကျကာ ပါးတွေ ကိုယ်တွေမှာ ပေကျံညစ်ပတ်ပြီး နေတာကို တွေ့ရတယ် တဲ့။

တချို့ကတော့ တကျိုကျိုမြည်အောင် သွားစကြိတ်ရင်း အိပ်ပျော်နေတာကို တွေ့ရတယ်တဲ့။

တချို့ကတော့ တခေါခေါ ဟောက်ရင်း.... တချို့ကတော့ ဟိုဟို ဒီဒီ ယောင်ယမ်းရင်း— တချို့ကတော့ ပါးစပ်ကြီး အဟောင်းသားနဲ့.... တချို့ကတော့ ဗလာကျင်းပြီး....တချို့ကတော့ ဆံပင်တွေ ဖရိုဖရဲပြေကျရင်း.... အိပ်နေကြပုံတွေကို တွေ့ရသတဲ့။

အလောင်းတော်ဟာ ကာမတရားတွေပေါ်မှာ တပ်မက်တဲ့စိတ်တွေကင်းသထက် ထင်းလာမိသတဲ့၊ "ကာမတရားတွေဟာ ငါ့ကို နှိပ်စက်လှပါ တကား၊ ညှဉ်းပန်းလှပါကလား" လို့ ညည်းတွားမိသတဲ့၊ တောထွက်မီး ရဟန်းပြုလိုတဲ့စိတ်တွေ အင်မတန် ပြင်းထန်လာသတဲ့။

## တောထွက်တော်မူခြင်း

"ကဲ-ကြာကြာနေလို့မဖြစ်ဘူး၊ ကနေ့ဘဲ ငါတောထွက်တော့မယ်"လို့ ပိုင်းဖြတ်လိုက်ပြီးတော့ အိပ်စက်ရာ သလွန်တော်ကနေပြီး တံခါးရဲ့အနီးဆီကို အသာကလေး ထသွားကာ "ဟဲ့—ဒီမှာ ဘသူလဲ" လို့ မေးတော်မူလိုက်သတဲ့။

အဲဒီ့တော့ တံခါးခုံမှာ ခေါင်းအုံးပြီး အိပ်နေတဲ့ ဆန္နအမတ်က "ကျွန်တော်မျိုး ဆန္နပါအရှင်" လို့ ပြန်လျှောက်သတဲ့၊

အလောင်းတော်က "ကနေ့—ငါကိုယ်တော်မြတ် တောထွက်တော်မူလိုတယ်၊ ဘယ်သူကိုမှ မသိစေဘဲ သိန္ဓောမြင်းကဏ္ဍကကို အသင့်ပြင်လိုက်စမ်း" လို့ ခိုင်းလိုက်သဘဲ့။

ဆန္နအမတ်ကလဲ အမိန့်တော်အတိုင်း မြင်းဇောင်းကို သွားပြီးကဏ္ဍကမြင်းတော်ကို ဧကြိုးတန်ဆာတွေဆင်သတဲ့။

အဲသလို ဆန္နအမတ်က မြင်းဇောင်းဆီ သွားနေတုန်း မှာ "တောမထွက်ခင် သားတော်ကလေးကို ရှုစားတော် မူအုံးမယ်" ဆိုတဲ့ ဆန္ဒပေါ်လာပြီး ယသော်ဓရာ စက်တော် ခေါ်တဲ့ ခန်းဆောင်ဆီ သွားသတဲ့၊ ခန်းဆောင်တံခါးကို ဖွင့်လိုက်ပြီးတော့ တံခါးခုံမှာ ခြေတော် ရပ်တည်ရင်း အသာကလေး ကြည့်လိုက်တဲ့အခါ နံ့သာဆီမီးတွေ လင်း နေတဲ့ ခန်းဆောင်ထဲမှာ သားတော်ကလေးရဲ့ ခေါင်း ပေါ်မှာ လက်ကလေးကို ထားရင်း အိပ်ပျော်နေတဲ့ မယ်ယသော်ကို တွေ့ရသတဲ့။

အဲဒီအခါမှာ သားတော်ကလေးကိုပွေ့ချီ ကြည့်ရှုလိုတဲ့ စိတ်တော့ အပေါ်သားဘဲတဲ့၊ ဒါပေမင့် မယ်ယသော်ရဲ့ လက်ကို ဖယ်ပြီး ယူရမှာမို့ နိုးသွားယင် တောထွက်ဖြစ်မှာ မဟုတ်တော့ဘူးဆိုပြီး မပွေ့မချီတော့ဘူးတဲ့။ "အမှန်တရား ကို သိတဲ့ ဦးသိ ဖြစ်ပြီးမှ ကြည့်ပါတော့မယ်လေ" လို့ စိတ်ကို ပိုင်းဖြတ်ပြီး ချာကနဲလှည့်ကာ နန်းတော်ပေါ်က ဆင်းလာပါသတဲ့။

ပြီတော့မှ ကဏ္ဍက မြင်းတော်ပေါ်ကို တက်စီးပြီး ဆန္န အမတ်ကိုတော့ မြင်းမီးကို ဆွဲကိုင်ရင်း လိုက်ပါစေပြီး နန်း တော်က ထွက်ခွာတော်မူတယ်တဲ့၊ အဲသလိုထွက်တဲ့ ခု နှစ် ရက် နေ့ရယ် အချိန်ဗယ်ကတော့ မဟာသကရာဇ် ၉၇- ခု၊ ဝါဆိုလပြည့် တန်ဂင်းလာနေ့ ညဉ့် သန်းခေါင်အချိန်လို့ ဆိုတယ်။

မြို့တံခါးကို ထွက်မိတဲ့အခါကျတော့ ကပိလဝတ်နေပြည်တော်ကို ပြန်ပြီး ကြည့်လိုတဲ့စိတ်ကလေး ဖြစ်ပေါ်လာတယ်တဲ့၊ ဒါကြောင့် အသာကလေး တန့်ရပ် ကြည့်ရှုတော်မူပြီးတော့ ထွက်ခွာမြဲထွက်ခွာလာခဲ့သတဲ့။

အဲသလို—ထွက်ခွာလာခဲ့တာဟာ တညဥ့်ထဲမှာ ကပိလဝတ်ရယ် ဒေဝဒဟရယ် ကောလိယရယ် ဆိုတဲ့ ပြည်သုံးပြည်ကို ကျော်လွန်ခဲ့ပြီး **အနော်မာ** ခေါ်တဲ့ မြစ်ကမ်းကို ရောက်သွားသတဲ့။

[အဲဒီ အနော်မာမြစ်ဆိုတာ ကပိလဝတ် နေပြည်တော်ကနေပြီး တိုင်းတာ လိုက်ယင် အရှေ့ဘက် မိုင်လေးဆယ်အကွာလောက်မှာရှိတယ်၊ အခုတော့ အဲဒီမြစ်ကို အောက်မီလို့ ကုလားတွေက ခေါ်ကြတယ်၊ ဂ္ဂန္ဒိယမြေပုံထဲမှာကြည့်ယင် ဗဆိတီ ဆိုတဲ့ ခရိုင်ကို မင်းတို့ တွေ့နိုင်တယ်၊ အဲဒီ-ဗဆ်တီ ခရိုင်ထဲမှာ ကျန်ဒေါက်လီ ခေါ်တဲ့ ရွာကလေး တရွာရှိတယ်၊ အဲဒီရွာနားမှာ အဲဒီမြစ်ရှိတယ်။]

## ရဟန်းပြုခြင်း

ကိုင်း ရှေ့ဆက်ကြအုံးစို့ ၊ အဲဒီ-အနော်မာမြစ်ကို မြင်းစီးရင်း ကူးတော်မူပြီးတဲ့နောက် တဖက်ကမ်းဖြစ်တဲ့ သဲသောင်ပေါ်ရောက်တဲ့အခါမှာ မြင်းပေါ်ကဆင်းလိုက်သတဲ့၊ ဝတ်ထားတဲ့ အဆင်တန်ဆာတွေကို မတ်တတ်ရပ်ရင်း ဆန္နအမတ်ကိုအပ်ပြီး "ဒီတန်ဆာတွေနဲ့ ဒီမြင်းကိုယူပြီး ပြန်ပေတော့၊ ငါကတော့ ရဟန်းလုပ်တော့မယ်" လို့ မိန့်တော်မူလိုက်သတဲ့။

ဒီတော့ကာ ဆန္နအမတ်က "ကျွန်တော်မျိုးလဲ ရဟန်းပြုပါရစေ"လို့ လျှောက်သတဲ့။

ဒီလိုလျှောက်ပေမင့်"ခွင့်မပေးနိုင်ဘူး ပြန်သာပြန်ရမယ်" လို့ သုံးကြိမ်တောင်မှမိန့်တော်မူလိုက်သတဲ့၊ အတော်ပြတ်တဲ့ စိတ်ပေါ့ကွယ်။

အဲသလိုမိန့်တော်မူပြီးတော့ အလောင်းတော်ဟာ ဆံပင်ကို လက်နှစ်သစ်လောက်သာချန်ထားကာ သန်လျက်နဲ့ပိုင်းဖြတ်လိုက်သတဲ့၊ကာသိတိုင်းက ယက်လုပ်တဲ့ အဝတ်တော်ကို ချွတ်ပြီးတော့ သင်္ကန်းတော်ကို ဝတ်တော်မူ လိုက်တယ်တဲ့၊ ရဟန်းအသုံးအဆောင် ၈—မျိုး*လုံးပြည့်စုံအောင် ဆောင်တော်မူတယ်တဲ့။

ပြီးတော့မှ ဆန္နအမတ်ကို ဝတ်တဲ့တန်ဆာနဲ့ မြင်းတော်ကို ယူပြီးပြန်ခိုင်းသတဲ့၊ခမည်းတော်နဲ့ မိထွေးတော်များကို ကျန်းကျန်းမာမာ ရှိကြောင်းလဲ လျှောက်တင်လိုက်ပါ-လို့ မှာလိုက်သတဲ့၊ ဆန္နအမတ်လဲ မငြင်းဆန်ဝံ့တော့ဘဲ ပြန်ရရှာတော့တာပေါ့ကွယ်။

ဆန္နအမတ်ပြန်လှဲ့လို့မျက်စိ တမြင်လောက် အရောက်မှာ ကဏ္ဍကမြင်းတော် သေရှာတဲ့အတွက် ဆန္နအမတ်ဟာ အလောင်းတော်နဲ့လဲ ခွဲခွဲရ ကဏ္ဍကမြင်းကလဲသေ သောကနှစ်ထွေ နှိပ်စက်လို့ငိုကြွေးရင်း နေပြည်တော်ကို ပြန်လာခဲ့ရရှာတယ်။

---

* နှစ်ထပ်သင်္ကန်းကြီး, အပေါ်ရုံ သင်္ကန်း (ကောဇော-ဟုလည်းခေါ်သည်) ခါးဝတ်သင်းပိုင်, ခါးပန်းကြိုး, အပ်နှင့်အပ်ချည်,ပဲကွပ်=Adg of Adge, သပိတ်,ရေစစ်ဟူ၍ ပရိက္ခရာခေါ် ရဟန်းအသုံးအဆောင် ၈-မျိုးရှိသည်။

# ၅-ရာဇဂြိုဟ်သို့

## အနုပိယသရက်တောတွင်

အလောင်းတော်ဟာ အဲသလို ရဟန်းပြုပြီးတဲ့ နောက် အနီးအပါးမှာရှိတဲ့အနုပိယ လို့ခေါ်တဲ့သရက်ဥယျာဉ်ထဲမှာ ခုနစ်ရက် နေတော်မူတယ်တဲ့၊အဲဒီ–အနုပိယဆိုတဲ့ သရက် တောအုပ်ဟာ အဲဒီအခါမှာ မလ္လာတိုင်းနိုင်ငံက မလ္လာမင်း တွေပိုင်တဲ့ တောအုပ်ဖြစ်တယ်ဆိုတာကိုလဲ မင်းတို့ မှတ်ထား ကြအုံးကွဲ့–နော်။

အဲဒီအနုပိယ ခေါ် သရက်တောအုပ်ထဲမှာ ခုနစ်ရက် သီတင်းသုံးတော်မူပြီးတဲ့ နောက် (ယူဇနာသုံးဆယ်ဝေးတဲ့) မဂဓတိုင်းနိုင်ငံ ရာဇဂြိုဟ်မြို့တော်ကို တနေ့ထဲနဲ့ အရောက် ခြေကျင် ကြွတော်မူတယ်တဲ့။

တပည့်တဦး။ ။ယူဇနာ ဆိုတာ ဘယ်လောက်ရှိတဲ့ အတိုင်းအတာ မျိုးကို ခေါ်ပါ သလဲ ဆရာကြီး။

ဆရာ ။ ။တယူဇနာမှာ ဘယ်နှစ်မိုင် ရှိတယ် ဆိုတာနဲ့စပ်လျဉ်းပြီး ယူဆပုံတွေ ကွဲနေ ကြတယ်၊ ဒါပေမင့် တယူဇနာဆိုတာ ခြောက်မိုင်လောက် ရှိတယ်လို့သာ အကြမ်းပြင်း မှတ်ထားကြပေါ့ ကွာ။

အလောင်းတော်ဟာ အဲသလို-ရာဇဂြိုဟ် မြို့တော်ကို ကြွလာတော်မူပြီး မြို့တံခါးနားကို ရောက်တဲ့အခါ "အင်း-ငါ ရောက်လာတာကိုဗိမ္ဗိသာရမင်းသိအကြောင်းကြားလိုက်ယင် လူ့စရာတန်းစရာတွေများစွာယူလာကြမှာ ကေန်ဘဲ၊ ရဟန်း ဆိုတာ ပစ္စည်းဥစ္စာတွေ အများအပြားရအောင်လုပ်နေလို့ မသင့် တော်ဘူး၊ ဒါကြောင့် ရာဇဂြိုဟ် မြို့ထဲကို ဆွမ်းခံ ဝင်မယ်"လို့ နှလုံးသွင်းတော်မူပြီးတော့ မြို့တော်ရဲ့ အရှေ့ဖက် တံခါးကနေ ဝင်တော်မူတယ် တဲ့။

တပည့်တဦး။ ။ ရာဇဂြိုဟ် ရဲ့ မင်း ဗိမ္ဗိ သာရနဲ့ အလောင်း တော်နဲ့ အယင် တုန်းက သိထားနှင့်ပါသလား-ဆရာကြီး။

ဆရာ ။ ။အေး—ဟိုအယင် ကထဲက သိနေကြ တယ်၊ ဒါပေမင့် အလောင်းတော်ကလဲ ရာဇဂြိုဟ်ကို မရောက်ဘူး—ဘူး၊ ဗိမ္ဗိသာရကလဲ ကပိလဝတ်ကို မရောက်ဘူး—ဘူး၊ သူတို့နှစ်ဦးဟာ တဦးနဲ့ တဦးမမြင်ဘူးကြ သော်လဲ အဆက်အသွယ်ပြုလုပ်ပီးနေခဲ့ကြတယ် တဲ့၊ မမြင် ဘူး သေးတဲ့ မိတ်ဆွေသဘောမျိုး ဖြစ်နေခဲ့ကြတယ် တဲ့၊ ပီးတော့— ဗိမ္ဗိသာရက အလောင်းတော်ထက် ငါးနှစ် ငယ်တယ်တဲ့။

အဲဒါနဲ့ — အလောင်း တော်ဟာ အယုတ်, အလတ်, အမြတ်မရွေး အိမ်စဉ်လှည့်ပီး ဆွမ်းခံတယ်တဲ့၊ အဲဒီအခါမှာ ရုပ်အဆင်းကလဲ အင်မတန် အင်မတန်လှ ကြွနေသိက္ခာနဲ့လဲ အင်မတန်ပြည့်စုံတဲ့အတွက် အထူးအဆန်းဖြစ်ပီး တမြို့လုံး လှုပ်လှုပ်ရှားရှား ဖြစ်နေကြတယ်တဲ့။

အဲဒါကြောင့် မင်းမှူးထမ်းများက ဗိမ္ဗိသာရ ဘုရင်ထံ ဝင်ပြီးတော့ "အို–မဟာရာဇ၊ ထူးခြားတဲ့ ပုဂ္ဂိုလ်တဦး မြို့တော်ထဲမှာ အစာ–တောင်းရမ်းလာပါတယ်၊ ဘယ်လို ပုဂ္ဂိုလ်ရယ်လို့ မခွဲခြားနိုင်ပါဘုရား" လို့– သံတော်ဦး တင်ကြတယ်တဲ့။

ဗိမ္ဗိသာရဘုရင်ကလဲ– အဲသလိုလျှောက်တဲ့ အချိန်မှာဘဲ လေသာနန်းပြတင်းကို ဖွင့်ပြီး လူထုကို ရှုကြည့်နေတဲ့ အခိုက် နဲ့ ကြုံနေတဲ့အတွက် အလောင်းတော်ရှိရာဆီကို နန်းတော် ပေါ်ကနေ လှမ်းပြီးကြည့်ရှုလိုက်မိတယ်တဲ့၊ "အံ့ဖွယ်ဆရဲ ထူးကဲတဲ့ပုဂ္ဂိုလ်ဘဲ" လို့လဲ သဘောရတော်မူတဲ့ အတွက် စုံစမ်းထောက်လှမ်းရေးလုပ်ဘို့ မင်းမှူးထမ်းတွေကို စေလွှတ် လိုက်တယ်တဲ့။

အလောင်းတော်ကလဲ ဆွမ်းခံနေရာက ဝလောက်အောင် အစာရတဲ့အခါမှာ ဝင်လာတဲ့ မြို့တော်တံခါးကဘဲ မြို့ပြင် ကို ပြန်ထွက်ပြီး ပဏ္ဍဝ ဆိုတဲ့ တောင်ရိပ် (တောင်ဝှမ်း) ဆီ ကြွလာသတဲ့၊အဲဒီတောင်ရိပ်မှာ ထိုင်ပြီး–အာဟာရဘုန်းပေး မယ်လို့ ကြည့်လိုက်တဲ့အခါ အင်မတန် အန်ချင်တဲ့စိတ် တွေ ဖြစ်လာအောင်ရှုံ့မိတယ်တဲ့၊ အိမ်ပေါင်းစုံက လှူလိုက်တဲ့ ဟာတွေဆိုတော့ ထမင်းလဲပါတယ်၊ ပဲလဲပါတယ်၊ ပြောင်းလဲ ပါတယ်၊လူးလဲပါတယ်၊ အရောင်အဆင်းတွေကလဲ ဖြူတာက ဖြူ နီတာကနီ–ပေါ့ကွယ်၊ အရောရောအနှောနှောဆိုတော့– အန်ချင်စေပမှာပေါ့၊ ဒါပေမင့် မိမိကိုယ်ကို မိမိ ဆုံးမပြီး အရွံ့အရှာမရှိတော့ဘဲ သုံးဆောင်တော်မူတယ်တဲ့။

မင်းမှူးထမ်းတွေက အဲဒီလို ပြုမူနေထိုင်ပုံ အားလုံးကို ကြည့်ရှု မှတ်သားပြီးတော့ ဗိမ္ဗိသာရဘုရင်ကို ပြန်လည် လျှောက်တင်ကြသတဲ့။

**ဗိမ္ဗိသာရမင်း အလောင်းတော်ထံ သွားတွေ့ခြင်း**

ဗိမ္ဗိသာရမင်းဟာ အလောင်းတော်ရှိရာဆီကို လိုက်လာ ပြီးတော့—နှုတ်ခွန်း ဆက်သတော်မူတယ်တဲ့၊ "အရည်အသွေး အလုံးအရပ်ကလဲ ကောင်းမြတ် တင့်တယ်လှပါ ပေတယ်၊ အယွယ်ကလဲ ငယ်ပါသေးတယ်၊ တော မထွက်ပါနဲ့အုံး၊ စည်းစိမ် တဝက် ပေးပါမယ်"—လို့လဲ လျှောက်တယ်တဲ့၊ ပုံကိုကြည့်တာနဲ့ အုပ်စိုးတဲ့ လူတန်းစား ဆိုတာ အကဲ ခတ်မိဟန်တူတယ်၊ ဒါ့ကြောင့်သာ အမျိုးအနွယ်တို့နေရာ ဒေသတို့ကို မမေးမီ–စည်းစိမ်တဝက် လှူပါမယ်၊တောမထွက် ပါနဲ့–လို့ ပြောတာဖြစ်ပါလိမ့်မယ်၊ အဲသလို ပြောပြီး တော့မှ "ဘယ်အမျိုး ဘယ်အနွယ်ကဆိုတာကိုလဲ မိန့်တော် မူပါ" လို့ လျှောက်တယ်တဲ့။

အဲဒီတော့မှ အလောင်းတော်က "မဟာရာဇ၊ကျုပ်ဟာ ကောသလမင်း အဆက်ဆက် ပိုင်စိုးခဲ့တဲ့ ဟိမဝန္တာတောင် ကြီးရဲ့ နံဘေးတဲ့တဲ့မှာ ရှိတဲ့ ဇနပုဒ်က လာခဲ့သူဖြစ်ပါတယ်၊ အင်အားတွေ့လုံ့လတွေ ဥစ္စာရတနာတွေနဲ့ ပြည့်စုံခဲ့ပါ တယ်၊ ကျုပ်ရဲ့ အနွယ်ကတော့ နေမျိုးနွယ်—ပါ၊ ကျုပ်ရဲ့ အမျိုးဇာတ်ကတော့ သကျ(သာကီယ)—ပါ၊ "ကာမဂုဏ် အာရုံတွေက ထွက်မြောက်တာဟာ ဘေးမရှိဘူး" လို့ သဘောရပြီးတော့ လောကကြီးတခုလုံးရဲ့ ကောင်းကျိုး

အတွက် ဦးသိ (ဆိုတဲ့ဗုဒ္ဓ) အဖြစ်ရောက်အောင် ကျင့်မယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရဟန်းပြုခဲ့တာပါဘဲ” လို့ ဖြေတော်မူသတဲ့။

ဗိမ္ဗိသာရ–မဟာရာဇာကလဲ အမျိုးမျိုးတောင်းပန်လို့ မရတဲ့အဆုံးမှာ “သုဒ္ဓေါဒနရဲ့သားတော် သိဒ္ဓတ္ထဟာ-ဘုရား (ဦးသိ)အဖြစ် ဆိုက်ရောက်လိမ့်မယ်လို့ အဆင့်ဆင့်ပြောတာ တွေကိုတော့ ကြားနေခဲ့ရပါတယ်၊ ကေန်လဲ ဖြစ်ပါလိမ့်မယ်၊ ဦးသိ (ဆိုတဲ့ဘုရား) အဖြစ် ရောက်တဲ့အခါမှာ ကျွန်ုပ်ရဲ့ နိုင်ငံတော်ကို ဦးစွာ ကြွရောက်ဘိုကိုတော့ ကတိပြုစေချင် ပါတယ်” လို့ လျှောက်သတဲ့၊ အလောင်း တော်ကလဲ “ကောင်းပါပြီ”လို့ ဝန်ခံတော်မူလိုက်ပြီးတော့ ခွဲခွာလိုက်ကြ ပါတယ်တဲ့။

# ၆–အာဠာရနှင့်ဥဒကထံသို့

အလောင်းတော်ဟာ အမှန်တရားကို သိရေးအတွက် ရှာဖွေရအောင် အဲဒီ ရာဇဂြိုဟ်မြို့တော်က နေ ကြွလာခဲ့ပြီး တော့ တောအုပ်တခုမှာ တပည့်များနဲ့ နေထိုင်တဲ့ အာဠာရ ဆိုတဲ့ ဂိုဏ်းဆရာကြီးဆီ ရောက်သွားသတဲ့၊ အလောင်း တော်ဟာ အဲဒီဆရာကြီးရဲ့ ကျင့်နည်းကို ခဏကလေး သင်ကြားရုံနဲ့ တတ်မြောက်သိမြင်သွားတယ်တဲ့၊ ကသိုဏ်း ပရိကံ တွေကို လက်တွေ့ ကျင့်သုံးပြန်တော့လဲ နှစ်ရက် သုံးရက်ထဲနဲ့ လောကီ ဈာန်သမာပတ် ခုနစ်မျိုး ကို ရပါ သတဲ့။

တပည့်တဦး။ ။ကသိုဏ်း ပရိကံဆိုတာ ဘာကိုဆိုလိုပါ သလဲ–ဆရာကြီး။

နောက်တဦး။ ။ဈာန်သမာပတ် ခုနစ်မျိုး ဆိုတာ ကကော ဘယ်ဟာတွေပါလဲ-ဆရာကြီး။

ဆရာ ။ ။အဲဒါတွေကို မင်းတို့ နားလည်အောင် ပြောနေရယင် အရှည်ကြီး ဖြစ်နေတော့ မှာဘဲ၊ ပြီးတော့–တကယ် ထိရောက်အောင် နားလည် မှာလဲ မဟုတ်ဘူး၊ အဲဒီတော့ ကြီးမှဘဲ သင်ကြ မေးကြ ပေါ့ကွယ်။

အာဠာရဆရာကြီးကလဲ အလောင်းတော်ကို အင်မတန် အံ့ဩချီးမွမ်းသတဲ့၊ သူ့ရဲ့ တပည့်ဂိုဏ်းပရိသတ်ကို တဝက် ခွဲဝေအပ်နှင်းပြီးတော့ အမြတ်တနိုး ပူဇော်တယ်ဆိုကိုး၊ ဒါပေမဲ့ အလောင်းတော်က ကြာရှည် လက်မခံဘူး-တဲ့၊ "အခုရတဲ့ ဈာန်သမာပတ် ၇-မျိုးဟာ ဆင်းရဲခပ်သိမ်း ကင်း ငြိမ်း လွတ်မြောက်ရေး မဟုတ်သေးဘူး၊ ပဋိသန္ဓေအနေနဲ့ ဖြစ်ရတဲ့ဘေး, အိုရတဲ့ဘေး, နာရတဲ့ဘေး, သေရတဲ့ဘေး တွေက လုံးဝ လွတ်မြောက်တဲ့ တရားမျိုး မဟုတ်သေးဘူး" လို့ သဘောရတော်မူသတဲ့၊ဒါကြောင့် အာဠာရ ဆရာကြီး ဆီက ထွက်ခွာလာခဲ့သတဲ့။

အဲသလို-အာဠာရ ဆရာကြီးဆီက ထွက်လာခဲ့ပြီး နောက် ရာမဆိုတဲ့ဆရာကြီးရဲ့သား ဥဒက ဆိုတဲ့ ဂိုဏ်းဆရာကြီးဆီ ရောက်ပြန်ပါရောတဲ့။

အဲဒီဆရာကြီးဆီမှာ အာဠာရဆရာကြီးဆီက သင်ကြား တတ်မြောက်ခဲ့တဲ့ ဈာန်သမာပတ် ခုနစ်မျိုးထက် မြင့်တဲ့ ဈာန်သမာပတ် တမျိုးကို ခဏကလေးနဲ့ သင်ကြားတတ် မြောက်ပြန်တယ် တဲ့၊ဒါပေမင့် အဲဒီဈာန်သမာပတ်ကို ဥဒက ဆရာကြီးကိုယ်တိုင် ရထားနှင့်တာမဟုတ်ဘူး တဲ့၊ သူ့ဖခင် ရာမဆိုတဲ့ ဆရာကြီးဆီကသင်ကြားတတ်မြောက်ခဲ့ပုံ အတိုင်း အလောင်းတော်ကို ပြန်-သင်ပေးတာတဲ့၊ အဲဒီ ဈာန်မျိုးကို ရအောင် ဥဒက က နည်းသာသိတယ်၊ကိုယ်တိုင်ရတာမဟုတ် ဘူး-လို့ဆိုလိုတယ်၊ အလောင်းတော်ကတော့ အဲဒီဈာန်ကို နှစ်ရက်သုံးရက်အတွင်းမှာ ကိုယ်တိုင် ရပြန်တယ်တဲ့၊ ဥဒက ဂိုဏ်း ဆရာကြီးကလဲ သူ့ဂိုဏ်းတခုလုံး အလောင်းတော် ကိုအပ်တဲ့အပြင် ဆရာအဖြစ် တင်မြှောက် ပူဇော်ရှာသတဲ့။

ဒါပေမင့် အလောင်းတော်ရဲ့ စိတ်ထဲမှာ "ငါရခဲ့တဲ့ ဈာန် သမာပတ် ၈-မျိုးလုံးဟာ ဆင်းရဲအားလုံးက အပြစ်ပြတ် ကင်းလွတ်နိုင်တဲ့ တရားမျိုးတွေမဟုတ်သေးဘူး" လို့ သဘော ရတော်မူတယ် တဲ့၊ ဒါကြောင့် "ဆင်းရဲအားလုံး ကုန်ဆုံး ချုပ်ငြိမ်းရာဖြစ်တဲ့ အမှန်တရားကို ရအောင် ရှာမယ်" ဆိုပြီး ဥဒကဆရာကြီးဆီကလဲ ခွဲခွာတော် မူခဲ့ပြန်ပါရော တဲ့။

# ၇-ဒုက္ခရစရိယာ

## ဥရုဝေလတော

အဲသလို-ဥဒကဆရာကြီးဆီက ထွက်ခွာတော် မူခဲ့ပြီးတဲ့ နောက် မဂဓတိုင်း နိုင်ငံအတွင်းမှာ ခရီးစဉ်အတိုင်းကြွလာခဲ့ရာက သေနာနီ * လို့ခေါ်တဲ့ နိဂုံးဆီကိုရောက်လာသတဲ့။

တစည့်တဦး။ ။နိဂုံးဆိုတာက ဘာကို ဆိုလို ပါသလဲ ဆရာကြီး။

ဆရာ ။ ။ရွာအကြီးစား၊ ဒါမှမဟုတ် မြို့အသေးစားကလေးကို နိဂုံး ခေါ်တယ်လို့သာ အကြမ်းပြင်း မှတ်ထားကြပေါ့-ကွယ်။

အဲဒီ သေနာနီ-နိဂုံးရဲ့အနားမှာ ဥရုဝေလ လို့ ခေါ်တဲ့ တောအုပ်ရှိတယ်တဲ့၊ ဗမာလိုတော့ သဲစုကြီးအရပ် သဲပြင်ကြီး အရပ် လို့ ခေါ်ရမှာပေါ့၊ တနည်းကတော့—ဥသျှစ်သီး ဒေသ-ဥသျှစ်သီးတော လို့ ခေါ်ရမှာပေါ့။

အဲဒီ တောအုပ်ဟာ သူတော်ကောင်းတွေ ပျော်မွေ့စရာကောင်းတဲ့ မြေအနေအထားမျိုးလဲ ရှိတယ် တဲ့၊ စိတ်ကြည်နူးစရာကောင်းတဲ့ တောအုပ်လဲရှိတယ် တဲ့၊ တသွင်သွင် စီးနေ

---

* စာမူများစွာတို့၌ သေန ဟူ၍ရင်း, သေနာ ဟူ၍ရင်း ရှိကြသည်။

တဲ့ အေးမြကြည်လင်တဲ့ ရေရှိတဲ့နေရဥရာ လို့ခေါ်တဲ့ မြစ်လဲ ရှိတယ်တဲ့၊ ဗမာစလိုတော့ရေညီမြစ်—လို့ခေါ်ရမှာပေါ့ ကွယ်၊ တနည်း-အပြစ်မရှိတဲ့ရေရှိတဲ့မြစ်လို့လဲ ဆိုလိုတယ်တဲ့။

အဲဒီမြစ်ဟာ ရွှံတွေ ညွန်တွေ ဗွက်တွေ မရှိတဲ့အပြင် ဆင်းဘို့ တက်ဘို့ လွယ်ကူတဲ့ ဆိပ်ကမ်းလဲရှိတယ်တဲ့၊ ရေကလဲ သန့်ရှင်း ကြည်လင်ပြီး တသွင်သွင် စီးဆင်းနေတယ်တဲ့၊ ငါး လိပ်တွေ မြူးတူးပျော်ရွှင်နေတာကိုလဲ အတိုင်းသား တွေ့ရ တယ် တဲ့၊ ငွေပြားကိုခင်းထားသလို လှပတဲ့ သဲသောင်ပြင်လဲ ရှိတယ်တဲ့၊ တောနေရဟန်းများအတွက် ဆွမ်းခံစရာ ရွာ ငယ်ကလေးများကလဲ အဲဒီတဝိုက်မှာ ရှိနေကြတယ် တဲ့။

အလောင်းတော်ရဲ့ စိတ်ထဲမှာ "ဒီတောအုပ်ဟာ တရား အားထုတ်ဘို့ ကောင်းတဲ့နေရာဘဲ" လို့ သဘောရတော်မူတဲ့ အတွက် ထင်းခြောက်တွေသစ်ရွက်ကလေးတွေနဲ့ ကျောင်း ကလေးဆောက်ပြီး (၁) အသားအသွေးတွေ ခန်းခြောက်ပြီး (၂) အရေလောက် (၃) အကြောလောက် (၄) အရိုး လောက်သာ ကျန်ချင်ကျန်ပေစေဆိုတဲ့ စိတ်ဇွဲမျိုးနဲ့ တရား အားထုတ်တော်မူပါတယ် တဲ့။

## အလုပ်အကျွေးပဥ္စဝဂ္ဂီ

အလောင်းတော် ဖွားမြင်စ အခါတုန်းက လက္ခဏာဖတ် ကြတဲ့ ပုဏ္ဏား ၈-ယောက်အကြောင်း ဆရာ ပြောခဲ့တာကို မင်းတို့ မှတ်မိကြမှာပေါ့။

တပည့်များ။ ။မှတ်မိပါတယ်။

ဆရာ ။ ။အေး-အဲဒီ ပုဏ္ဏား ၈—ယောက်ဟာ အလောင်းတော် ကလေးကို လက္ခဏာ

ဖတ်ကြပြီးတဲ့နောက် အိမ်ပြန်သွားကြကာ သားတွေကို ပြောပြကြတယ်တဲ့၊ဘယ်လိုပြောဆိုမှာထားကြသလဲဆိုတော့ "သားချစ်တို့ရေ—သုဒ္ဓေါဒနရာဇာရဲ့ သားတော်သိဒ္ဓတ္ထဟာ (ဦးသိ=ဗုဒ္ဓဆိုတဲ့) ဘုရားဖြစ်လိမ့်မယ်၊ အဖေတို့တော့အိုပီ၊ မှီချင်မှမှီကြမယ်၊ငါ့သား တို့တော့မှီလိမ့်မယ်၊ဘုရားဖြစ်ယင် အဲဒီမှာဝင်ပီး ရဟန်းပြုကြ"လို့ မှာထားကြသတဲ့။

အဲဒီပုဏ္ဏား ၇—ယောက်အနက် ပဥ္စမ ခုနစ်ယောက်ဟာ အလောင်းတော်တောမထွက်မီကာထဲက ကွယ်လွန်ပီးသွားကြတယ်တဲ့၊ အငယ်ဆုံး ကောဏ္ဍည တယောတ်သာ ကျန်ရစ်တယ်တဲ့၊ကောဏ္ဍညပုဏ္ဏားဟာအလောင်းတော် တောထွက်ပီး တရားအားထုတ်နေပီဆိုတာ ကြားလို့ ကွယ်လွန်သွားကြတဲ့ ပုဏ္ဏားခုနစ်ယောက်ရဲ့သားတွေကိုသူနဲ့အတူ ရဟန်းပြုဘို့ အဖော်ညှိသတဲ့၊ သုံးယောက်ကသာ သဘောမတူဘဲ လေးယောက်က ရဟန်းပြုရန် သဘောတူကြသတဲ့၊ သူတို့ကို လူတွေက ငါးဦးစု(ငါးယောက်ပေါင်း)လို့ ခေါ်ကြတယ်။ ပါဠိလိုတော့ ပဥ္စဝဂ္ဂီ*လို့ခေါ်ကြတယ်။

ပဥ္စဝဂ္ဂီဆိုတဲ့ ငါးဦးသားဟာ အလောင်းတော်ရှိရာကို ရှာဖွေစုံးစမ်းပြီး လိုက်လာကြသတဲ့။

ဥရုဝေလတောမှာ အလောင်းတော်နဲ့ တွေ့ကြတဲ့အခါ ကျတော့—အလောင်းတော်ရဲ့ အနီးအပါးမှာဘဲ နေကြ

---

* သာရတ္ထဒီပနီဋီကာ၊ တ၊ နှာ—၁၆၂ ၌ကား ပုဏ္ဏား ၇—ဦး အနက် ကောဏ္ဍညစသော ငါးဦးတို့သည် အလောင်းတော်၏ အလျင် ရဟန်းပြုနှင့်ကြကာ အလောင်းတော်ကို စောင့်ရင်း တောကျောင်းများတွင် နေထိုင်ခဲ့ကြသည်ဟု ဆိုလေသည်။

ရင်း ဝတ်ကြီးဝတ်ငယ်တွေကို ပြုစုကြတယ်တဲ့၊ အလောင်းတော်ရဲ့ ကျောင်းဝိုင်းကလေးထဲမှာ အမှိုက်မရှိအောင် တံမြက်လှဲကြတယ်၊ အလောင်းတော်ကို ရေပူရေချမ်း ကမ်းလှမ်းကြတယ်။

## သေလုနီးပါးကျင့်ခြင်း

အလောင်းတော်ကလဲ သေနာခါ နိဂုံးဆိ ဆွမ်းခံဝင်လိုက် မေတ္တာပွားလိုက်နဲ့ နေလာရာက "ဒီလို—အစာ၁၀၀ စားပြီး မေတ္တာပွားနေရုံနဲ့ ငါလိုချင်တဲ့ အမှန်တရားကို သိရမှာ မဟုတ်ဘူး" လို့ သဘောရတော်မူသတဲ့။

အဲဒါကြောင့် ဆွမ်းမခံတော့ဘဲ ဥရုဝေလတောထဲမှာ အလိုလို ကြွေကျတဲ့ သစ်သီးကိုသာ စားရှာသတဲ့။

ဒါနဲ့လဲ အမှန်တရားကို မရနိုင်သေးတဲ့အတွက် "သစ်သီး ရအောင် ရှာရတာဟာ တရားရဘို့အတွက် အတားအဆီး အနှောင့်အရှက် ဖြစ်နေသေးတယ်" လို့ သဘောရပြီးတော့ "ကိုယ်တိုင် မခူးပဲ တရားအားထုတ်ရာဖြစ်တဲ့ အပင်ပေါ်က အလိုလို ကြွေကျတာကိုမှ စားမယ်" လို့ စိတ်ကို ပိုင်းဖြတ် လိုက်ပြန်သတဲ့၊ မကောင်းတဲ့စိတ်ကို ဖြစ်ပေါ်ခွင့် မရအောင် အံကိုကြိတ်ပြီးတော့ ကောင်းတဲ့စိတ်နဲ့ ကြိုးစားဖိနှိပ် ပယ် ဖျောက်တော်မူသတဲ့၊ ချိုင်းကြားက ချွေးတွေတောင် ကျလာရှာသတဲ့၊ တကိုယ်လုံး အေးချမ်းခွင့် မရရှာဘူးတဲ့၊ ဒါပေမင့် လုံ့လဝီရိယကိုတော့ နဲနဲမှ မလျှော့ဘူးတဲ့။

နောက်တဆင့်တက်ပြီး ဘယ်လိုကျင့်ပြန် သလဲဆိုယင်— ပါးစပ်ကဖြစ်ဖြစ် နှာခေါင်းကဖြစ်ဖြစ် ထွက်သက်ဝင်သက် လေ မထွက်မဝင်ရအောင် ချုပ်တည်းအောင့်အည်းထားတဲ့

စံနစ်ကို ကျင့်ပြန်ပါရော–တဲ့၊အဲသလိုလေကို ထွက်ခွင့် ဝင်ခွင့် မရအောင် လုပ်တော့ လေက နားပေါက်ကနေ တအား စုရုံးတွန်းကန်ပီး ထွက်ပေါက် ရှာတော့တာပေါ့၊ မခံသာ အောင် နားတွေ စူးရှနာကျင်သော်လဲ မလျော့ဘူးတဲ့။

နားသာမကဘဲ တော်တော်ကြာတော့ ဦးခေါင်းဆီ လေတွေတက်လာပီး ခေါင်းထဲကို စူးနဲ့မွှေလိုက်သလို လေ တွေဟာ မွှေတော့တာပေါ့၊ ဒါပေမင့် အလောင်း တော်က မလျော့ဘူး။

အောင့်မြဲအောင့် ထားပြန်တော့ ခေါင်းတခု လုံးကို သားရေကြိုးနဲ့ တအား ရစ်ပတ်ထားသလို ခေါင်းကိုက်တဲ့ ဝေဒနာကို ခံစားရရှာတယ်၊ ဒါပေမင့် အလောင်းတော်က မလျော့ဘူး။

အောင့်မြဲအောင့်ထားပြန်တော့ လေတွေက နွားဖျက်တဲ့ ဒါးနဲ့ ဝမ်းဗိုက်ကို ဖြတ်လိုက်သလို ထိုးကျင့် ကိုက်ခဲကြ ပြန်တယ်တဲ့၊ ဒါပေမင့် အလောင်းတော်က မလျော့ဘူး။

အောင့်မြဲတိုင်း ဆက်လက်ပီး အောင့်ထားပြန်တော့ ယောကျ်ားကြီး နှစ်ယောက်က လက်တဖက်စီ ကိုင်ပီး မီးပုံကြီးမှာ ကင်သလို တကိုယ်လုံး ပြင်းပြင်း ထန်ထန် ပူလောင်ပါရော– တဲ့၊ ဒါပေမင့် အလောင်း တော်က မလျော့ဘူး။

တကိုယ်လုံးပူလောင်လွန်းမကဲ ပူလောင်တဲ့အတွက် စကြံ လျှောက်နေရာက ထိုင်ရက်သား အသာကလေး တိမ်း စောင်းပီး လဲကျသွားပါရောတဲ့။

အဲဒီလို– တိမ်းစောင်း လဲကျသွား တာကို ကြည့်ပီး "သေသွားပီ" လို့ ပြောသူတွေက ပြောကြတယ်တဲ့၊ "မသေ

သွားပါဘူး၊ သေနေတဲ့ဆဲဆဲပါ”လို့ ပြောသူတွေကပြောကြ ပတဲ့၊ “သေသွားတာလဲ မဟုတ်သေးဘူး၊သေနေတဲ့ဆဲဆဲလဲ မဟုတ်သေးဘူး၊ ရဟန္တာ ဖြစ်သွားပြီ၊ ဒီလိုနေပုံမျိုးဟာ ရဟန္တာနေပုံဘဲ” လို့လဲ ပြောသူတွေက ပြောကြသတဲ့။

အမျိုးမျိုးထင်ကြေးပေးကြ တာပေါ့ကွယ်။

အဲဒီသတင်းတွေကို ခမည်းတော် သုဒ္ဓေါဒနရာဇာဆီကိုလဲ ပေးပို့ကြသတဲ့၊ ဒါပေမဲ့ ခမည်းတော်က “ငါ့သားတော် ဟာ ဘုရားမဖြစ်ဘဲ သေတယ်ဆိုတာ မဖြစ်နိုင်ဘူး” လို့ ပြန်ပြီးမိန့်တော်မူပါသတဲ့။

အလောင်းတော်ဟာ—တိမ်းလဲ မူးမေ့နေရာက သတိ ပြန်ပြီး ရလာတဲ့အခါမှာ လုံးဝအစာမစားဘို့ ကိုတောင် စိတ်ကူးလိုက်သေးတယ်တဲ့၊ ဒါပေမင့် မွေးညှင်းပေါက်တွေက နေပြီး ဩဇာရှိတဲ့အစာတွေ ဝင်အောင် ပြုကြတယ်တဲ့၊ အဲဒီတော့မှ မျှတရုံ နေနိုင်ရုံ နဲနဲကလေးသာ စားသုံးတယ် ဆိုဘဲ။

တနေ့အဘွက် တခါတရံမှာတော့ ပဲနောက်ပြုတ်ရည် တလက်ခုပ်စာလောက်သာ သုံးဆောင်တယ်တဲ့၊တခါတရံမှာ တော့ ပဲပိစပ်ပြုတ်ရည် တလက်ခုပ်စာလောက်ဘဲ သုံးဆောင် တယ် တဲ့၊ တခါတရံကျတော့ ကုလားပဲပြုတ်ရည် တလက် ခုပ် စာလောက်ဘဲ သုံးဆောင်တယ်တဲ့၊ တခါတရံကျတော့ စားတော်ပဲပြုတ်ရည် တလက်ခုပ်စာလောက်ဘဲ သုံးဆောင် တယ်တဲ့။

တခါထဲ ပိန်ချုံးပြီး ကျသွားတယ်တဲ့၊အရိုး အဆစ်တွေ ငေါ်ထွက်လာပြီး အရိုးအဆစ်မရှိတဲ့ နေရာတွေကတော့ ပိန် ရှုံ့ပြီး လာကြတယ်တဲ့၊ တင်ပါးနှစ်ခုလုံး ရှုံ့တွပြီး ကျင်ကြီး

သွားတဲ့အပေါက်ဟာ ချိုင့်ပီးတော့ဝင်သွားတယ်တဲ့၊ ကျော ကုန်းတော်တလျှောက်က ကျောရိုးကြီးဟာ ပုတီးလုံးကြီး များ သီထားသလို အရိုးဖုတွေ ငေါ်ထွက်ပီးတော့ နိမ့်ချည် မြင့်ချည်ဖြစ်နေသတဲ့၊ ဇရပ်အို အိမ်အို ကျောင်းအိုက အခြင်ဝါးများလို နံရိုးတွေကလဲ အသား ဟောက်ပက်နဲ့ အတိုင်းသားဖြစ်နေကြသတဲ့၊ ရေတွင်းအနက်ကြီးထဲက ရေ ပွက်လို မျက်လုံးတွေဟာလဲ ချိုင့်ပီးဝင်နေကြတယ် တဲ့၊ ဦးခေါင်းအရေခွံကလဲဗူးသီးနုနုကိုနေလှမ်းထားသလိုညှိုးနွမ်း ရှုံ့တွပီးနေကြတယ် တဲ့၊ ကျောနဲ့ရင်နဲ့ ကပ်ပီးနေတဲ့အတွက် ဝမ်းရေကို စမ်းသပ်လိုက်တဲ့ အခါများမှာ ကျောရိုးကိုပါ ထိသွား သတဲ့၊ကျောရိုးကို စမ်းသပ်လိုက်တဲ့ အခါများမှာလဲ ဝမ်းရေကိုပါထိသွားသတဲ့။

'ကျင်ကြီးကျင်ငယ်စွန့်မယ်'ဆိုပီး ထိုင်လိုက်တဲ့ အခါမျိုး မှာ ဗိုက်ထဲမှာ ကျင်ငယ်ရည်ရယ်လို့ အလုံအလောက် မရှိ လေတော့ ကျင်ငယ်ရေရယ်လို့ မထွက်တော့ဘဲ ကွမ်းသီး တလုံးစာ နှစ်လုံးစာ စမြင်းအဖြစ်နဲ့ ခဲခဲယဉ်းယဉ်း ထွက် လာပါသတဲ့၊ချွေးတွေကလဲတကိုယ်လုံးက ယိုကျလာပီးတော့ အဲဒီနေရာမှာဘဲ မှောက်ရက်ကလေးလဲသွား ရှာပါရော တဲ့၊

ကိုယ်ကို အသာကလေးပွတ်ကြည့်လိုက်တဲ့ အခါများမှာ အရင်း ပိုင်းက ပုပ်နေတဲ့ အမွေးကလေးတွေဟာ လက် ထဲမှာကျွတ်ပီး ပါလာကြတယ် တဲ့။

အဲဒီ အခါမှာ ဟိုစောစောက ဆရာပြောခဲ့ သလို ယောကျ်ားမြတ်တွေရဲ့ လက္ခဏာတော်ကြီးငယ်တွေဆိုတာ ဘယ်ရှိတော့မလဲကွယ်၊အဲသလို လုံးဝ ပုံပျက်ပန်းပျက်ဖြစ်နေ တဲ့အခြေအနေကိုကြည့်ပီး "ဂေါတမရဟန်းဆိုတာ အသား

မဲတယ်”လို့ ပြောသူတွေကပြောကြသတဲ့၊“မမဲပါဘူး-ညီပါ တယ်”လို့ ပြောသူတွေက ပြောကြသတဲ့၊မဲလဲ မမဲ ညီလဲမညီ ငါးခူရေလို နေတယ်”လို့လဲ ပြောသူတွေက ပြောကြသတဲ့။

သူမတူအောင် အတော့်ကိုကျင့်လိုက်တာဘဲကွဲ့-နှော်.... အံ့သြစရာ ခြီးမွမ်းစရာ မကောင်းဘူးလားကွယ်။

တပည့်များ။ ။ကောင်းပါတယ်–ဆရာကြီး။

# ၈–ဘုရားအဖြစ်သို့

## ပဥ္စဝဂ္ဂီတို့စွန့်ခွာသွားကြခြင်း

အဲသလိုသာမန်ပုဂ္ဂိုလ်တွေကျင့်ဘို့ရာအင်မတန် ခဲယဉ်းလှတဲ့အကျင့်ကိုကျင့်သော်လဲ အမှန်တရားကို မသိ မမြင်ရှာဘူး။

"အင်း–ငါဟာ ခြောက်နှစ်တိုင်တိုင် ခဲခဲယဉ်းယဉ်း ကျင့်ခဲ့သော်လဲ အမှန်တရားကို မသိရဘူး၊ အာနာပါန ဈာန်လမ်းကြောင်း အကျင့်ဟာ အမှန်တရားကို ထွင်းဖောက်သိမြင်ရေးအတွက် အကျင့်မှန် လမ်းမှန် ဖြစ်ရပေမယ်" လို့ သဘောရတော်မူတယ်တဲ့။

ပြီးတော့ "ဒီလောက်–ပင်ပန်း ညှိုးနွမ်းနေတဲ့ ခန္ဓာကိုယ်မျိုးနဲ့ အာနာပါန–သမာဓိဈာန်မျိုးရအောင် ဘယ်မှာ အားထုတ်နိုင်စရာ အကြောင်းရှိပါ့မလဲ၊ အစာရေစာနဲ့ အားဖြည့်ပြီးမှ အာနာပါန–သမာဓိဈာန်ကို ရအောင် အားထုတ်မယ်" လို့ စိတ်ပိုင်းဖြတ်တော် မူလိုက်တယ်၊ သပိတ်ကိုယူပြီး သေနာနီ–နိဂုံးမှာ ဆွမ်းခံတယ်၊ ရလာတဲ့ ထမင်း၊ မုံ့ကြမ်းတွေနဲ့ ကျသွားတဲ့ ခန္ဓာကိုယ်ကို အားအင်ပြန်ဖြည့်ရရှာတယ်၊ နှစ်ရက် သုံးရက်အတွင်းမှာဘဲ အားအင်တွေ ပြန်–ပြည့်လာတယ်၊ ယောကျ်ားမြတ်တွေရဲ့ လက္ခဏာကြီးငယ်တွေလဲ ပြန်ပြီး ပေါ်လာကြတယ်။

အဲဒီလို စံနစ်ပြောင်းကာ ပြုကျင့်တာကို ကြည့်ပြီးတော့ ကောဏ္ဍညအစရှိတဲ့ ရဟန်းတော်ငါးပါးက "ဂေါတမ-ဟာ ပစ္စည်းလပ်သပ်ပကာ ပေါများရေးကို လိုက်စားသူ ဖြစ်သွားပြီ၊ ဘုရား ဖြစ်တော့မှာ မဟုတ်ဘူးဆိုပြီး ရှောင်သွားကြပါ ရောတဲ့၊ သူတို့က သိပ် အဆင်းရဲခံပြီး ကျင့်မှ အသိဉာဏ် ရမယ်လို့–ထင်နေကြတာကိုးကွဲ့၊ အဲဒါနဲ့ သူတို့ငါးဦးဟာ ဗာရာဏသီမြို့တော်နားက မိဂဒါဝုန် တောအုပ်ဆီ ရောက် သွားကြတယ်တဲ့၊ မိဂဒါဝုန် ဆိုတာ ဗမာလို 'သားငှက်တို့ကို ဘေးမဲ့ပေးတဲ့တော' လို့ ဆိုလိုဘယ်တဲ့။

အလောင်းတော်ဟာ သူတို့ ထွက်ခွာသွားတဲ့ အတွက် တပါးထဲကျန်ရစ်ပြီး ရှေးကထက်ပို လို့တောင် ဆိတ်ငြိမ်မှုကို ရပါသတဲ့၊ တရားအား ထုတ်ရမှာ သမာဓိ အင်အား ပိုတောင် ကောင်းလာတယ်တဲ့။

## သုဇာတာ၏သနာနို့ဆွမ်း

အဲဒီမှာ ၁၅–ရက်လောက် တရားအားထုတ်ပြီး ကဆုန် လဆန်း ၁၅–ရက် (လပြည့်နေ့) မနက်ပိုင်းမှာ ကိုယ်လက် သုတ်သင်ပြီးတော့ အဲဒီ-ဉရုဝေလ တောအုပ်ထဲက ထွက်ခွာ တော်မူခဲ့တယ်တဲ့၊ သေနာနီ နိဂုံးရဲ့ အနားက ပညောင် ပင်ကြီးအောက်မှာ ဆွမ်းခံဝင်ဘို့ အချိန်ကို စောင့်ရင်း အရှေ့ဖက်ကို မျက်နှာမူပြီး ထိုင်နေဘယ်တဲ့၊

အဲဒီအချိန်မှာ အဲဒီဉရုဝေလအရပ် သေနာနီ နိဂုံးမှာ နေတဲ့ သူဌေးကြီးရဲ့သမီး သုဇာတာ ဟာ နှစ်စဉ်နှစ်စဉ် ဗြညောင်ပင်ကြီးရဲ့ ညောင်စောင့်နတ်ကို ပူဇော်ပသမြဲ

ဖြစ်တယ်တဲ့၊ ဘာပြုလို့လဲဆိုတော့ ဟိုတုန်းက ဒီညောင်ပင်မှာ သူ သားဆုတောင်းခဲ့တဲ့အတိုင်း သားကလေးရခဲ့လို့ပါတဲ့။

ဒါ့ကြောင့် ဒီနေ့လဲ ထုံးစံအတိုင်း အင်မတန် ကောင်းအောင် ချက်ထားတဲ့ နို့ဆွမ်း (ဃနာဆွမ်း=နို့ဓမ်းဆွမ်း)နဲ့ ပူဇော်ပသရအောင်ဆိုပြီး တပည့် မပုဏ္ဏာ (ဗမာလို–မပြည့်)ကို ညောင်ပင်ကြီးဆီ လွှတ်လိုက်တယ် တဲ့၊ ကြိုတင်ပြီး ရှင်းလင်း သုတ်သင်ရအောင် လွှတ်လိုက်တာပေါ့။

မပုဏ္ဏာက ညောင်ပင်အောက်မှာ ထိုင်ပြီး နေတဲ့ အလောင်းတော်ကို မြင်လိုက်တော့ "အလို - ညောင်စောင့်နတ်ကြီးပါကလား။ ဗလိနတ်စာ ခံယူရအောင် ညောင်ပင်အောက် ဆင်းပြီး စောင့်နေတယ် ထင်ပါရဲ့"လို့ ဆိုပြီး ထိတ်ထိတ်လန့်လန့် သုတ်သီးသုတ်ပြာပြန်လာပြီး သုဇာတာကို ပြောပြသတဲ့။

သုဇာတာကလဲ ဝမ်းသာအားရနဲ့ "ဟဲ့–နင် ကနေ့က စပြီး ငါ့သမီးကြီးအဖြစ်နေပေတော့" လို့ ပြောဆိုပြီး ထိုက်တန်တဲ့ အဆင်တန်ဆာတွေ ပေးပါသတဲ့။

သုဇာတာဟာ နို့ဃနာထဲ့တဲ့ ရွှေခွက်ကို ရွှေခွက်တခုနဲ့ ဖုံးအုပ်တယ်၊ သူကိုယ်တိုင်လဲ လှလှ ပပ ပြင်ဆင်ဝတ်စားပြီးတော့ ရွှေခွက်ကိုရွက်ကာ အခမ်းအနားနဲ့ တကွညောင်ပင်ကြီးဆီ သွားပါရောတဲ့၊ ညောင်ပင်ကြီးအောက်မှာ ထိုင်နေတဲ့ အလောင်းတော်ကို တွေ့လိုက်ရတော့ ကိုယ်ကို ညွတ်ညွတ်ကလေး လုပ်သွားရင်း အနားကိုချဉ်းကပ်လိုက်သတဲ့၊ ပြီးမှ ခေါင်းပေါ်က ဃနာဆွမ်းခွက်ကို အသာချပြီး ရေခွက်ကလေးကို ကိုင်ရင်း အလောင်းတော်ရဲ့ အနားကို အသာ



ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူရာ ဌာနတွင်
တည်ထားသော အသောကမင်းကြီး ၏ ကောင်းမှု စေတီတော်ကြီး

ကလေး ကပ်သွားတယ်၊ အလောင်းတော်က လက်ျာလက်တော်ကိုဖြန့်ပြီး ရေကိုခံယူတော်မူတယ်၊ ရေကပ်ပြီးတဲ့နောက် ဃနာဆွမ်းခွက်ကို ဆက်ကပ်လိုက်တယ်။

အဲသလို-ဆက်ကပ်လိုက်တော့ အလောင်းတော်က သုဇာတာကို ကြည့်တော်မူလိုက်သတဲ့၊ကြည့်ပုံကလဲ 'ရွှေခွက်ကိုပါ လှူသလား' လို့ မေးတဲ့အဓိပ္ပါယ်နဲ့ ကြည့်လိုက်ခြင်းဖြစ်ပါတယ် တဲ့၊ အဲဒီတော့ အကင်းပါးတဲ့သုဇာတာကလဲ"တပည့်တော်မ ဒီဃနာဆွမ်းကို ရွှေခွက်နဲ့တပါတည်း လှူပါဘယ် ဘုရား"လို့ လျှောက်လိုက်သတဲ့၊"တပည့်တော်မ အလိုဆန္ဒ ပြည့်ဝသလို အရှင်ဘုရားများရဲ့ အလိုဆန္ဒဟာလဲ ပြည့်ဝပါစေ"လို့ ဆုတောင်းပြီးပြန်သွားပါသတဲ့။

အလောင်းတော်ဟာ-အဲဒီ နို့ဃနာ ရွှေခွက်ကို ယူခဲ့ပြီး နေရဉ္စရာမြစ်ဆီ ကြွလာတော်မူဘယ်တဲ့၊ နေရဉ္စရာမြစ်ရဲ့ သုပ္ပတိဋ္ဌလို့ ခေါ်တဲ့ ရေချိုးဆိပ်ဆီ ရောက်တော်မူတဲ့အခါ ရေဆင်းပြီးချိုးတော်မူတယ်တဲ့၊ရေချိုးပြီးတော့မှ ဆိပ်ကမ်းက တက်ပြီး အေးမြတဲ့ သစ်ပင်ရိပ်တခု အောက်မှာ အရှေ့ဘက် ဆီ မျက်နှာအားကာ ထိုင်ပြီးနို့ဃနာကို ဘုန်းပေးတော်မူတယ် တဲ့၊ အဲသလို ဘုန်းပေးတာဟာ ဆွမ်းလုပ်ပေါင်း ၄၉-လုပ် ရှိတယ် တဲ့။

တပည့်တဦး။ ။ဆရာကြီးခင်ဗျာ၊ အဲဒီ ၄၉-လုပ်ဆိုတာ ဘယ်သူက လိုက်ပြီး မှတ်ထားတာပါလဲ-ခင်ဗျာ။

ဆရာ ။ ။အောင်မယ်-မင်းက အတော်တွေးတဲ့ကောင်ပါကလားဟေ့ - ဘယ်ဆိုးလို့၊

လဲ၊ကာယကံရှင်က ပြန်ဟောလို့သိရတာပေါ့ကွ၊ ဘယ်သူက လက်ရေးတိုနဲ့ လိုက်ပြီးမှတ်နေပါ့မလဲ။

အဲဒီ–နေရဉ္ဇရာမြစ်ကမ်း အနီးမှာ အင်မတန် လှပတဲ့ အင်ကြင်းတော ရှိတယ်တဲ့၊ အပွင့်တွေကလဲ–လှ၊ အနံ့တွေ ကလဲမွှေးနေတဲ့ အင်မတန် ပျော်မွေ့စရာကောင်းတဲ့တော ဖြစ်မှာပေါ့ကွယ်။

အလောင်းတော်ဟာ အဲဒီ–အင်ကြင်းတောမှာ အာနာ ပါနကမ္မဋ္ဌာန်း ကို စီးဖြန်း အားထုတ်တော်မူတယ်တဲ့၊ လော ကီ ဈာန်သမာပတ် ၈–ပါး နဲ့ အဘိညာဉ် ၅ါးပါး ကိုဖြစ်စေ တော်မူတယ် တဲ့။

## မဟာဗောဓိ ပလ္လင်ပင်ဝယ်

ညနေချမ်း ဆည်းဆာချိန် ရောက်လာတဲ့ အခါမှာ– နေရဉ္ဇရာမြစ်ထဲကို ဆင်းပြီး ရေချိုးတော်မူပြန်တယ်တဲ့။

အဲသလို ရေချိုးပြီး–မဟာဗောဓိပလ္လင်ပင် ရှိရာ အရပ် ဆီကို ရှေးရှု ကြွလာတော်မူတယ်တဲ့။

အဲဒီမှာ သောတ္ထိယ ဆိုတဲ့ မြက်ထမ်းပုဏ္ဏား (မျက်ရိပ် သမားပုဏ္ဏား)ဟာ မြက်တွေကိုထမ်းပြီး ရှေ့တဲ့တဲ့က လာနေ တာကို တွေ့တော်မူတယ်တဲ့၊ အလောင်းတော်က မြက်အလို ရှိတဲ့အမူအရာကို ပြလိုက်တယ်တဲ့၊ ပုဏ္ဏားကလဲ မြက်ဆုပ် ပေါင်း ၈–ဆုပ်ကို လှူဒါန်းလိုက်တယ်တဲ့။

အလောင်းတော်ဟာ အဲဒီ–မြက် ၈–ဆုပ်ကို ယူဆောင် ခဲ့ပြီး မဟာဗောဓိပလ္လင်ပင်ရှိတဲ့ ကုန်းတော်ဆီကို တက်လာ ခဲ့သတဲ့။

မဟာဗောဓိပလ္လင်ပင်အောက် ရောက်တော့ ယူဆောင် လာခဲ့တဲ့ မြက် ၈–ဆုပ်ကို ခင်းပြီးတော့ ထိုင်တော်မူတယ်တဲ့၊

မဟာဗောဓိပင်ကို နောက်ကျောဘက်မှာ ထားပြီးတော့ အရှေ့ဘက်ကို မျက်နှာပြုတော်မူပြီး တင်ပလ္လင်ခွေ ထိုင်တော်မူတယ်တဲ့။

## ပု–ဒိ–အာ

"အသွေးအသားတွေ ခန်းခြောက်ပြီး အရေ၊ အကြော၊ အရိုးတွေလောက်သာ ကျန်ချင်ကျန်ပစေ အမှန်တရားကို မသိရယင် (ဘုရားမဖြစ်ရယင်)ဒီနေရာက ငါမထတော့ဘူး" လို့ စိတ်ကို ပိုင်းဖြတ်တော်မူလိုက်ပါသတဲ့။

အဲဒီနေ့ဟာ သကရာဇ် ၁၀၃–ခု ကဆုန်လပြည့်နေ့ဖြစ်တယ်လို့လဲ အဆိုရှိတယ် ကွဲ့။

အဲဒီနေ့ ညဦး အချိန်မှာအလောင်းတော်ဟာ ရှေးဖြစ်ဟောင်းတွေကို ပြန်ပြောင်းအောက်မေ့ သိမြင်တော် မူနေတယ် တဲ့၊ (ပါဠိလိုတော့ ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်လို့ ခေါ်တယ်၊ အတိုကောက် အခေါ်ကတော့ ပု-တဲ့)။

သန်းခေါင် အချိန်ရောက်တော့ နတ်မျက်စေ့မာ အဝေးနဲ့ ကွယ်ခြားရာတွေမှာရှိတဲ့ အာရုံတွေကို သိမြင်တော်မူနေတယ် တဲ့၊(ပါဠိလိုတော့ ဒိဗ္ဗစက္ခုဉာဏ်လို့ ခေါ်တယ်) အတိုကောက်ကတော့ ဒိ–တဲ့။

မိုးသောက် အချိန်ပိုင်း ရောက်တော့ အာသဝက္ခယဉာဏ် ဆိုတဲ့အရဟတ္တမဂ်ဉာဏ် ကို ရတော်မူတယ်တဲ့၊(အတိုကောက် ကတော့ အာ–တဲ့။

ကိလေသာ ဆိုတဲ့ အညစ်စိတ် တွေ(စိတ်ညစ်စိတ်ဆိုးတွေ) ကုန်ရာ ကုန်ကြောင်းကိုသိတဲ့ အသိကို အာသဝက္ခယဉာဏ်

လို့ ခေါ်တယ်၊ အဲဒီ အာသဝက္ခယဉာဏ်ဆိုတာလဲ အရဟတ္တမဂ် စိတ်ကို ခေါ်တာတဲ့။

တပည့်တဦး ။အရဟတ္တမဂ်စိတ် ဆိုတာက ဘယ်လို စိတ်ပါလဲ–ဆရာကြီး။

ဆရာ ။ ။ပုထုဇဉ်အထူးကို ခံထိုက်တဲ့ သူရယ်လို့ ဖြစ်စရာအကြောင်းရှိတဲ့ စိတ်တဲ့၊ တနည်းအားဖြင့် စိတ်ဆိုးစိတ်ညစ် မှုန်သမျှကို တစွန်းတစ မကျန် သတ်ဖြတ် ပယ်ခွင်းတဲ့သဘောရှိတဲ့စိတ်-တဲ့၊ ဘယ့်နှယ်လဲ–မင်းတို့သိပ်ပြီး နားလယ်ဘို့ မလွယ်လှဘူး၊ဒါလေဘက်ဘဲ မှတ်ထားကြပေါ့ကွယ်၊ (ပြောပြစရာတွေကအများကြီး ဖြစ်နေတယ်၊ဒီတော့ မင်းတို့ အတော်ကလေး ကြီးပြင်းလာတော့မှဘဲ စာအုပ်တွေရှာပြီး ဖတ်ကြပေတော့၊ ဆရာမြတ်တွေဆီ ဆည်းကပ်မေးမြန်းကြပေတော့)။

အဲသလို အရဟတ္တမဂ်ဉာဏ်နဲ့ အဲဒီဉာဏ်ရဲ့ အကျိုး ဖြစ်တဲ့ ဉာဏ် (အရဟတ္တဖိုလ်ဉာဏ်)ကို ရတော်မူတယ်ဆိုတာ အမှန်တရားကို သိမြင်တော်မူတာဘဲ–ကွဲ့*။

အဲသလို အရဟတ္တမဂ် (အရဟတ္တဖိုလ်) ဆိုတဲ့ ဉာဏ်ကို ရရှိ(ရောက်ရှိ)တော်မူကာ သိစရာရှိသမျှကို ဆရာမရှိ ကိုယ်တော်တိုင် ကောင်းစွာ မကြွင်းမကျန် သိတော်မူတဲ့အတွက် သမ္မာ–သမ္ဗုဒ္ဓဆိုတဲ့ အမည်တော်ကို ရတာကွဲ့၊အတိုကောက် အားဖြင့် ဗုဒ္ဓ(ဦးသိ)ဆိုတဲ့ အမည်ကို ရတော်မူတာ ကွဲ့၊ ဗမာလို 'ဘုရား' လို့ခေါ်ကြတာပေါ့–ကွာ။

---

* မဂ်ဉာဏ် လေးပါးသည် ယထာဘူတ ဉာဏဒဿန မည်ခြင်းကို ရည်ရွယ်၍ ပြောဆိုခြင်းဖြစ်သည်။

## ၉–ခုနစ်ဌာနတွင်ခုနစ်ရက်စီ

### ပလ္လင်တော်ဌာန

အဲ့သလို–ဘုရားဖြစ်သွားတဲ့အခါမှာ ဟောသလိုကျူးရင့်တော်မူတယ် တဲ့၊ ဘယ်လို ကျူးရင့်သလဲ ဆိုယင် "အင်း-အထပ်ထပ် အဖန်ဖန် ဘဝရယ်လို့ ဖြစ်နေရတာ ဟာ ဆင်းရဲလှပါကလား၊ ငါဟာ တဏှာ ဆိုတဲ့ လက်သမားကိုရှာရင်းဖွေရင်း အချိန်တွေသာ ကုန်ပြီး မသိမမြင်ရလေတော့ ဘဝအဖြစ်များစွာ ကျင်လည်ခဲ့ရပေတယ်။

ဟဲ့–တဏှာဆိုတဲ့ လက်သမားဆရာ–အခုတော့ နင့်ကို ငါ–တွေ့ပြီ၊ နင်ဟာ နောက်ထပ် ခန္ဓာအိမ်ကို ဆောက်ရတော့မယ် မဟုတ်တော့ဘူး၊ နင့်လက်ရာ အခြင်ရနယ်တွေ (ဖြစ်တဲ့ အညစ်စိတ်မှန်သမျှ)ကို-ငါ ချိုးပစ်လိုက်ပြီ၊နင့်အိမ်ရဲ့ အထွတ်ကို ငါဖျက်ချလိုက်ပြီ၊ ငါ့စိတ်ဟာ အစီအမံကင်းရာ (နိဗ္ဗာန်) ဆီ ရောက်ပြီ၊ ငါဟာ တဏှာ ကုန်ရာဆီ ရောက်ခဲ့ပါပေါ့" လို့ ကျူးရင့်တော်မူသတဲ့။

အဲဒီလိုကျူးရင့်ပြီး အမှန်တရားကို သိမြင်ရာဖြစ်တဲ့ အဲဒီနေရာက ရွှတ်တရက် ထ မသွားဘူးတဲ့၊ ခဲခဲယဉ်းယဉ်းကြီး မျှော်လင့်ကြိုးစားခဲ့တဲ့ အသိဉာဏ်ကို ရရာဖြစ်လို့ "အင်မတန်

ကျေးဇူးများလှတဲ့ နေရာဘဲ” ဆိုပြီး အဲဒီ ဗောဓိပင်အောက်မှာ မြက်ခင်းပလ္လင်ပေါ်မှာ ထိုင်နေမြဲ ထိုင်နေတော်မူတယ်တဲ့။

တပည့်တဦး။ ။ဘယ်လောက် ကြာအောင် ထိုင်ပြီး ဘာတွေ လုပ်နေပါသလဲ—ဆရာကြီး။

ဆရာ ။ ။ခုနစ်ရက်ကြာအောင် ထိုင်နေတယ်—လို့ ဆိုကြတယ်၊ အဲဒီ ၇–ရက်ပတ်လုံး **စတုတ္ထဈာန် သမာပတ်** ကို ဝင်စားကာ လွတ်မြောက်တဲ့ **ချမ်းသာ***ကိုခံစားပြီး နေတယ်တဲ့၊ တရားသဘောတွေကိုလဲ ဆင်ခြင်ပြီး နေတော်မူတယ်တဲ့။

တပည့်တဦး။ ။စတုတ္ထဈာန်သမာပတ်ဆိုတာ ဘယ်လို ဟာပါလဲ—ဆရာကြီး။

ဆရာ ။ ။မင်းတို့ နားလယ်အောင် ပြောဘို့ မလွယ်လှဘူး၊ လယ်အောင် ပြောနေရယင်လဲ တော်တော်နဲ့ ပြီးမှာ မဟုတ်တော့ဘူး၊ အဲဒါ လောက်ဘဲ မှတ်ထားနှင့်ကြပေါ့—ကွယ်။

တပည့်တဦး။ ။အဲဒီတနေရာ ထဲမှာ ခုနစ် ရက်လုံး ထိုင်လို့သာ နေပါသလား—ဆရာကြီး၊ မထတော့ဘူးလား၊ မအိပ်တော့ဘူးလား။

ဆရာ ။ ။အေးကွဲ့—ထလဲ မထတော့ဘူး၊အိပ်လဲ မအိပ်တော့ဘူးတဲ့။

---

* ဝိမုတ္တိသုခ=အရဟတ္တဖိုလ်ချမ်းသာ။

## အနိမိသဌာန

ခုနစ်ရက်စေ့တဲ့အခါကျတော့ ထတော်မူပြီး အဲဒီ-ထိုင်တဲ့နေရာက အရှေ့မြောက်ထောင့်နားဆီ ရွှေ့ပြီး မတ်တတ်ရပ်ရင်း"အမှန်တရားကို သိမြင်ခဲ့ရတဲ့နေရာပေဘဲ"လို့ ဆင်ခြင်ပြီး ထိုင်ခဲ့တဲ့နေရာနဲ့ ဗောဓိပင်ကို မမှိတ်မသုန် ကြည့်တော်မူနေတယ်တဲ့။

တပည့်တဦး။ ။ဘယ်လောက်ကြာအောင် ကြည့်နေပါသလဲ—ဆရာကြီး။

ဆရာ ။ ။၇—ရက်ဘဲကြာထယ်-လို့ ဆိုကြတယ်၊ အဲဒီနေရာကိုပါဠိလိုတော့ အနိမိသ*လို့ ခေါ်ကြတယ်။

## ရတနာစင်္ကြံဌာန

ပြီးတော့မှ ပလ္လင်တော်နဲ့ အနိမိသရဲ့ အကြား ရတနာစင်္ကြံတော်မှာ ခုနစ်ရက်လုံးလုံး တရားတော်ကိုဆင်ခြင်ရင်း **ဖလသမာပတ်** ဝင်စားရင်း လူးလာ တုန့်ခေါက် စင်္ကြံလျှောက်တော်မူနေတယ်တဲ့။

## ရတနာဃရဌာန

အဲဒီနောက် ဗောဓိပင်ရဲ့ အနောက် မြောက်ဘက် ရတနာဃရ (ခေါ်တဲ့ရွှေအိမ်) မှာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီး အဘိဓမ္မာဆိုတဲ့ တရားရတနာကိုဆင်ခြင်သုံးသပ်တော်မူနေတယ် တဲ့၊ခုနစ်ရက်ဘဲ ကြာတယ်တဲ့။

---

* အနိမိသ=မျက်စိမမှိတ်သော။

## အဇပါလနိဂြောဓဌာန

အဲဒီနောက် မဟာဗောဓိပင်ရဲ့ အရှေ့ အရပ်မှာ ရှိတဲ့ ဆိတ်ကျောင်းညောင်ပင် (ပါဠိအခေါ်–အဇပါလနိဂြောဓ) အောက်မှာ ထိုင်ပြီး တရားတော်ကို ဆင်ခြင်ရင်း ဖလ သမာပတ် ဝင်စားရင်း စံနေတော်မူတယ် တဲ့။

အဲဒီမှာ သိတင်းသုံးနေတုန်း ဟုံဟုံကဆိုတဲ့ ပုဏ္ဏားက ဗြာဟ္မဏ ဆိုတဲ့ သူမြတ် ဖြစ်နိုင်ရေး တရားကို လာမေးလို့ ဖြေတော်မူလိုက်သေးတယ်၊ ဘယ်လိုဖြေတယ်ဆိုတာကိုတော့ မပြောတော့ပါဘူးကွယ်။

## မုစလိန္ဒာအိုင်ဌာန

အဲဒီ ဆိတ်ကျောင်း ညောင်ပင်အောက်မှာ ခုနစ်ရက် စံနေတော်မူပြီးနောက် ဗောဓိပင်ရဲ့ အရှေ့တောင်ဘက်မှာ ရှိတဲ့ မုစလိန္ဒာ ဆိုတဲ့ အိုင်ရဲ့အနီး ကျည်းပင် အောက်မှာ အရဟတ္တဖိုလ် ချမ်းသာကို ခံစားတော်မူကာ ထိုင်နေတော် မူတယ် တဲ့၊အဲဒီအခါမှာ အခါမဟုတ်ဘဲ မိုးကြီးကလဲ ခုနစ် ရက်လုံး ရွာနေတယ် တဲ့။

## လင်းလွန်းပင်ဌာန

ခုနစ်ရက်ပြည့်သွားပြန်တော့ ဗောဓိပင်ရဲ့ တောင်ဘက် မှာ ရှိတဲ့ လင်းလွန်းပင်အောက်မှာ အရဟတ္တဖိုလ် ချမ်းသာ ကို ခံစားရင်းနေတော်မူပြန်တယ် တဲ့၊ အဲဒီမှာလဲ ခုနစ်ရက်ဘဲ ကြာတယ်–ဆိုတော့ ဗောဓိပင်အောက်ကနေ ဒီနေရာအထိ ၄၉–ရက် ရှိသွားပြီကွဲ့ နှော်....

အဲဒီ လင်းလွန်းပင် (ဆိုတဲ့ ရာဇာယတနရုက္ခ) အောက်မှာ ခုနစ်ရက် ပြည့်ပြီးမနက်စောစောမှာ ကျင်ကြီးကျင်ငယ် စွန့်တော်မူတယ်၊ သွားကိုလဲ ဒန်ပူနဲ့ တိုက်တော်မူတယ်၊ မျက်နှာလဲ သစ်တော်မူတယ်၊ ဆေးကြဲဇူသီးကိုလဲ ဘုန်းပေးတော်မူတယ်၊ အဲသလို ပြုတော်မူပြီးတော့ လင်းလွန်းပင် အောက်မှာဘဲ ထိုင်နေတော်မူတယ် တဲ့။

**တပုဿနှင့် ဘလ္လိက**

အဲဒီအခိုက်မှာ **တပုဿ** နဲ့ **ဘလ္လိက**(သို့မဟုတ်—ဘလ္လိယ) ခေါ်တဲ့ ကုန်သည်ကြီး ညီနောင်နှစ်ယောက်ကလဲ လှဲအစီး ပေါင်း ငါးရာနဲ့ ခုတင်က လင်းလွန်းပင်နားကို ရောက်လာကြတယ်တဲ့။

တပည့်တဦး။ ။သူတို့က ဘယ်အရပ်က လာကြပါသလဲ—ဆရာကြီး။

ဆရာ ။ ။သူတို့က ဟို....ဥက္ကလာ ဇနပုဒ် လို့ ခေါ်တဲ့ ဒေသကနေပြီးလာခဲ့ကြတယ်တဲ့။

တပည့်တဦး။ ။ဥက္ကလာ-ဆိုတာ ကျွန်တော်တို့ ရန်ကုန်မြို့ကို ရှေးက ခေါ်တာ မဟုတ်လား—ဆရာကြီး။

ဆရာ ။ ။ဒီလိုကွဲ့—တပည့်ရဲ့၊ အဲဒီ—တပုဿနဲ့ ဘလ္လိက ဆိုတာကတော့ တို့—ရန်ကုန် (ဥက္ကလာပမြို့ဟောင်း) က ကုန်သည်ကြီးတွေ မဟုတ်ကြဘူး တဲ့ကွဲ့၊ ဣန္ဒိယပြည်မြေပုံထဲမှာ ဗိဟာရနဲ့ ဥရိဆား ORISSA ဆိုတဲ့ နယ်ကြီးကို မင်းတို့ တွေ့ကြရမှာ ပေါ့။

တပည့်တဦး။ ။ဟုတ်ကဲ့....။

ဆရာ ။ ။အေး–အဲဒီ ဥရိဆာၤနယ်ကြီးကို တို့ဗမာ အသံနဲ့တော့ ဩရိဿ လို့ ခေါ်ခဲ့ကြတယ်၊ အဲဒီ ဩရိဿဆိုတဲ့ အသံနဲ့ ဆင်ဆင် ဥရ်သာထ ဆိုပီး တို့ဗမာပြည်ရဲ့ တလိုင်းပြည်–နယ်တရပ်ကို ခေါ်ခဲ့ကြသေးတယ်၊ အဲဒီ–ဥရိဆာၤကို ရှေးအခါက ဥတ်ကလာ (=ဥက္ကလာ)လို့ခေါ်ခဲ့ကြတယ်၊ဩဍရ်လို့လဲခေါ်ခဲ့ကြတယ်၊ ပါဠိကျမ်းကြီးတွေကတော့ ဥက္ကလာလို့ဘဲ ခေါ်ခဲ့ကြတယ်။

တပည့်တဦး။ ။ဒါဖြင့်–အဲဒီ ဥက္ကလာဆိုတာ တိုင်းနိုင်ငံတခုရဲ့ အမည်လို့ ဆိုလိုပါသလား–ဆရာကြီး။

ဆရာ ။ ။ပါဠိကျမ်းကြီးတွေ မှာတော့ ဇနပဒ (ဇနပုဒ်) လို့ သုံးကြတယ်၊ သက္ကတဘာသာကျမ်းတွေမှာတော့ အရပ်ဒေသလို့လဲ သုံးကြတယ်၊ တိုင်းနိုင်ငံလို့လဲ သုံးကြတယ်၊ တပုဿနဲ့ ဘလ္လိကဟာ အဲဒီ တိုင်းနယ်ထဲမှာရှိတဲ့ အသိတဥ္စန ခေါ်တဲ့ မြို့သားတွေလို့လဲ အဆိုရှိတယ်၊ ပေါက္ခရဝတီ မြို့သားတွေလို့လဲ အဆိုရှိတယ်။

အခု–အဲဒီနယ်တွေမှာ ဥရိယာ ခေါ်တဲ့ လူမျိုးတွေအများကြီးနေကြတယ်၊ ဒါကြောင့် တပုဿ,ဘလ္လိက တို့ဟာ ဥရိယာ လူမျိုးတွေဖြစ်လိမ့်မယ်–လို့ ဆရာတော့ ထင်မိတယ်၊ သူတို့ အကြောင်း ပြောရယင် အကျယ်ကြီး....၊ အခုတော့ ဒါလောက်ဘဲ မှတ်ထားကြပေါ့ကွယ်။

အဲဒီ ကုန်သည်ညီနောင်နှစ်ယောက်က ဘုရားရှင်ကို သူတို့မှာပါလာတဲ့ မုံ့ကြွက်ကျစ်နဲ့ ပျားမုံ့ဆုပ်တွေ လှူကြတယ်တဲ့။

တပည့်တဦး။ ။မုံ့ကြွက်ကျစ်ဆိုတာ ဘယ်လို မုံ့မျိုးပါလဲ–ဆရာကြီး။

ဆရာ ။ ။အခုကာလဟိန္ဒူကုလားမုံ့ဆိုင်တွေမှာ ရောင်းတဲ့ ဂျလေဗီ ဆိုတဲ့မုံ့ မျိုးပေါ့ကွာ၊ ပျားမုံ့ဆုပ်ဆိုတာကတော့ အခုကာလ ပေါက်ပေါက်ဆုပ်နဲ့ ဆင်ဆင် တူတာပေါ့ကွာ၊ လုပ်နည်းက ပေါက်ပေါက်ဆုပ် အတိုင်းတော့ မဟုတ်တတ်ဘူးပေါ့။

ဘုရားရှင်ဟာ အဲဒီမုံ့တွေကို လက်ခံ ဘုန်းပေးတော်မူပြီး တော့ သင့်လျော်တဲ့ တရားကိုဟောတော်မူတယ် တဲ့၊ ကုန် သည် ညီနောင်နှစ်ယောက်လဲ "တပည့်တော်တို့ဟာ ဘုန်း တော်ကြီးဘုရားကိုလဲ ကိုးကွယ်ကြပါတယ်၊ တရားတော်ကိုလဲ ကိုးကွယ်ကြပါတယ်"လို့ ခံယူကြပြီးတော့ တပည့်တော်များ ဆည်းကပ်ကိုးကွယ်စရာ တခုခု ပေးသနားတော် မူလိုက်ပါ လို့ လျှောက်ကြတယ်တဲ့ အဲဒီတော့ ဘုရားရှင်က ညာလက် တော်နဲ့ ဦးခေါင်းကို သပ်လိုက်တဲ့အခါ ပါလာတဲ့ ဆံတော် ကလေးများကို ကုန်သည်ညီနောင်နှစ်ဦးကို ပေးသနားတော် မူလိုက်တယ် တဲ့။

သူတို့အရပ်ရောက်တဲ့အခါ အဲဒီဆံတော်တွေကို ရွှေကြုတ် မှာ ထည့်ပြီးစေတီ* တည်ထားကိုးကွယ်ကြတယ် တဲ့။

---

* နှစ်ပေါင်း များစွာ ကြာသောအခါ ထိုမှလစေတီ တော်မှ ဆံတော်များကို မြန်မာနိုင်ငံ(ရာမညတိုင်း)ဥက္ကလာ ပ (ဒဂုန်မြို့ ရွှေဒဂုံစေတီတော်) ၌ ဌာပနာခဲ့ကြောင်းကို မိဂဒါဝုန်ဆရာတော် ဦးကိတ္တိမအရှင်မြတ်၏ ဣန္ဒိယကြေးမုံ ကျမ်းကြီး ၂၅၁-၌ရင်း,ဆရာမာဃ၏ ပုသိမ်ရာဇဝင် ၂၉၀- ၌ရင်း အကျယ်ရှုပါ၊ (အဂ္ဂမဟာပဏ္ဍိတ တောင်ပေါက် ဆရာတော်ဘုရားကြီး၏ ဗုဒ္ဓသာသာနိက ပထမဝင်ကျမ်းကြီး ၁၇၅နှင့်၂၄၄-တို့၌လည်းရှုပါ။)

# ၁၀-အမှန်လေးချက်တရားစက်

## တရားဟောရေး

ဘုရားရှင်ဟာ မိမိသိမြင်ရတဲ့ တရားတော်ကို ဆင်ခြင်ပြီးတော့"အင်း-ငါ ခဲယဉ်းစွာအားထုတ်နိုင်လို့ရလာ သိလာတဲ့ တရားသဘောကို ခုအနေဟောပြဘို့ မသင့်သေးဘူး၊ ရာဂစိတ်တွေ ဒေါသစိတ်တွေ လွှမ်းမိုးနှိပ်စက်တာကို ခံနေကြရတဲ့ သတ္တဝါတွေဟာ လွယ်လွယ်နဲ့ ငါ့တရားကို သိကြမှာမဟုတ်ဘူး၊ အမိုက်မှောင်ထုက ဖုံးထားလေတော့ တပ်မက် စိတ်တွေ ရှိနေကြတဲ့သူတွေဟာ သိမ်မွေ့နက်နဲ မြင်နိုင်ခဲတဲ့ အနုမြူ သဖွယ် ဖြစ်တဲ့ ငါ့ရဲ့ အမှန်တရားကို သိမြင်နိုင်ကြမယ်-မဟုတ်ပေဘူး" လို့ တွေးတောဆင်ခြင်တော်မူကာ"တရားမဟောတော့ဘူး"လို့ ပဌမတော့ဆုံးဖြတ်ချက်ချလိုက်မိပါသတဲ့၊နောက်မှကျွတ်ထိုက်သူများအတွက် တရားဟောတော်မူရန် ပြန်လည်ဆုံးဖြတ်တော်မူပြန်တယ်တဲ့။

အဲသလို ကိုယ်တော်မြတ် သိမြင်တော်မူတဲ့ အမှန်တရားကို ဆရာ တော်ခဲ့ဘူးတဲ့ အာဠာရနဲ့ ဥဒကတို့ကို ဟောပြတော် မူလိုသော်လဲ ကွယ်လွန် သွားကြပြီမို့ ကောဏ္ဍညအစရှိတဲ့ ပဉ္စဝဂ္ဂီတို့ကို ဟောရအောင် ဗာရာဏသီ မြို့တော်ရဲ့ အနီး ဣသိပတန ခေါ်တဲ့ မိဂဒါဝုန်တောဆီကိုကြွရောက်

ပြီး ပဉ္စဝဂ္ဂီတို့ကို တရားဦးဟောဘို့ ဆုံးဖြတ်တော် မူလိုက် တယ် တဲ့။

အဲသလို-ဆုံးဖြတ်တော်မူလိုက်သော်လဲချက်ချင်းမကြွသေး ဘူး၊ဝါဆိုလဆန်း ၁၄-ရက်အထိ အဲဒီ ဗောဓိမဏ္ဍိုင် တဝိုက် မှာဘဲ ဆွမ်းခံလှည့်လည်ကာ သီတင်းသုံးတော်မူနေတယ် တဲ့။ ဝါဆိုလပြည့်နေ့မှာမှ မိဂဒါဝုန်တောဆီကို အစောကြီး ကြွ တော်မူ တယ် တဲ့။

## ဥပကနှင့်တွေ့ဆုံခြင်း

လမ်းမှာ ဥပကဆိုတဲ့ တက္ကတွန်း (တက္ကဒွန်း) နဲ့ တွေ့ သတဲ့၊ ဥပကက ဘုရားရှင်ကို ကြည့်ပြီး "ကြည့်ရတာ တယ်လဲ သန့်ရှင်းကြည်လင်ပါပေတယ်၊ ကိုယ်သား ကိုယ်ရေ တလဲ တလက်လက် တောက်ပပါပေတယ်၊ ငါ့ရှင်-ဘယ်သူ့ကို ဆရာတင်ပါသလဲ၊ ဘယ်သူ့တရားကို ကြိုက်သလဲ" စသည် ဖြင့် မေးလိုက်တယ်တဲ့၊ ဒီတော့မှ ဘုရားရှင်က "ငါ့မှာ ဆရာရယ်လို့မရှိဘူး၊ ငါနဲ့တူသူရယ်လို့လဲ မရှိဘူး၊ ငါဟာ တဦးတည်းသော အမှန်တရားကို ကိုယ်တိုင် သိမြင်တဲ့သူ (သမ္မာသမ္ဗုဒ္ဓ)ဖြစ်တယ်၊ တရားစက်ကိုလှည့်ရအောင် ကာသိ တိုင်း ဗာရာဏသီကိုငါသွားမယ်၊ အကန်းလောကကြီးထဲမှာ အမြိုက်တရား စည်ကြီးကို ငါ တီးတော့မယ်၊ ငါ့အမည် ဇိနလို့ ခေါ်တယ်" စသည်ဖြင့် မိန့်တော်မူသတဲ့။

ဥပကဲ-ကလဲ "ငါ့ရှင်-သင့်စကားအတိုင်း ဟုတ်လောက် စရာ ရှိပါပေတယ်" လို့ ဆိုကာ ခေါင်းညိတ်ပြီး ခွဲသွားပါ သတဲ့၊ အဲဒီဥပကဟာ ဝင်္ကဟာရဆိုတဲ့ ဇနပုဒ်ကို ရောက်ပြီးတဲ့

နောက် မုဆိုးကြီးရဲ့သမီး စာပါ နဲ့ ညားတဲ့ အကြောင်း မင်းတို့လဲ ကြားဘူးကြမှာပေါ့၊ ဒီမှာတော့—သူ့အကြောင်း အကျယ်ပြောနေလို့ မဖြစ်သေးဘူး။

## အမှန်လေးချက်–တရားစက်

ဝါဆိုလပြည့် ညနေပိုင်းမှာ မိဂဒါဝုန်တောကို ရောက် လာတယ်တဲ့၊ ပဉ္စဝဂ္ဂီတွေက သုရားရှင် လာနေတာကို အဝေးကနေ မြင်ကြသော်လဲ "ရဟန်း—ဂေါတမ လာနေ ပီဟော့၊ လပ်ပေါရေးဘက်ကို လိုက်သွားတဲ့ ဂေါတမကို ရှိမခိုးကြစတမ်း၊ ခရီးဦးကြိုမပြုကြစတမ်း၊ သပိတ်သင်္ကန်း ကို လှမ်းပီး မယူကြစတမ်း၊ ထိုင်ဘို့ နေရာလောက်ကလေး တော့ ပေးကြစို့ရဲ့" ဟု တိုင်ပင်ပီး ထားနှင့်ကြသတဲ့။

ဘုရားရှင်ကလဲ သူတို့ရဲ့စိတ်ကို သိတော်မူတဲ့ အတွက် သူတို့ဆီကို မေတ္တာ ပို့တော်မူသတဲ့၊ သူတို့နဲ့ တဖြေးဖြေး နီးလာတဲ့အခါမှာ ဘုရားရဲ့ အရှိန်အဝါ၊ မေတ္တာစိတ်ရဲ့ အရှိန်အဝါ တွေကြောင့် တိုင်ပင်ထားတဲ့အတိုင်းမနေနိုင်ကြ တော့ဘဲ ခရီးဦးကြိုပြုကြတယ်တဲ့၊ သပိတ်သင်္ကန်း ယူသူကယူ နေရာ ခင်းသူကခင်း ခြေဆေးရေ ချသူကချ– စသည်ဖြင့် ပြာပြာသလဲ ပြုစုကြသတဲ့။

ဘုရားရှင် ခြေဆေးနေတုန်းမှာ သူတို့က ကိုယ်အမူအရာ နဲ့သာ ရှိသေကြတယ်၊ ပစပ်ကတော့ ဂေါတမ လို့ဘဲ နံမယ်ကို ထုတ်ပီး ခပ်ရိုင်းရိုင်း ခေါ်ကြသတဲ့၊ ငါ့ရှင် (ပါဠိလိုတော့–အာဝုသော) ရယ်လို့ သူငယ်ချင်းများလို တန်းတူရည်တူထားပီး သုံးနှုန်း ဆက်ဆံကြတယ်တဲ့။

အဲဒီတော့ ဘုရားရှင်ဟာ "သင်တို့ ငါ့ကို ဂေါတမ လို့ မခေါ်ကြနဲ့၊ငါ့ရှင်လို့ မသုံးကြနဲ့၊ ငါဟာ အမှန်တရားကို ထိုးထွင်းသိမြင်ခဲ့ပြီ၊ အမြိုက်တရားကိုရပြီ၊သင်တို့ကို ငါဘုရား တရားဟောပြတော်မူမယ်၊ ငါဟောပြတဲ့အတိုင်း လိုက်နာ ယင် သင်တို့မြော်ကိုး တောင့်တနေကြတဲ့ တရားတော်ကို မျက်မှောက် ပြုနိုင်ကြလိမ့်မယ်..." စသည်ဖြင့် မိန့်တော်မူ တယ် တဲ့။

ဒါပေမဲ့ သူတို့က မယုံကြဘူး။

"ဟိုတုန်းက ခဲခဲယဉ်းယဉ်း ကျင့်ခဲ့တာတောင် အမှန် တရားကို မရ မသိဘဲ အခုလို ပစ္စည်းပေါရေးဆီ လိုက်သွား ပြီးကာမှ အမှန်တရား အမြိုက် တရားကို သိမြင် ရရှိတယ် ဆိုတာဟုတ်နိုင်ပါ့မလား"စသည်ဖြင့် ပြန်ပြောကြတယ်တဲ့။

အဲသလို သုံးကြိမ်တိုင်တိုင် အပြန်အလှန် ပြောကြ ပြီးတဲ့ နောက် "ရဟန်းတို့-ငါ့ကို အထင်ကြီးအောင် တခါလောက် များ ပြောခဲ့ဘူးရဲ့လား?၊ အဲဒီတုန်းကသာ ငါ ရဟန္တာဖြစ် ပြီလို့များ ပြောခဲ့ယင် သင်တို့ ယုံမှာ ကေန်ဘဲ၊ဒါပေမင့် ငါမပြောခဲ့ဘူး၊ အခုတော့ငါ့မှာ တကယ်အဟုတ်ရှိတဲ့ဂုဏ်ကို ထုတ်ပြောခြင်းသာ ဖြစ်တယ်" စသည်ဖြင့် မိန့်တော်မူလိုက် တော့မှ ယုံကြည်ပီး လာကြသတဲ့။

အဲဒီတော့မှ နေ့ကုလဲဝင်ဆဲ- လကလဲထွက်ဆဲ အချိန်မှာ ဓမ္မစက္က (တရားစကြာ)လို့ခေါ်တဲ့ အမှန်တရား လေးပါးကို အခြင်းအရာ ၁၂-ပါးနဲ့တကွဟောတော်မူတယ် တဲ့၊ အဲသလို အခြင်းအရာ ၁၂-ပါးနဲ့တကွအမှန်တရားလေးပါးကို သိလို့ သိတယ် လို့ ဝန်ခံတာ ဖြစ်ကြောင်းကိုလဲ မိန့်တော်မူဘယ် တဲ့၊(ဝါ–ဦးသိ ဖြစ်ကြောင်းကိုလဲ မိန့်တော်မူတယ်တဲ့။)

## တရားမျက်စေ့ပွင့်သွားကြခြင်း

တရားတော်အဆုံးမှာ အရှင်ကောဏ္ဍည ကိုယ်တော်ကြီး တာ‌ ‌ တရားမျက်စေ့ ပွင့်သွားပါသတဲ့။

တပည့်တဦး။ ။ဘယ်လို ပွင့်သွားတာပါလဲ- ဆရာကြီး။

ဆရာ ။ ။ပွင့်သွားတယ် ဆိုတာ-ဖြစ်သမျှ ချုပ်ပျောက်ရမှာပါတကား လို့ သိမြင်သွားတာကိုဆိုတယ်၊ အဲသလိုသိမြင်ဘို့ လွယ်တယ်လို့မျှားမထင်လိုက်ကြနဲ့နော်....၊အဲဒီစကားကလေးကို ဆရာချဲ့ပြောရယင် ရက်ပေါင်းများစွာ ကြာတော့မှ အတော်ကလေး လိပ်ပတ်လယ်ရုံဘဲ ရှိမယ် တပည့်တို့....။

အဲသလို တရားမျက်စေ့ပွင့်သွားတဲ့အတွက် အမြင်မှားချက် ဆိုတာလဲမရှိတော့ဘူး၊ယုံမှားချက် ဆိုတာလဲမရှိတော့ဘူး၊အဲဒီ နှစ်မျိုးမရှိတဲ့ပုဂ္ဂိုလ်ကိုသောတာပန် လို့ခေါ်တယ်။

ဘုရားရှင်ဟာ အဲဒီ မိဂဒါဝုန်တောမှာဘဲ ဝါကပ် သီတင်းသုံးတော်မူတယ်၊ နောက်တနေ့ (ဝါဆိုလပြည့်ကျော် ၁-ရက်နေ့) မနက်ပိုင်းမှာ အရှင် ဝပ္ပ—သောတာပန် ဖြစ်သွားသတဲ့၊ ၂—ရက်နေ့မှာ အရှင် ဘဒ္ဒိယ, ၃—ရက်နေ့မှာ အရှင် မဟာနာမ, ၄-ရက်နေ့မှာ အရှင် အဿဇိ ဆိုပြီး အသီးအသီး သောတာပန် ဖြစ်သွားကြသတဲ့။

လပြည့်ကျော် ငါးရက်နေ့မှာ အနတ္တလက္ခဏ သုတ်တော်ကို ဟောတော်မူတဲ့အခါ ငါးပါးစလုံး ရဟန္တာ ဖြစ်သွားကြတယ်တဲ့။

တပည့်တဦး။ ။ရဟန္တာဖြစ်သွားတယ် ဆိုတာ ဘယ်လို ဖြစ်သွားတာပါလဲ—ဆရာကြီး။



မမ္ဗစကြာတရားဟောတော်မူရာဌာနတွင်
တည်ထားသည့်(မမက်)ခေါ် - စေတီတော်ကြီးပုံ

ဆရာ ။ ။ဒီနေရာမှာ တိုတိုတလေးနဲ့ မင်းတို့ နားလယ်အောင် ဆရာ ကြိုးစား ပြောရယင်–ရဟန္တာဖြစ်သွားတယ်ဆိုတာ လောဘစိတ် ဒေါသစိတ်....အစရှိတဲ့ စိတ်ဆိုး စိတ်ညစ်တွေ လုံးဝ မရှိတော့ဘဲ အမှန်တရားလေးပါးကို သိတဲ့ ပုဂ္ဂိုလ် ဖြစ်သွားတာကို ရဟန္တာခေါ်တယ်–လို့ သာ အချုပ်သဘော မှတ်ထားကြကွယ်။

ဝါဆိုလပြည့်ကျော် ခုနစ်ရက်နေ့ ရောက်တဲ့ အခါမှာ ဟိမဝန္တာက နာလက ဆိုတဲ့ရသေ့ မိဂဒါဝုန်ကို ရောက်လာတဲ့ အတွက် မောနေယျ အကျင့်ကို ဟောတော်မူတယ်တဲ့။

တပည့်တဦး။ ။မောနေယျ အကျင့်ဆိုတာ ဘယ်လို အကျင့်ပါလဲ–ဆရာကြီး။

ဆရာ ။ ။မဂ်ဉာဏ်လေးပါးသို့ ဆိုက်ရောက်ရေး ဖြစ်တဲ့ အကျင့်ကို ဆိုလိုဘယ်၊ တကယ် ကတော့ မဂ်ဉာဏ်လေးပါးဆိုတာကိုလဲ မင်းတို့ သိမှာမဟုတ် သေးဘူး၊ အဲဒီတော့ ခုအနေ ဒါလောက်ဘဲ မှတ်ထား နှင့်ကြပေါ့ကွာ။

## မိဂဒါဝုန်နှင့် ဥရုဝေလတွင်

### ယသနှင့်မိတ်ဆွေများရဟန္တာဖြစ်ကြခြင်း

ဘုရားရှင်ဟာ အဲဒီနှစ်မှာ ဝါဆိုလကစပြီး မိဂဒါဝုန် တောမှာဘဲ ဝါကပ်တော်မူနေတယ်။

အဲသလို ဝါကပ် နေတုန်းမှာ ဗာရာဏသီ နိုင်ငံ သူဌေးသား...

သုဇာတာရဲ့ သား ယသ သူဌေးသားဟာ ဘုရားရှင်ရှိရာကို ရောက်လာတယ်။

အဲဒီ ယသသူဌေးသားဟာ ဆောင်းရာသီ အဆောင်, နွေရာသီအဆောင်, မိုးရာသီအဆောင် ဆိုပြီး အဆောင် သုံးမျိုးမှာ ယောကျ်ားဆိုလို့ တယောက်မှ မပါဘဲ တီးခါး စောင့်က အစ မိန်းမတွေချည်း ခြံရံတဲ့ စည်းစိမ်ကြီးကို ခံစား နေတယ်တဲ့၊ ဘုရားရှင် မိဂဒါဝုန်မှာ သီတင်းသုံးခိုက်ဆိုတော့ မိုးရာသီအဆောင်မှာ ပျော်စံနေတာပေါ့ကွာ၊ ကခြေသည် တွေတပုံကြီးနဲ့ ပျော်ချင်တိုင်း ပျော်နေတာပေါ့။

တနေ့တော့ စောစော စီးစီး အိပ်ပျော် သွားတယ်တဲ့၊ နိုးလာတဲ့အခါကျတော့ အလောင်းတော် ထောထွက်ခါနီး မှာ မြင်ရသလိုဘဲ ကခြေသည်တွေ အိပ်ပျော် နေကြ ပုံကို တွေ့ရလို့ စက်ဆုပ်ငြီးငွေ့ပြီးတော့ ဗရာဏသီပြည်—မိဂဒါဝုန် တောဆီကို အစောကြီးထလာခဲ့တယ် တဲ့။

ယသဟာ ဘုရားရှင်ထံက တရား အဆင့်ဆင့် နာရတဲ့ အတွက် အမှန်တရားလေးပါးကို သိမြင်ပြီး သောတာပန်ဖြစ် သွားတယ် တဲ့။

သားပျောက်လို့ လိုက်လာတဲ့ သူ့ဖခင် သူဌေးကြီးလဲ ဘုရားရှင်ဆီရောက်တော့ တရားနာရလို့ သောတာပန် ဖြစ် သွားပြန်တယ်တဲ့။

ယသကတော့ အမှန်လေးပါးကို သုံးသပ် ဆင်ခြင်ရင်း အသိဉာဏ် မြင့်သထက် မြင့်လာပြီး ရဟန္တာ ဖြစ်သွားပါ တယ်တဲ့။

ဖခင် သူဌေးကြီးကတော့ သားနှင့် တကွ ဘုရားရှင်ကို ဆွမ်းစားကြွရန် ပင့်လျှောက်ပြီးတော့ ပြန်သွားရှာတယ်တဲ့။

ဘုရားရှင်ဟာအရှင်ယသကို နောက်ပါရဟန်းပြုလုပ်ပြီး သူဌေးကြီး ပင့်သွားတဲ့အတိုင်း ဆွမ်းဘုန်းပေးရအောင်ကြွသွားသတဲ့၊အဲ့ဒီမှာ အရှင်ယသရဲ့မိခင်နဲ့ဇနီးတို့ဟာလဲဘုရားရှင်ရဲ့တရားတော်ကိုနာရလို့ သောတာပန်ဖြစ်သွားပြန်ရောတဲ့။

ဗာရာဏသီမြို့တော်မှာ သူဌေးမျိုးအစဉ်အဆက်ကဆင်းသက် လာခဲ့ကြတဲ့ ဝိမလ, သုဗာဟု, ပုဏ္ဏဇိ, ဂဝမ္ပတိ ဆိုတဲ့ အရှင်ယသရဲ့ ငယ်ပေါင်း မိတ်ဆွေဟောင်းများလဲ အရှင်ယသရဲ့အကြောင်းကိုသိရလို့အရှင်ယသဆီသွားကြတယ်တဲ့၊ အရှင်ယသက ဘုရားရှင်ဆီ ပို့ပေးလိုက်လို့ ဘုရားရှင်က တရားဟောလိုက်တော့ သောတာပန်တွေ ဖြစ်ကုန်ကြပြန်ရော တဲ့၊သောတာပန်အဖြစ်နဲ့ရဟန်းပြုပြီးပြန်တော့ရဟန္တာဖြစ်ကြပြန်ပါရော တဲ့။

ပြီးတော့ အရှင်ယသရဲ့ မိတ်ဆွေဟောင်းဖြစ်တဲ့ ဇနပုဒ်သားငါးဆယ်တို့ဟာလဲ အရှင်ဝိမလတို့လိုဘဲ အရှင်ယသဆီလာ....ဘုရားဆီ ရောက်....တရား တော်နာ....ရဟန္တာ ဖြစ်ကြ....ပေါ့ကွယ်။

ပဉ္စဝဂ္ဂီ တွေနဲ့ ဆိုယင် ရဟန္တာပေါင်း ခြောက်ဆယ် ရှိသွားပြီကွဲ့ နှော်....။

## သာသနာပြုကြွကြခြင်း

ဘုရားရှင်ဟာ ရဟန္တာပေါင်းခြောက်ဆယ်တို့ကို သာသနာ ပြုကြွရန် စေလွှတ်တော်မူတယ်တဲ့၊ ခရီးတခုထဲမှာ နှစ်ပါး ပေါင်းပြီး မသွားဘဲ လမ်းခွဲပြီးသွားကာ တရားဟောထွက်ကြဲရန် စေလွှတ်တော်မူတယ် တဲ့၊အဲဒီအခါတုန်းက ဗုဒ္ဓဘာသာ ရဟန်းတော်ရယ်လို့ ဖြစ်လာယင် ဝါတွင်း သုံးလ

(မိုးရာသီ ၃—လ)မှာ တနေရာထဲမှာ ဝါဆိုဝါကပ်ပြီး စုံမြဲစွာ နေရမယ်–ဆိုတဲ့ ပညတ်ချက်ကို မပြုရသေးဘူး။

သာသနာပြုကြတဲ့ ရဟန္တာတွေဟာ အရပ်ဒေသ အသီးသီးက ဗုဒ္ဓသာသနာမှာ ဝင်ပြီး ရှင်ရဟန်းပြုလိုသူ တွေကို ဘုရားရှင်ရှိရာ ခေါ်လာလိုက်ကြတာ မနဲဘူးတဲ့၊ အဲသလို ခေါ်လာတဲ့ ရှင်ရဟန်းလောင်းတွေအဖို့ အင်မတန်ဆင်းရဲပင်ပန်းစွာလိုက်ပါခဲ့ကြရတာကို တွေ့မြင်တော်မူတဲ့ အတွက် အဲဒီ သာသနာပြု ရဟန္တာတွေကိုင်တိုင် ရောက်ရာ နေရာမှာ ရှင်ရဟန်းပြု ပေးနိုင်တယ်လို့ ခွင့်ပြုတော်မူ လိုက်တယ်။

အဲဒီတုန်းက ရှင်ရဟန်းပြု ရတာ အတော်လွယ်ကူတယ်။ အခုအခါ မှင်းတို့မြင်ဘူးသလိုသိမ်ဝင်ပြီး ရဟန်းခံရတာမျိုးတွေ ဘာတွေ မရှိသေးဘူး၊ဆံမုတ်ဆိတ်ရိတ်...သင်္ကန်းဝတ်.... ဆောင့်ကြောင့်ထိုင်...လက်အုပ်ချီပြီးတော့—

ဗုဒ္ဓဘုရားကို ကိုးကွယ်ဆည်းကပ်ပါတယ်၊ ဗုဒ္ဓရဲ့ တရားတော်ကို ကိုးကွယ်ဆည်းကပ်ပါတယ်၊ ဗုဒ္ဓဘုရားရဲ့ တပည့်တော် အပေါင်းကို ကိုးကွယ် ဆည်းကပ် ပါတယ်လို့”— သုံးကြိမ်သုံးခါ ဆိုလိုက်ယင်ပြီးရော။

## ဘဒ္ဒဝဂ္ဂီညီနောင်သုံးဆယ်

ဘုရားရှင်ဟာ မိဂဒါဝုန်တောမှာ အလိုဆန္ဒရှိသလောက် သီတင်းသုံးတော်မူတဲ့ပြီးနောက် ကိုယ်တော်တပါးထဲဉရုဝေလ တောဆီကို ကြွလာတော်မူပြန်တယ် တဲ့။

အဲသလို ကြွလာတဲ့အခါ လမ်းမှာ ကပ္ပါသိက ခေါ်တဲ့ တောအုပ်ထဲဝင်ပြီး သစ်ပင်ရင်းတခုမှာ သီတင်းသုံးတော်မူ တယ်။

အဲဒီအခါမှာ မယားကိုယ်စီနဲ့ အသင်းလိုက် အဖွဲ့လိုက် လှဲ့လယ် ကျက်စားနေကြတဲ့အတွက် ဘဒ္ဒဝဂ္ဂီ လို့ခေါ်တဲ့ ညီနောင်သုံးဆယ်တို့ကလဲ အဲဒီတောအုပ်မှာဘဲ ပျော်မြူး နေထိုင်ကြဆဲဖြစ်တယ် တဲ့။

အဲဒီအထဲမှာ ကိုယ်ပိုင်မယား လက်ကိုင်မရှိတဲ့ မင်းသား တယောက်ဟာ ပြည့်တန်ဆာမတယောက်ကို အခပေးပြီး ခေါ်လာခဲ့တယ်တဲ့၊ အဲဒီ ပြည့်တန်ဆာဟာ မင်းသားတွေ သောက်စားမူးယစ်နေတုန်းမှာ ဥစ္စာပစ္စည်းတွေကို ယူပြီး ရှောင်ပြေးပါလေရောတဲ့၊ အဲဒီမိန်းမကို အဖော်သူငယ်ချင်း အားလုံး ဝိုင်းရှာကြရင်က ဗုဒ္ဓဘုရားကို တွေ့ကြရလေတော့ 'မိန်းမတယောက် တွေ့လိုက်ပါသလား' လို့ မေးကြ တယ်တဲ့၊ ဘုရားရှင်က ပြန်မေးတဲ့အခါမှာ သူတို့ကလဲဖြစ်ကြောင်း ကုန် စင် ပြန်ပြီး ပြောကြသတဲ့၊အဲဒီတော့ ဘုရားရှင်က "မိန်းမ ပျောက်ကို ရှာတာနဲ့ မိမိကိုယ်ကိုရှာတာ ဘယ်ဟာက မြင့် မြတ်တယ်လို့ သဘောရကြသလဲ"လို့မေးတော်မူလိုက်တယ်၊ 'မိမိကိုယ်ကိုရှာတာက မြတ်ပါတယ်ဘုရား' လို့ ပြန်လျှောက် ကြတယ်တဲ့၊ အဲဒီမှာ ဘုရားရှင်က တရားတော်ကို တဆင့်ပြီး တဆင့် ဟောတာကိုနာယူရတဲ့အတွက် အရိယာပုဂ္ဂိုလ် တွေ ဖြစ်ကုန်တယ်တဲ့၊

သူတို့ဟာ သာမည မင်းသားတွေ မဟုတ်ကြဘူး တဲ့၊ ကောသလတိုင်းရဲ့ဘုရင် ကောသလမဟာရာဇာနဲ့ အဖတူ အမိကွဲ ညီအစ်ကိုတော်စပ်ကြတယ် တဲ့။

## ကဿပသုံးဦးနှင့်တကွ ရှင်တထောင်

အဲဒီနောက်မှာ ဘုရားရှင်ဟာ ဥရုဝေလတောအုပ်ကို ရောက်တော်မူသွားတယ်၊ ဥရုဝေလတောမှာ တပည့် ရသေ့ ငါးရာရဲ့ ဆရာကြီး ဖြစ်တဲ့ **ဥရုဝေလကဿပ** ရယ်၊ ဥရုဝေလ ကဿပရဲ့ ညီလတ် ဖြစ်တဲ့ (တပည့်သုံးရာရဲ့ ဆရာကြီး) **နဒီကဿပ**ရယ်၊ ညီအငယ်ဆုံး (တပည့်နှစ်ရာရဲ့ ဆရာကြီး) **ဂယာကဿပ** ရယ်ဆိုတဲ့ ရသေ့ညီနောင်သုံးဦးဟာသူ့ အစုနဲ့ သူ တရား ကျင့်ပြီးနေထိုင်ကြတယ်တဲ့။

ဘုရားရှင်ဟာ သူတို့ကို တစထက်တစ ရင်းနှီးရှိသ လာအောင် ပြုပြီး လာထဲ့အတွက် သုံးလလောက်ကြာတဲ့ အခါမှာ သူတို့တတွေဟာ ရဟန်းပြုလိုတဲ့ဆန္ဒ ပေါ်လာကြ တယ်တဲ့၊ ရသေ့တွေဟာ သူတို့ရဲ့ ရသေ့ပရိက္ခရာ အသုံး အဆောင်တွေ မီးပူဇော်တဲ့ အသုံးအဆောင် အဆောက် အဦးတွေကို နေရဉ္စရာမြစ်ထဲ မျှောပစ်လိုက်ကြပြီး ပဌမအစုတာ ပဌမအသုတ် ရဟန်းပြုကြတယ်၊ ဒုတိယ, တတိယ အစုများ လည်း တစုပြီး တစု ရဟန်းပြုကြတယ်။

ဘုရားရှင်ဟာ ဥရုဝေလတောအုပ်မှာ အလိုဆန္ဒရှိသမျှ သီတင်းသုံးတော်မူပြီးနောက် ဂယာ ဆိုတဲ့ ရွာရဲ့ အနားမှာ ရှိတဲ့ ဂယာသီသ (ဆင်ဦးခေါင်း) ဒေသဆီကို ဥရုဝေလစတဲ့ နောက်လိုက် ရှင်ရဟန်းတထောင်နဲ့ အတူ ကြွကာ သီတင်း သုံးတော်မူတယ်တဲ့။

အဲဒီမှာ အာဒိတ္တပရိယာယ (မီးတောက်ခြင်းပရိယာယ်) ဆိုတဲ့ တရားတော်ကို ဟောလိုက်တဲ့ အတွက် ဥရုဝေလစတဲ့ ရှင်ရဟန်းတထောင်ဟာ ရဟန္တာ ဖြစ်သွားကြတယ်တဲ့။

# ၁၁-ရာဇဂြိုဟ်နှင့် ကပိလဝတ်တွင်

## ဝေဠုဝန်ကျောင်းတော်

ဘုရားရှင်ဟာ နောက်ပါ ဥရုဝေလ အစရှိတဲ့ ရဟန္တာ တထောင်နဲ့ အတူ ရာဇဂြိုဟ် မြို့တော်ဆီ ကြွတော်မူတယ်၊ ရာဇဂြိုဟ်ရဲ့ အနီး ထန်းတောဥယျာဉ်ထဲမှာ ရှိတဲ့ ညောင်ပင်ကြီး အောက်မှာ သီတင်းသုံးတော်မူနေတယ်၊ အဲဒီအခါ ဗိမ္ဗိသာရမင်းဟာ ပုဏ္ဏား-သူဌေးပေါင်း တသိန်းနှစ်သောင်းနဲ့ ထွက်လာကာ ဖူးမျှော်တယ်တဲ့။

ပုဏ္ဏားသူဌေးသူကြွယ်တွေဟာ သူတို့ အထင်ကြီးနေတဲ့ ဥရုဝေလ ကဿပကိုယ်တိုင် ဘုရားရှင်ရဲ့ တပည့်ဖြစ်နေတာကို တွေ့မြင်သိရှိကြရတဲ့အတွက် အံ့သြခြီးမွမ်းမိကြတယ်တဲ့။

ဘုရားရှင်ရဲ့ တရားတော်ကို နာရတဲ့အတွက် ဗိမ္ဗိသာရမင်းနဲ့တကွ ပုဏ္ဏားတသိန်း တသောင်းဟာ သောတာပန်ဖြစ်သွားကြတယ်တဲ့၊ ကျန်တဲ့ တသောင်းကတော့ သရဏဂုံတည်တဲ့ ဥပါသကာတွေ ဖြစ်သွားကြတယ်တဲ့။

တပည့်တဦး။ ။သရဏဂုံတည်တယ်ဆိုတာ ဘယ်လိုဟာပါလဲ-ဆရာကြီး။

ဆရာ ။ ။သရဏဂုံ တည်တယ် ဆိုတာ ဘုရား, တရား, သံဃာဆိုတဲ့ သုံးပါးကို ယုံကြည်ကိုးကွယ်သူတွေ ဖြစ်သွားတယ်လို့ ဆိုလိုတာပေါ့ကွာ။

ဗိမ္ဗိသာရမင်းဟာ နောက်တနေ့မှာ ဘုရားရှင်နဲ့ တကွ ရဟန္တာအဲပေါင်းကို ဆွမ်းလုပ်ကျွေးပီးတော့ ဝေဠုဝန် လို့ ခေါ်တဲ့ ဥယျာဉ်တော်ကြီးကို ဘုရားရှင် သိတင်းသုံးဘို့ လှူ တော်မူတယ် တဲ့၊ ဘုရားရှင်ကိုလှူတော်မူတဲ့ အဲဒီ ဝေဠုဝန် ဥယျာဉ်တော်ဟာ အင်မတန်သာယာလှပတဲ့အပြင် (၁)မြို့ ရွာနဲ့ မနီးလွန်းခြင်း (၂)မဝေးလွန်းခြင်း (၃) သွားလမ်း လာလမ်းနဲ့ ပြည့်စုံခြင်း (၄) လူတိုင်းအဖို့ သွားလာရန် လွယ်ကူခြင်း (၅) ဆိတ်ငြိမ်ခြင်းဆိုတဲ့ အချက်ကြီးငါးမျိုးနဲ့ ပြည့်စုံတယ် တဲ့။

တပည့်တဦး။ ။ဥယျာဉ်ကြီးထဲမှာ ဒီအတိုင်း ဘာအ ဆောက်အဦမှ မရှိဘဲနေကြပါသလား— ဆရာကြီး။

ဆရာ ။ ။ဘယ် ဟုတ်ပါမလဲ ကွယ်၊ နဂို ထဲက ပြာသာဒ်တွေ၊ ဗိမာန်တွေ၊ လေးဖက်မိုး နှစ်ဖက်မိုး အဆောက်အဦတွေ၊ မဏ္ဍပ်ကန္နားတွေ ရှိနေ တယ်တဲ့။

## အင္ဂုသာဝက ၂—ပါး

ဘုရားရှင် ရာဇဂြိုဟ်ကို ရောက်ပီးလို့ လဝက်လောက် ကြာသွားတဲ့အခါမှာ ပဥ္စဝဂ္ဂီငါးပါးအနက် အငယ်ဆုံးဖြစ်တဲ့ အသဇိ ကိုယ်တော်ဟာရာဇဂြိုဟ်ပြည်ထဲကို ဆွမ်းခံကြွအသွား မှာ ဥပတိဿ ဆိုတဲ့ ပရိဗိုဇ်က မြင်လေတော့ ကြည်ညိုတဲ့ စိတ်တွေပေါ်လာပီး တရားထူးရှိတဲ့သူ ဖြစ်မယ်လို့ သဘော ရကာ နောက်က တကောက်ကောက် လိုက်နေတယ်တဲ့။

တပည့်တဦး။ ။ပရိဗိုဇ်ဆိုတာ ဘယ်လိုဟာပါလဲ-ဆရာ ကြီး။

ဆရာ ။ ။တနေရာထဲမှာ အပိုင်အမြဲမနေဘဲလှည့်ပတ် သွားလာပြီး နေတဲ့အကျင့်ရှိသူ တမျိုး-လို့ အကြမ်းပြင်းမှတ်ထားစေချင်တယ်။

အရှင်အဿဇိဟာ တယောက်စာ ဝအောင် ရတဲ့အခါမှာ အဲဒီဆွမ်းကို တနေရာမှာထိုင်ပီး သုံးဆောင်မယ်လို့ ဟန်ပြင်လိုက်တဲ့အခါမှာ အဲဒီ-ပရိဗိုဇ်က နေရာခင်းပေးတယ်၊ဆွမ်းစားပီးတဲ့အခါမှာလဲ ရေကပ်တယ်၊ ပီးတော့မှ သူက အရှင်အဿဇိရဲ့ဆရာဘယ်သူလဲဆိုတာကိုလဲမေးတယ်၊ လက်ခံကျင့်သုံးတဲ့ တရားကိုလဲ မေးတယ်၊ တရားဟောဘို့လဲ တောင်းပန်တယ်၊ အရှင်အဿဇိက အမှန်လေးပါး တရားတော်ကို တိုတိုကလေးဟောပြလိုက်တာကြားရတာနဲ့ ဥပတိဿဟာ သောတာပန် ဖြစ်သွားတယ်။

ဥပတိဿဟာ ဘုရားရှင်သီတင်းသုံးရာ ကျောင်း နေ ရာကိုမေးထားလိုက်ပီးတော့ သူတို့နေရာ ပရိဗိုဇ် ကျောင်းတိုက်ဆီပြန်လာတယ်၊ပြန်ရောက် ပြီးတဲ့နောက် သူ့ ငယ်သူငယ်ချင်းကောလိတ ဆိုတဲ့ ပရိဗိုဇ်ကို အရှင်အဿဇိဟောတဲ့ အတိုင်းပြန်ဟောပြလိုက်တဲ့အတွက် ကောလိတလဲ သောတာပန် ဖြစ်သွားပြန်ရောတဲ့။

အဲဒီနောက် ဥပတိဿနဲ့ ကောလိတ ဟာ တပည့်ပရိဗိုဇ် ၂၅၀-နဲ့အတူ ဘုရားရှိရာကိုလာကြသတဲ့၊ သူတို့ရဲ့ ပရိဗိုဇ်ဆရာကြီး သိဉ္စည်း ကိုသွားပီး ခေါ်ကြသေးသော်လဲ မလိုက်တော့ဘူး လို့ ငြင်းလိုက်တယ်တဲ့။

သူတို့နှစ်ဦးဟာ ဘုရားထံမှာ ရဟန်းပြုကြ ပြီးတဲ့နောက် တပည့် ၂၅၀ က ရဟန္တာ အထယ် ဖြစ်သွားနှင့်ကြတယ်၊ အဲဒီ တပည့်တွေရဲ့ နောက်မှာမှ အရှင်ကောလိတ ရဟန္တာ

ဖြစ်သွားတယ်၊ အရှင် ဥပတိဿကတော့ နောက်ဆုံးမှာမှ ရဟန္တာဖြစ်သွားတယ်၊ (သူတို့ကို ဘယ်တရားတွေ ဘယ်လို ဟောတယ်-ဆိုတာကိုတော့ မင်းတိုင်ကြီးမှာဘဲ အကျယ်ရှာဖွေ ကြည့်ကြတော့ကွာ။)

ဘုရားရှင်ဟာ ဝေဠုဝန်ကျောင်းအတွင်း တပည့်ရဟန္တာ ပေါင်း ၁၂၅၀-ရဲ့ ရှေ့မှောက်မှာ ဥပတိဿနဲ့ကောလိတ တို့ကို အဂ္ဂသာဝက အရာ အပ်နှင်းတော်မူတယ်တဲ့၊ ဩဝါဒ ပါတိမောက် ကိုလဲ ပြတော်မူတယ်တဲ့။

တပည့်တဦး။ ။အဂ္ဂသာဝကဆိုတာ ဘာကို ဆိုလိုပါ သလဲ-ဆရာကြီး။

ဆရာ ။ ။အဂ္ဂ=ဆိုတာက မြတ်တာ၊ သာဝက= ဆိုတာက တပည့်၊ တပည့်တွေထဲမှာ အမြတ်ဆုံး-အကြီးမြင့်ဆုံးဆိုတဲ့ ရာထူးပေါ့ကွာ။

တပည့်တဦး။ ။ဩဝါဒပါတိမောက် ဆိုတာကကော- ဆရာကြီး။

ဆရာ ။ ။ဆုံးမဩဝါဒပေးတဲ့ အချက်ဘဲလို့သာ အကြမ်းပြင်းမှတ်ထားပေါ့ကွာ။

အဲဒီ အဂ္ဂသာဝက ရာထူးကြီးတွေ ရသွားကြတဲ့ နှစ်ပါး အနက် အရှင်ဥပတိဿကို အရှင် သာရိပုတြာ(သာရိပုတ္တာ)လို့ ခေါ်ကြတယ်၊ အရှင်ကောလိတကိုတော့ အရှင် မောဂ္ဂလာန် (မောဂ္ဂလ္လာန်) လို့သာ အခေါ်များကြတယ်၊ သာရီဆိုတဲ့ ပုဏ္ဏေးမကြီးရဲ့သားမို့သာရိပုတြာလို့ခေါ်တာတဲ့၊မောဂ္ဂလီ ဆိုတဲ့ ပုဏ္ဏေးမရဲ့ သားမို့ မောဂ္ဂလာန်လို့ ခေါ်ကြတာတဲ့၊ ဗြာဟ္မဏဆိုတဲ့ ပုဏ္ဏားလူမျိုးတွေပေါ့ကွယ်။

ဘုရားရှင်ဟာ အဲသလို ဝေဠုဝန် ကျောင်းတော်မှာ သီတင်းသုံးတော်မူရင်း တရားဟောတော်မူလို့ သရဏဂုံ တည်တဲ့ ပုဂ္ဂိုလ်တွေ အရိယာ ဖြစ်သွားတဲ့ ပုဂ္ဂိုလ်တွေ အများကြီးပေါ်ကြွယ်။

တပည့်။ ။အရိယာဆိုတာ ဘာကို ဆိုလိုပါသလဲ-ဆရာကြီး။

ဆရာ ။ ။မမှန်မကန်တဲ့ ဆိုးညစ်တဲ့ စိတ်နှစ်မျိုး မရှိတဲ့ပုဂ္ဂိုလ်က စပြီး ဆိုးညစ်တဲ့ စိတ်ဆိုသမျှ တစမကျန် ပယ်သတ် ကင်းစင်တဲ့ ပုဂ္ဂိုလ်အထိ ၈-ယောက်ကို အရိယာ ၈-ယောက်လို့ ခေါ်တယ်၊ အဲသလောက်ဘဲ အကြမ်းပြင်း မှတ်ထားကြပေါ့ကွယ်။

## ကပိလဝတ် နေပြည်တော်သို့

သုဒ္ဓေါဒနမင်းကြီးဟာ သားတော်ရဲ့ အကြောင်းကို ကြားရတဲ့အတွက် အပင့်ခိုင်းလိုက်တယ်၊ အဲဒီမှာပဌမအသုတ် အပင့်လွှတ်လိုက်တဲ့ ခေါင်းဆောင်အမတ်နဲ့ နောက်လိုက်တွေဟာ ဘုရားရှင်ဆီရောက်ပြီး တရားနာရလို့ ရဟန္တာ ဖြစ်သွားကြတယ်၊ မပြန်ကြတော့ဘူး။

အဲသလို-ကိုးကြိမ်တိုင်တိုင် ပင့်ရအောင် စေလွှတ်သော်လဲ လွှတ်လိုက်သမျှ ရဟန္တာတွေ ဖြစ်ကုန်ကြတယ်တဲ့၊ ဘယ်သူကမှလဲ ခမည်းတော်ဆီ သတင်းမပြန်ကြားကြဘူးတဲ့၊ အဲဒီ ၉၀၀၉ ယောက်လုံး ပြန်မလာတော့မှ ဘုရားရှင်နဲ့ ဖွားဖက်တော် ကာဠုဒါယီ အမတ်ကို နောက်လိုက် တထောင်နဲ့ စေလွှတ်လိုက်ပြန်တယ်။

ကာဠုဒါယီနဲ့ နောက်လိုက် တထောင်လဲ ရှေးနည်းတူ ရဟန္တာ ဖြစ်သွားကြပြန်တယ်။

တပေါင်းလပြည့်နေ့ ရောက်လာတဲ့ အခါကျတော့ ဘုရားရှင် ကပိလဝတ် ကို ကြွရောက်ရေးအတွက် ခရီးလမ်း သာယာလှပပုံတွေနဲ့ တကွ အရှင်ကာဠုဒါယီက လျှောက်ကြားတယ်တဲ့။

ဘုရားရှင်လဲ ဆွေတော်မျိုးတော်တွေကို ချီးမြှောက်ရေး အတွက် တပေါင်းလပြည့်ကျော် ၁–ရက်နေ့မှာ ရဟန္တာ ပေါင်း နှစ်သောင်းနဲ့တကွ ကပိလဝတ် နေပြည်တော်ကို ကြွတော်မူတယ်၊ ယူဇနာ ခြောက်ဆယ် ဝေးတဲ့အတွက် နှစ်လကြာမှ ရောက်တော်မူတယ်တဲ့၊ ဆိုက်ရောက်တော်မူတဲ့ အခါ နိဂြောဓာရုံ ဆိုတဲ့ ဥယျာဉ်မှာ သီတင်းသုံးတော်မူတယ်၊ အဲဒီမှာ အရှင်သာရိပုတြာ ပါ-မလာဘူး၊ အရှင်သာရိပုတြာ ဟာ တပည့်ငါးရာနဲ့တကွ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင် ကျောင်းမှာ သီတင်းသုံးတော်မူပြီး ကျန်ရစ်တယ်၊ ဘုရားရှင် ကပိလဝတ်ပြည်ကို ရောက်တော်မူပြီးတဲ့နောက်မှ လိုက်တော် မူလာတယ်။

## ယသော်ဓရာ၏ အလှမ်း

ပဌမ နေ့မှာ—ဆွေတော် မျိုးတော်တွေ ဘုရားရှင်ဆီ လာရောက်ဖူးမျှော်ပြီး ပြန်သွားကြတယ်။

နောက်တနေ့မှာ—ရဟန္တာပေါင်း နှစ်သောင်းနဲ့ အတူ ကပိလဝတ်ပြည်ထဲ ဆွမ်းခံကြွတော်မူတယ်တဲ့၊ ခမည်းတော် ကတော့ သူ့စံရာ နန်းတော်ကိုကြွပြီး ဆွမ်းဘုန်း ပေးမယ် ထင်လို့ ချက်ပြုတ်ပြင်ဆင်ထားလိုက်တာ အလကား ဖြစ်ကုန် တော့တာပေါ့။

ဆွမ်းခံကြွလာတာကို ဆွေတော်မျိုးတော်တွေ သူ့ထက်ငါ ဖူးမျှော်ကြသတဲ့၊ ယသော်ဓရာ ကတော့ လေသာနန်းတံခါးကို ဖွင့်ပြီး ဘုရားရှင် တင့်တယ်စွာ ကြွလာတာကို အဝေးစာ နေ လှမ်းမျှော်ကြည့်ရှုရင်း ဘုရားရှင်ရှိရာဆီ သားတော်ကလေး ရာဟုလာကို ကြည့်စေပြီး ဘုရားရှင်ရဲ့တင့်တယ်ပုံတွေကို ချီးကျူးလိုက်.... အဲဒါသင့် ခမည်းတော် ဘဲလို့ ပြောလိုက်—ချီးကျူးလိုက်....ပြောလိုက်....လုပ်ရှာသတဲ့။

ယောက္ခမ သုဒ္ဓေါဒနဆီကိုလဲ သွားပြီး သားတော်ကြွလာကြောင်း လျှောက်ထားလိုက်သတဲ့။

ခမည်းတော် သုဒ္ဓေါဒနလဲ ဆွမ်းခံတယ်ဆိုတာ သိရလို့ ရုတ်တရက် ထိတ်လန့်တုန်လှုပ်မိတဲ့ အတွက် ဝတ်လဲတော် ပုဆိုးကို လက်နဲ့ ကိုင်မ–ပြီး သုတ်သီး သုတ်ပြာနဲ့ ဘုရားရှင်ဆီ ရောက်လာပြီး "ခမည်းတော်တို့ကို ဘာ့ကြောင့်ဒီလို အရှက်ခွဲရပါသလဲ....ဘာ့ကြောင့် ယခုလိုဆွမ်းခံရတာတုန်း....တပည့်တွေ ဒါလောက် များတဲ့အတွက် မကျွေးမွေး နိုင်ဘူးများ ထင်မှတ်လို့ပါလား...." လို့ လျှောက်ရှာသတဲ့။

ဘုရားရှင်ကလဲ"ဆွမ်းခံတယ်ဆိုတာဟာ အစဉ်အဆက်ရဲ့ ကျင့်ဝတ်ပေဘဲ" လို့မိန့်တော်မူတယ်တဲ့။

ခမည်းတော်က ခတ္တိယနွယ်ထဲမှာ ဆွမ်းခံတာမရှိခဲ့ပါဘူး လို့ မကျေမနပ် လျှောက်ထားပြန်သတဲ့။

ဘုရားရှင်က" အို ခမည်းတော်—ခတ္တိယ အနွယ်ဆိုတာ ခမည်းတော်ရဲ့ အနွယ်ဘဲ၊ သားတော်တို့ရဲ့ အနွယ်ကတော့ ဗုဒ္ဓ အနွယ်ဘဲ"လို့ မိန့်တော်မူပြီး တရားဟော လိုက်တာ သောတာပန်ဖြစ်သွားတယ် တဲ့။

ခမည်းတော်ဟာ ဘုရားရှင်ဆီက သပိတ်တော်ကို ယူပြီး နန်းတော်ဆီ ပင့်သွားတယ်၊ နန်းတော်ရောက်တဲ့အခါ ဘုရားရှင် တရားဟောလိုက်ပြန်တော့ ခမည်းတော်ဟာ–သကဒါဂါမ် ဖြစ်သွားတယ်တဲ့၊ (သကဒါဂါမ်ဆိုတာ စတုတ္ထ အဆင့်ရောက်သွားတဲ့ အရိယာ ပုဂ္ဂိုလ်ပေါ့ကွယ်) မိထွေးတော် မဟာပဇာပတိ-ဂေါတမီ ကတော့ သောတာပန် ဖြစ်သွားသတဲ့။

ဘုရားရှင်နှင့်တကွ ရဟန္တာအားလုံး ဆွမ်းဘုန်းပေးပြီးတဲ့နောက် နန်းတွင်းသူနန်းတွင်းသားတွေ ဘုရားရှင်ဆီ လာရောက် ဖူးမျှော်ကြသော်လဲ ယသော်ဓရာ ကတော့ မလာရောက်ဘူးတဲ့၊ အခြွေအရံတွေက ခေါ်ကြသော်လဲ မလိုက်ပါဘဲ "ငါ့ ကျေးဇူးရှိရိုးမှန်ယင် ငါ့ဆီ ကြွလာ ပါလိမ့်မယ်၊ အဲဒီအခါ မှာမှ ငါရှိခိုးမယ်"လို့ ဆိုသတဲ့။

ဘုရားရှင်ကလဲ ခမည်းတော်ကို သပိတ်ကိုင်စေပြီး အဂ္ဂသာဝကကြီး နှစ်ပါးနဲ့အတူ ယသော်ဓရာရဲ့ ခန်းမဆောင်ကို ကြွလာတယ်တဲ့၊ တံခါးခုံမှာ ရပ်တော်မူနေစဉ် ယသော်ဓရာဟာ ဘုရားရှင်ရဲ့ ဖမိုးတော်ပေါ်မှာ နဖူးကလေးတင်ပြီး ကျုံကျုံပါအောင် တအားငိုချလိုက်ပါသတဲ့၊ ခမည်းတော်ကလဲ တောထွက်နေစဉ် ယသော်ဓရာနေထိုင်ပုံတွေကိုခြီးကျူး လျှောက်ထားသတဲ့။

ဘုရားရှင်လဲ တရားဟောတော်မူပြီးတော့ နိဂြောဓာရုံ ကျောင်းတော်ဆီ ပြန်ကြွသွားပါသတဲ့။

## ညီတော်မင်းနန်နှင့် သားတော်ရာဟုလာ

ဘုရားရှင် ကပိလဝတ်ကို ရောက်ပြီးနောက် သုံးရက်မြောက်တဲ့နေ့မှာ သုဒ္ဓေါဒနမဟာရာဇာ သားတော်နန္ဒမင်းသားအတွက် ဥဿျှောင် ထုံးတဲ့မင်္ဂလာ, အိမ်ရှေ့မင်း တံဆိပ် ခတ်နှိပ်ထားတဲ့ ရွှေပြားကို နဖူးမှာ တပ်ဆင်တဲ့ မင်္ဂလာ, အိမ်ရှေ့စံနန်းတော် အပ်နှင်းတဲ့မင်္ဂလာ, နှမတော် ဇနပဒကလျာဏီနဲ့ လက်ထပ်တဲ့မင်္ဂလာ, အိမ်ရှေ့ ထီးဖြူတော် စိုက်ထောင်အပ်နှင်းတဲ့ မင်္ဂလာဆိုပြီး မင်္ဂလာငါးမျိုးပြုလုပ်ဘို့ ပြင်ဆင်နေတုန်း ဘုရားရှင် ကြွသွားပြီးတော့ နန္ဒမင်းသားကို သပိတ်ကိုင် ခိုင်းရင်း ကျောင်းတော်ကိုပြန်ကြွလာတယ်တဲ့၊ ကြောက်လို့ သာလိုက်ခဲ့ရဘာပေါ့ကွယ်၊ နန္ဒမင်းသားရော ဇနပဒကလျာဏီရော တထိတ်ထိတ်ဖြစ်နေကြတာပေါ့လေ၊ ကျောင်းတော်ရောက်တဲ့အခါ ရဟန်းပြုစေတယ်တဲ့။

အဲဒီနောက် ခုနစ်ရက်မြောက်တဲ့အခါမှာ ဘုရားရှင် နန်းတော်ထဲမှာ ဆွမ်းဘုန်းပေးနေတုန်း ခုနစ်နှစ်ယွယ် သားတော်ကလေး ရာဟုလာကို 'အမွေတောင်းချေ' လို့ ယသော်ဓရာဒေဝီက စေလွှတ်လိုက်တယ်၊ ဆွမ်းဘုန်းပေးနေတုန်းမှာ တီတီတာတာ ချစ်စရာစကားတွေ ပြောနေရာက ဘုရားရှင် ပြန်ကြွတဲ့ အခါမှာလဲ 'အမွေပေးပါ' လို့ တောင်းခံရင်း လိုက်ပါသွားသတဲ့၊ ကျောင်းတော်ရောက်တဲ့ အခါမှာ ရှင်ပြုစေပြန်တယ်တဲ့၊ ခမည်းတော်အဖို့ အင်မတန် စိတ်ခိုက်သွားတယ်ဆိုဘဲ၊ သုဒ္ဓေါဒနမင်းကြီးဟာ ဘုရားရှင်ထံ လာရောက်ပြီးတော့ မိဘ ခွင့်မပြုတဲ့သားကို ရှင်ရဟန်းပြု

မပေးဘို တောင်းဆိုလျှောက်ထားသတဲ့၊ ဘုရားရှင်ကလဲ (နောင်ကို) "မိဘခွင့်မပြုဘဲ ရှင်ရဟန်းမပြုမပေးရ" လို့ တပည့်သားတွေအပေါ်မှာ ပညတ်လိုက်ပါသတဲ့။

ခမည်းတော်ကြီးကို ဒီတချီထပ်ပြီး တရားဟောလိုက်တာ အနာဂါမ် ဖြစ်သွားတယ်တဲ့၊ အနာဂါမ်ဆိုတာ ခြောက်ဆင့်မြောက် အရိယာပုဂ္ဂိုလ်ကို ခေါ်တယ်လို့သာ အကြမ်းပြင်း မှတ်ထားကြပေါ့ကွာ။

ဘုရားရှင်ဟာ အဲဒီနောက် ကပိလဝတ်က ရာဇဂြိုဟ်ပြည်ကို ပြန်ကြွတော်မူဘယ်တဲ့၊ လမ်းမှာ မလ္လတိုင်း အနုပိယ ခေါ်တဲ့ သရက်ဥယျာဉ်ဆီ ရောက်တဲ့အခါ အဲဒီမှာဘဲ သီတင်းသုံးတော်မူနေသေးတယ်တဲ့။

## ဥပါလိနှင့် သာကီဝင်မင်းသားခြောက်ဦး

ဘုရားရှင် ပြန်ကြွသွားပြီးတဲ့နောက် ခမည်းတော် သုဒ္ဓေါဒန မင်းကြီးက သာကီဝင် အစည်းအဝေး ခေါ်ပြီးတော့ "ငါ့သားတော် မင်းပြုခဲ့ယင် သာကီဝင်တွေဟာ အခြံအရံ ဖြစ်ကြရမှာဘဲ၊ ယခုတော့ မင်းမပြုဘဲ ရဟန်းမင်း ဖြစ်သွားပြီမို့ အခြံအရံ ဖြစ်စေရန် တအိမ်ထောင် တယောက်ကျ ပေးကြပါ"လို့ တောင်းတဲ့အတွက် ပေးကြတာ တထောင် ရှိသတဲ့၊ အဲဒီသာကီဝင်တထောင်ဟာ ဘုရားရှင် သီတင်းသုံးရာ အနုပိယ—သရက်တောဥယျာဉ်ဆီ လိုက်သွားကြပြီး ရှင်ရဟန်းပြုကြတယ် တဲ့။

အဲသလို သာကီဝင်တွေ အများအပြား ရဟန်းပြုကြတဲ့ အခါ အဲဒီအချိန်မှာ အလှည့်ကျ—မင်း (ရာဇာ) အဖြစ် အုပ်ချုပ်နေတဲ့ (၁) ဘဒ္ဒိယရာဇာအပြင် (၂) အနုရုဒ္ဓရယ်

သားတော်ရာဟုလာ

အမွေတောင်းခံကျား



ဣန္ဒိယနိုင်ငံ အဂျန္တာလှိုင်ဂူတော်အတွင်းရှိ ပုံ
(ယသော်ဓရာက သားတော်ကို ကိုင်ထားဟန်ဖြစ်သည်)

(၃) အာနန္ဒရယ် (၄) ဘဂုရယ် (၅) ကိမိလရယ် (၆) ဒေဝဒတ္တရယ်– အဲဒီမင်းသား ခြောက်ယောက်ဟာ ဥပါလိ ဆိုတဲ့ ဆတ္တာသည်နဲ့ အတူ စစ်တပ်ကြီးနဲ့တကွ ဘုရားရှင်ရှိရာထွက်လာကြသတဲ့၊ မလ္လ နယ်စပ် ရောက်တဲ့အခါ စစ်တပ်ကြီးကို ပြန်လွှတ်လိုက်ပြီး မလ္လတိုင်းထဲ ဝင်သွားကြတယ်တဲ့။

အနုပိယ သရက်တောသို့ ဆိုက်ရောက်ကြတဲ့အခါ (မင်းသားများရဲ့ လျှောက်ထားချက်အတိုင်း) ဥပါလိကို ဦးစွာ ရဟန်းပြုစေပြီး မင်းသားတွေကိုနောက်မှ ရဟန်းပြုစေသတဲ့၊ သူတို့ရဲ့ မာနကို နှိမ်ချလိုတဲ့အတွက် (နှိမ့်ချတဲ့သဘောနဲ့) အခုလိုကျွန်ကို အယင်ဆုံး ရဟန်းပြုစေတာဖြစ်တယ်တဲ့။

ဘုရားရှင်ဟာ အနုပိယ သရက်တောကနေ ဝေဠုဝန် ကျောင်းတော်ကို ပြန်ကြွလာပြီးတော့ ဒုတိယ–ဝါကပ်တော်မူတယ်တဲ့။

ဘဒ္ဒိယ,အနုရုဒ္ဓ–အစရှိတဲ့ရဟန်းတော်ခြောက်ပါးအနက် ငါးပါးကတော့ အသီးသီး ရဟန္တာဖြစ်သွားကြတယ်၊ အရှင် ဒေဝဒတ်တပါးသာ ရဟန္တာမဖြစ်ဘဲ လောကီစျာန် သမာပတ် လောက်သာ ရရှာတယ်တဲ့။

## သာဝတ္ထိပြည်–ဇေတဝန်ကျောင်းတော်

ဘုရားရှင် သီတင်းသုံးရာ ရာဇဂြိုဟ်မှာနေတဲ့ သူဌေးကြီးနဲ့ ဟို....ကောသလတိုင်း သာဝတ္ထိမြို့ တော်က အနာထပိဏ် ဆိုတဲ့ သူဌေးကြီးတို့ဟာ တဦးရဲ့နှမကို တဦးက အိမ်ထောင် ဖက် ပြုကြတယ်တဲ့၊ 'မောင်လယ်နှမလယ်'လို့ ခေါ်ကြတာ ပေါ့ကွစ။

တကြိမ်မှာရာဇဂြိုဟ်သူဌေးဆီလဲ့ငါးရာနဲ့တကွကုန်ရောင်းဝယ်ရေး အတွက် ရောက်လာသတဲ့၊အဲဒီမှာ အနာထပိဏ် သူဌေးကြီးဟာ လာရင်း ရာဇဂြိုဟ်သူဌေးကြီးကို အကြောင်းပြုပြီး ဗုဒ္ဓဘုရားဆီသွားကာ တရားတော်ကို နာရလို့ သောတာပန် ဖြစ်သွားတယ်တဲ့။

အဲဒီနောက်–ဇာတိဌာနေ ပြန်သွားပြီးတော့ သူနေတဲ့ သာဝတ္ထိနေပြည်တော်အနီး ဇေတ ဆိုတဲ့ ဥယျာဉ်ကြီးကို ဝယ်ပြီး ကျောင်းတိုက်ကြီး တည်ဆောက်ကာ ဘုရားရှင်ကို ပင့်ဆောင် လှူဒါန်းတယ် တဲ့၊ မြေခ ၁၈–ကုဋေ၊ ကျောင်းဆောက်ခ ၁၈–ကုဋေ' ကျောင်းလှူပွဲ ၁၈·ကုဋေ သုံးရပ်ပေါင်း ၅၄–ကုဋေတောင် ကုန်ကျတယ်တဲ့။

အဲဒီ ဇေတဝန် ကျောင်းတိုက်ကြီးမှာ ဘုရားရှင်သီတင်းသုံးနေခိုက် ညီတော်နန္ဒကို တရားဟောပြောကာ ချွေချွတ်တော်မူတဲ့အတွက် ရဟန္တာဖြစ်သွားတယ်တဲ့။

ဘုရားရှင်ဟာ အဲဒီနှစ်မှာ ဇေတဝန် ကျောင်းတိုက်ကြီးကို အလှူခံတော်မူသော်လဲ တတိယဝါ၊စတုတ္ထဝါ များကိုတော့ ရာဇဂြိုဟ်မြို့တော်မှာသာ ပြန်ပြီးကပ်တော်မူတယ်တဲ့၊

## ဝေသာလီသို့ကြွတော်မူခြင်း

ဘုရားရှင် ရာဇဂြိုဟ်မှာသီတင်းသုံးတော်မူခိုက် ဝဇ္ဇီတိုင်းဝေသာလီ ပြည်မှာ ငတ်မွတ်ခေါင်းပါးတဲ့ဘေး၊ ဘီလူးဘမ်းစားတဲ့ဘေး၊ အဟိဝါတဆိုတဲ့ ပလိပ်ကပ်ရောဂါဘေး ဆိုပြီး ဘေးသုံးမျိုး ကပ်ရောက်နေတဲ့အတွက် ဘုရားရှင်ကိုပင့်ကြတယ်တဲ့၊ ဘုရားရှင်ကိုရာဇဂြိုဟ်က ဂင်္ဂါမြစ်အထိ ဗိမ္ဗိသာရမင်းက ပို့ဆောင်တဲ့အခမ်းအနားရယ်၊ဂင်္ဂါမြစ်က ဝေသာလီ

အထိ လိစ္ဆဝီမင်းတွေက ကြိုတဲ့အခမ်းအနားရယ်-အဲဒီအခမ်းအနားများဟာ အင်မတန်ကြီးကျယ်ခမ်းနား စည်ကားလှတယ်တဲ့။

တပည့်တဦး။ ။ရာဇဂြိုဟ်နဲ့ ဝေသာလီ ဘယ်လောက်ဝေးပါသလဲ-ဆရာကြီး။

ဆရာ ။ ။ကိုးယူဇနာ ဝေးတယ်လို့ သိရတယ်၊ ဘုရားရှင်ဟာ နောက်ပါ သံဃာများနဲ့ အတူ အဲဒီ-ဝေသာလီမှာ ၁၅-ရက် သီတင်းသုံးတော်မူတယ်တဲ့၊ မြို့လယ် လွှတ်တော်ခမ်းမကြီးမှာ ရတနသုတ်စတဲ့ တရားတော်ကို ဟောကြားတော်မူတယ်တဲ့၊ဘေးရောဂါအားလုံးလဲ ကင်းစင်ပြီး သွားတယ်တဲ့၊ ရာဇဂြိုဟ်ကို ပြန်ကြွတော်မူတဲ့ အခမ်းအနားဟာလဲ အင်မတန် ခမ်းနားစည်ကားတယ်ဆိုဘဲ။

ရာဇဂြိုဟ်မှာ သီတင်းသုံးတော် မူတုန်း ဇမ္ဗုက ဆိုတဲ့ တက္ကတွန်းကို ချွတ်တော်မူတဲ့ အခမ်းအနား၊ ဥဂ္ဂသေန ဆိုတဲ့ ကျွမ်းသမား ကခြေသည်ကြီးကို ချွတ်တဲ့ အခမ်းအနားတွေဟာ အင်မတန် ကျော်စောတဲ့ အခမ်းအနားတွေဘဲတဲ့။

တပည့်တဦး။ ။ချွတ်တယ်-ဆိုတာ ဘာလုပ်တာလဲဆရာကြီး။

ဆရာ ။ ။အကျွတ်တရား ရအောင် ဆုံးမတာပေါ့ကွာ၊ သူတော်ကောင်း ဖြစ်အောင် အရိယာဖြစ်အောင် ဟောကြားတော်မူတာပေါ့ကွာ။

# ၁၂-ငါးဝါမှ ဝါနှစ်ဆယ်အတွင်း အဖြစ်အပျက်များ

### အတ္တဝါဒနှင့် အနတ္တဝါဒ ပြိုင်ပွဲကြီး

အဲဒီနောက် ဟို–ဇာတိရပ်ဖြစ်တဲ့ **ကပိလဝတ်** မှာနေကြသူတွေနဲ့ **ကောလိယ** မှာ နေကြတဲ့သူတွေဟာ နှစ်ပြည်ကြားမှာ ရှိတဲ့ ရောဟိဏီ ချောင်းရေကို လယ်လုပ်ရာတွင် သုံးစွဲရေးအတွက် ခိုက်ရန်ငြင်းခုံ ဖြစ်ပွားကြတယ်၊ ဘုရားရှင်ကြွရောက်လာကာ ရန်ပြေတရား ဟောကြားတော်မူတဲ့ အတွက် နှစ်ပြည်ထောင်သားတွေ ကြေအေး ညီညွတ်သွားကြပြီးတဲ့နောက် တဖက်လျှင် သခင်ကီဝင်မင်းသား ၂၅၀–စီ ဘုရားရှင်ထံပေးအပ်ကာ ရဟန်းပြုစေတယ်တဲ့။

ယင်းနောက်– ဘုရားရှင်က ရဟန်းငါးရာကို မဟာဝုန် တောကြီးဆီ ခေါ်သွားတယ်တဲ့၊ အဲဒီမှာ ဘုရားရှင်ရဲ့တရား ကို ထပ်ပြီးကြားနာရလို့ ရဟန္တာဖြစ်သွားကြတယ်တဲ့။

ဘုရားရှင်ဟာ ဝေသာလီပြည်ရဲ့အနီး မဟာဝုန်တော ကြီးအတွင်း ကူဋာဂါရသာလာ လို့ခေါ်တဲ့ ကျောင်းတော် မှာ ပဉ္စမမြောက် ဝါကပ်တော်မူတယ်တဲ့၊ (အဲဒီ မဟာဝုန် တောဟာ စောစောက ပြောခဲ့တဲ့ ကပိလဝတ်ပြည်နားက မဟာဝုန်တော မဟုတ်ဘူးကွဲ့ နော်....။)

အဲဒီလို–ကူဋ္ဌာဂါရသာလာမှာ သီတင်းသုံးတော်မူခိုက် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးဟာ ရဟန္တာလဲဖြစ် ပရိနိဗ္ဗာန်လဲစံ ဖြစ်သွားပါတယ် တဲ့။

မိထွေးတော် မဟာပဇာပတိဂေါတမီ ခေါင်းဆောင်ပြီး မရမက တောင်းပန်လျှောက်ထားတဲ့အတွက် မိန်းမများ ရဟန်းပြုရန် အရေးကိုလဲ ဘုရားရှင်က ခွင့်ပေးတော်မူလိုက်ပါတယ်တဲ့။

အဲဒီ–ကူဋ္ဌာဂါရသာလာမှာ သီတင်းသုံးတော်မူနေတုန်း သစ္စက ဆိုတဲ့နာမည်ကျော် ပရိဗိုဇ်ကြီးနဲ့ အတ္တ၀ါဒနဲ့ အနတ္တ ၀ါဒ ပြိုင်ပွဲကြီးအချေအတင်ပြောဆို ပြုလုပ်လို့ အနိုင်ရတဲ့ ပွဲကြီးဟာ အင်မတန်ထင်ရှားတဲ့ သဘောတရားရေးဆိုင်ရာ အောင်ပွဲကြီးမျိုးဘဲ၊သစ္စကက အတ္တ၀ါဒ,တို့ဘုရားက အနတ္တ ၀ါဒ (အဲဒီအတ္တ,အနတ္တ အကြောင်းကိုတော့ မင်းတို့အသက် အတော်ကလေးကြီးတော့မှ ထပ်ပြီး လေ့လာကြပေါ့ကွာ။)

ပြောရအုံးမယ်၊အဲဒီသစ္စကဆိုတာ ဝေသာလီမှာ လိစ္ဆဝီ မင်းသားတွေကို အတတ်ပညာသင်ပေးနေတဲ့ဆရာကြီးတဆူ ဖြစ်တယ်တဲ့၊ သိပ်လဲ ပညာမာန် ကြီးနေတယ် ဆိုဘဲ၊ ဗုဒ္ဓ ဘုရားနဲ့ အနတ္တ၀ါဒအပြိုင်မှာ တခါထဲ ဗုန်းဗုန်းလဲတော့တာ ပါဘဲ ကွယ်။

အဲသလို–ကူဋ္ဌာဂါရသာလာခေါ်တဲ့ ကျောင်းတော်မှာ သီတင်းသုံးတော်မူပြီးတဲ့နောက် ၀ါကျွတ်တဲ့ ခါမှာ သာ ၀တ္ထိ, ရာဇဂြိုဟ်မှုစပြီး မြို့ရွာဒေသ အသီးသီးကို ကြွရောက် လှည့်လည်ကာ တရားဟောတော်မူတယ်။

ဆဋ္ဌမမြောက်၀ါ (ခြောက်နှစ်မြောက်၀ါ) ကိုတော့ သမုဒ္ဒရာရဲ့ အနီး–ချယ်ားတောကို တံတိုင်း လုပ်ထားတဲ့

စောင်တော် ကျောင်းမှာ သီတင်းသုံး တော်မူတယ် တဲ့၊ ပါဠိလိုတော့ **မကုဋဗန္ဓနစောင်ကျောင်း** လို့ခေါ်တယ်။

သတ္တမမြောက်ဝါ(ခုနစ်နှစ်မြောက်ဝါ)ကိုတော့ **တာဝတိံသာ** မှာ သီတင်းသုံးတော်မူတယ် တဲ့။

## စိဉ္စမာနနှင့် သုန္ဒရီတို့၏စွပ်စွဲချက်

ယင်းနောက် သာဝတ္ထိပြည် အနာထပိဏ် **သူဌေးကြီး** ဆောက်လှူတဲ့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူတယ် တဲ့၊ ဝါဆိုတာမဟုတ်ဘူးနော်....။

အဲသလို ဇေတဝန်ကျောင်းတော်မှာ ဘုရားရှင် သီတင်းသုံးတော်မူတုန်း အင်မတန်လှပတဲ့ **စိဉ္စမာနဝိကာ** (မကျည်းပင်မယ်)လို့ခေါ်တဲ့ ပရိဗိုဇ်မဟာ မနက်စောစော ဘုရားဖူးလာတဲ့သူတွေနဲ့ဆုံအောင်လုပ်ပြီး သူအခု ဂေါတမနဲ့ အတူ အိပ်ရာက ပြန်လာခဲ့တယ်....လို့ တလသေသေ တနေ့ဆန်းဆန်း စွပ်စွဲပြောဆိုပြီး နေခဲ့တယ်တဲ့၊ ဒါတင် မကသေးဘူး သရုပ်ဆောင်ထားတဲ့ ကိုယ်ဝန်ကြီးကို ဂေါတမနဲ့ ရတဲ့ ကိုယ်ဝန်ပါ ဆိုပြီး လူပုံအလယ်မှာ ဝင်ပြီး စွပ်စွဲ တယ်တဲ့၊ ပြီးတော့ နောက်တယောက် **သုန္ဒရီ** (မယ်မယ်လှ) ဆိုတဲ့ ပရိဗိုဇ်မကလဲ ဂေါတမ-ရဟန်းကြီးနဲ့ ပျော်ပါးခဲ့ပါတယ် ဆိုပြီး မနက်စောစော ဘုရားဖူးလာသူတွေကို ဆီ.ဆီး ပြောတာကို ဘုရားရှင် ခံရရှာတယ်တဲ့။

တပည့်တဦး။ ။သူတို့က ဘာပြုလို့ ဒီလို လုပ်ကြံကြတာလဲ—ဆရာကြီး။

ဆရာ ။ ။သူတို့ကပရိဗိုဇ်မတွေကွဲ့၊သူတို့ရဲ့ တိတ္ထိ ပရိဗိုဇ်တွေဟာ ဘုရားရှင် သာဝတ္ထိ ကို

ရောက်လာတဲ့အခါမှာ မွေးမြိန်သွားကြပြီး လပ်လာဘနဲ့ပါး သွားကြတဲ့ အတွက် တပဲ့မတွေနဲ့ လှဲ့ပြီး စွပ်စွဲခိုင်း ကြတာ ဖြစ်တယ်တဲ့၊ ဒါပေမင့် မအောင်မြင်ကြပါဘူး၊ ဗူးပေါ်သလို ပေါ်ပြီး သူတို့သာနစ်နာသထက် နစ်နာသွားကြ ရှာတယ်၊ (အကျယ်ကိုတော့ ဗုဒ္ဓဝင်ကြီးတွေမှာ ကြည့်ကြပေါ့ကွယ်)။

## ဗောဓိမင်းသား

အဲဒီနောက် ဘုရားရှင်ဟာ ဘဂ္ဂတိုင်း အဘွင်း သုသုမာရဂိရ (=မိကျောင်းသံ) လို့ ခေါ်တဲ့ မြို့ရဲ့ အနီးမှာ ရှိတဲ့ ဘေသကဠာကျောင်း( =ပဲ့စင်းငုံတောကျောင်း ) မှာ အဋ္ဌမ မြောက် ၀ါဆိုတော်မူတယ်တဲ့။

အဲဒီ မိချောင်းသံမြို့မှာ သီတင်းသုံးတော်မူတဲ့ အခါ နကုလ ခေါ်တဲ့ သူကြွယ်နဲ့ သူကြွယ်ကတော်တို့ဟာ ဘုရားရှင် အပေါ်မှာ သားရင်းပမာ ချစ်ခင်ကြရာက ဘုရားရှင်ရဲ့ တရားတော်ကို နာကြရလို့ သောတာပန်တွေ ဖြစ်သွားကြ တယ်တဲ့။

အဲဒီ သုသုမာရဂိရမြို့မှာ ဗောဓိ အမည်ရှိတဲ့ မင်းသား စံနေတယ်တဲ့၊ ဗောဓိမင်းသား ဆိုတာ ဝံသတိုင်း ကောသမ္ဗီ ပြည် ဥတေနမင်းရဲ့ သားတော် ဖြစ်တယ်တဲ့၊အဲဒီမင်းသားရဲ့ မယ်ဘော်ကတော့ ဥဇ္ဇေနီပြည် စန္ဒပဇ္ဇောတ မင်းရဲ့ သမီး တော် [၀ါသုလဒတ္တာ လို့ ခေါ်တဲ့ ဥဒေနမင်းရဲ့ မိဘုရား ကြီး တပါး] ဖြစ် တယ်တဲ့။

အဲဒီ ဗောဓိမင်းသားဟာ အင်မတန် ဆန်းကြယ်တဲ့ ကောကနဒ ခေါ် ပြာသာဒ်ကြီး ဆောက်စေတယ်၊ ပြာသာဒ် တက်ပွဲ မင်္ဂလာ အခမ်းအနားမှာ ဘုရားရှင်နဲ့ သံဃာတော်

များကို ပင့်ပြီး ဆွမ်းကပ်ပြီး တရားနာရလို့ သောတာပန် ဖြစ်သွားတယ် တဲ့။

ဘုရားရှင်ဟာ ဝါကျွတ်တဲ့အခါ ခရီးလှည့်တော်မူရင်း သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ဆီ ရောက်သွားပြီး သီတင်းသုံးတော်မူတယ်တဲ့၊ ဝါဆိုဘာ မဟုတ်ဘူးကွဲ့နော်....

**ကောသမ္ဗီသူဌေးကြီးသုံးဦး**

ဘုရားရှင်ဟာ စံသတိုင်း- ကောသမ္ဗီပြည်မှာ ကိုးနှစ်မြောက် (=နဝမမြောက်) ဝါ အဖြစ်သီတင်းသုံးတော်မူတယ်တဲ့၊ အဲဒီမှာ ဝါကပ်ဆိုပုံ အကြောင်းကလေးကို နဲနဲ ချဲ့ပြောချင်သေးတယ်။

ကောသမ္ဗီ ပြည်မှာ ဃောသကရယ်, ကုက္ကုဋရယ်, ပါဝါရိကာရယ် ဆိုပြီး သူဌေးကြီးသုံးဦး ရှိဘယ်တဲ့၊ သူတို့ဟာ ရသေ့တွေကို ကိုးကွယ်နေခဲ့ကြဘယ်၊ ဘုရား ပွင့်လာပြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတုန်း သူတို့ကိုးကွယ်တဲ့ ရသေ့ငါးရာဟာ ဘုရားရှင်ရှိရာ ဇေဘဝန်ကျောင်းတော်ကို သွားပြီး တရားနာရတဲ့အတွက် ရဟန္တာတွေဖြစ်သွားကြတယ် တဲ့၊ အဲဒီနောက် သူဌေးကြီးသုံးဦးလဲ လှည်းငါးရာစီနဲ့ သာဝတ္ထိပြည်ကို လိုက်သွားကြပြီး ဘုရားရှင်ရဲ့ တရားတော်ကို နာရလို့ သောတာပန် ဖြစ်သွားကြတယ် တဲ့၊

အခုလို–ကောသမ္ဗီကို ကြွရောက်ပြီး သီတင်းသုံးဘို့လဲ ပင့်ခဲ့ကြတယ်–တဲ့၊ ကောသမ္ဗီကို ပြန်ရောက်ကြတဲ့ အခါမှာ အလှူရှင်ရဲ့ အမည်များအတိုင်း ထင်ရှားတဲ့ ဃောသိတာရုံ, ကုက္ကုဋာရုံ, ပါဝါရိကာရုံ ဆိုတဲ့ ကျောင်းတိုက်ကြီး တွေကို ဆောက်လှူကြသတဲ့။

ကျောင်းတိုက်ကြီးတွေအပြီးမှာ ဘုရားရှင်ကို တမန်လွှတ်ပြီး ပင့်ခိုင်းလိုက်ကြတယ်။

## ညီညွတ်ရေးမရ၍-ဘုရားရှင်ရှောင်သွားပုံ

အဲဒီ ကောသမ္ဗီပြည်မှာ ဘုရားရှင် သီတင်းသုံးနေတုန်း သုတ္တန်ဆောင် ရဟန်းတော်တွေနဲ့ ဝိနည်းဆောင် ရဟန်းတော်တွေ အငြင်းအခုံဖြစ်ပြီး နှစ်ဖက် ကွဲသွားကြတယ် တဲ့၊ ဘုရားရှင်ကိုယ်တိုင် ညီညွတ်အောင် စေ့စပ်ဆုံးမတာတောင် မရဘဲ ကွဲမြဲကွဲပြီး အရပ်ထဲမှာရော ဆွမ်းစားစရပ်မှာရော ငြင်းခုံကြ ခိုက်ရန်ဖြစ်ကြနဲ့ မပြီးနိုင်အောင် ရှိနေကြတယ်တဲ့၊ ဘုရားရှင်က ရန်ငြိမ်းအောင် ဟောကြား ဆုံးမတော်မူသော်လဲ မလိုက်နာကြဘူး တဲ့။

အဲဒီတော့မှ တနေ့မှာ ဗာလက လောဏကဆိုတဲ့ ရွာဆီကို ဘုရားရှင် တပါးထဲ ကြွသွားတယ်၊အဲသလို မကြွမီ ကောသမ္ဗီမြို့ထဲ မနက်စောစော ဆွမ်းခံဝင်ပြီး ဆွမ်းဘုန်းပေးတော် မူသေးတယ်၊ ကျောင်းတော်ကို ပြန်ကြွလာပြီး အိပ်ရာနေရာကို သိမ်းဆည်းတော်မူတယ်၊ သပိတ်သင်္ကန်းကို ယူဆောင်တော်မူပြီးတော့မှ သံဃာတွေရဲ့ အလယ်မှာ ရပ်တော်မူရင်း ဩဝါဒ ပေးတော်မူသေးတယ်၊ ဩဝါဒပေးတော်မူအပြီးမှာ ဗာလက လောဏက ရွာဆီကို တပါးထဲ ကြွတော်မူတယ်။

အဲဒီ ဗာလက လောဏက ရွာဆိုတာ နံမည်ကျော် ဥပါလိဆိုတဲ့ သူကြွယ် အပိုင်စားတဲ့ ကျေးရွာဖြစ်တယ် တဲ့။

အဲသလို–ဘုရားရှင် ရုတ်တရက် ပြောပြောဆိုဆိုတပါးထဲ ကြွသွားတဲ့အတွက် ခိုက်ရန်ဖြစ်တဲ့ ရဟန်း တွေက "ငါ့ရှင်–

လိုက်သွားကြစို့”လို့ ညီတော် အာနန္ဒာကို ပြောကြသတဲ့၊ ဒါပေမဲ့ ဘုရားရှင်ရဲ့အလိုတော်ကို သိတဲ့ အရှင်အာနန္ဒာစာ လက်မခံဘူး။

အဲဒီ ဗာလကလောဏက ရွာမှာ ဘဂုဆိုတဲ့ အရှင်မြတ် သီတင်းသုံးနေတယ်၊ ဘုရားရှင်ရောက်လာတဲ့အခါ ရိုသေစွာ ကြိုဆိုဆည်းကပ်တယ်၊ဘုရားရှင်ကလဲ အဲဒီမှာ နေ့တဝက်နဲ့ တညဥ့်သာ သီတင်းသုံးတော်မူကာ တပါးထဲနေတဲ့အကျိုးကို ဟောတော်မူပြီး နောက်တနေ့မှာ အရှင်ဘဂုကိုဘဲ နောက် လိုက်ပြုပြီးရွာထဲဆွမ်းခံဝင်တယ်၊ဆွမ်းခံကိစ္စပြီးတဲ့ နေရာကဘဲ အရှင်ဘဂုကို ပြန်လွှတ်လိုက်ပြီးတော့ အရှင်အနုရုဒ္ဓါ, အရှင် နန္ဒိယ, အရှင်ကိမိလ တို့ သီတင်းသုံးနေထိုင်ရာဖြစ်တဲ့ အရှေ့ ဝါးတောဒေသဆီ ကြွတော်မူပြန်တယ်၊ အရှင်မြတ် သုံးပါး ကလဲ ဝမ်းမြောက် ဝမ်းသာ ကြိုဆိုပြီး ရိုသေစွာ ဆည်းကပ် ကြတယ်၊ ညီညီ ညွတ်ညွတ်နေတဲ့ အကျိုးကို တညလုံး ဟော ကြားတော်မူပြီး ကိုယ်တော်တပါးထဲ-ပါလိလေယျက ရွာဆီ ကြွတော်မူခဲ့ပြန်တယ်။

အဲဒီရွာသားတွေက ဘုရားရှင်ကို ကောင်းစွာ ကြိုဆိုပြီး လှူဒါန်းပူဇော်ကြတယ်၊ရွာနဲ့မနီးမဝေး ရက္ခိတ ဆိုတဲ့တော အုပ်မှာ သခ်မ်းကျောင်း ဆောက်လုပ် လှူဒါန်းကြတယ်၊ ဘုရားရှင်ဟာ အဲဒီတောအုပ်သခ်မ်းကျောင်းအနီးဘဒ္ဒသာလ ခေါ်တဲ့အင်ကြင်းပင်ကြီးနားမှာသီတင်းသုံးတော်မူတယ်တဲ့။

ကောသမ္ဗီပြည်သားတွေကလဲ သံဃာကို ညီညွတ်အောင် လုပ်မရလို့ ဘုရားရှင် ကြွသွားတဲ့အကြောင်း သိရတဲ့အတွက် အဲဒီရဟန်းတွေကိုလှူဘို့တန်းဘို့ နေမနေသာသာ အရို အသေ

တောစင်မပြုကြတော့ဘူးတဲ့၊ "ဘုရားရှင်ကို ကန်တော့မှ ရှေးကလို လှူမယ် ရှိသေမယ်"လို့လဲ ပြောကြသတဲ့။

ဝါကျွတ်တဲ့အခါ အရပ်ဒေသ အသီးသီးမှာ ရှိကြတဲ့ ရဟန်းတော်ငါးရာတို့က အရှင်အာနန္ဒာကို ခေါင်းဆောင်ပြုရန် တောင်းပန်ပြီး ဘုရားရှင် ဒသမမြောက် ဝါဆိုရာ ပါလိလေယျက (ပလလဲ) တောကို လိုက်သွားကြသတဲ့၊ အရှင်အာနန္ဒာဟာ တောအုပ်ပြင်ပမှာ ရဟန်းတွေကို ထားခဲ့ပြီးမှ ဘုရားရှင်ဆီဦးစွာဝင်သွားပြီး ဖူးတွေ့တယ်၊ပြီးမှရဟန်းတွေကို ဘုရားရှင် အမိန့်အတိုင်း ရှေ့ဘော်ကိုခေါ်သွင်းတယ်၊ဘုရားရှင်ရဲ့ တရားတော်ကို နာရတဲ့အခါရဟန်းငါးရာလုံးရဟန္တာတွေဖြစ်သွားကြပါသတဲ့၊ (အဲဒီရဟန်းတွေဟာငြင်းခုံကြတဲ့ရဟန်းတွေ မဟုတ်ဘူးကွဲ့ ဒေန့်....၊)

ပြီးတော့မှ အနာထပိဏ်နဲ့ ဝိသာခါ တို့ကဘုရားရှင်ပလလဲတောမှာ သီတင်းသုံးတော်မူတာကြားသိကြလို့ လူစလွှတ်ပင့်လျှောက်ကြတဲ့ အကြောင်းကို အရှင် အာနန္ဒာက ဘုရားရှင်ကို လျှောက်ထားသတဲ့။

ဘုရားရှင်လဲ အဲဒီ-ပလလဲ တောက နေ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်အထိ အစဉ်အတိုင်း ခရီးလှည့်လည်ကြွမြန်းတော်မူလာပြီး သီတင်းသုံးတော်မူတယ်။

ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတော်က ခိုက်ရန်ဖြစ်ကြတဲ့ ရဟန်းတွေဟာ ဘုရားရှင် သာဝတ္ထိကို ကြွသွားပြီ-ဆိုတာ ကြား ကြရလို့ ကန်တော့ရအောင် လိုက်သွားကြတယ်တဲ့။

ဘုရားရှင်ကလဲ အဲဒီရဟန်းတွေကို ဓမ္မဆိုတာဘာ၊အဓမ္မဆိုတာဘာ စသည်ဖြင့် ခွဲခြားပြီးတော့ ဟောတော်မူတယ်တဲ့။

အဲဒီနှစ်မှာ ရာဇဂြိုဟ်မြို့ကို ခြံရံနေကြတဲ့ တောင်တွေရဲ့ တောင်ဘက်ရှိ ဒက္ခိဏဂိရိ ဆိုတဲ့ ဇနပုဒ်မှာ ကေနာဠ ဆိုတဲ့ ပုဏ္ဏားရွာကို အမှီပြုပြီး ကောဒသမဝါ (တဆဲ့တခု မြောက်ဝါ) အဖြစ် သီတင်းသုံးတော်မူတယ်တဲ့၊ အဲဒီမှာ သီတင်းသုံးတော်မူတုန်း ကသိဘာရဒွါဇ ဆိုတဲ့ ပုဏ္ဏားကြီးရဲ့ လယ်ထွန်မင်္ဂလာအခမ်းအနားကို ကြွတော်မူပြီး ဟောတော်မူတဲ့တရားတော်ဟာ အင်မတန် ထင်ရှားတယ်။

ဝါကျွတ်တဲ့အခါ အဲဒီကေနာဠရွာက ထွက်ခွါတော်မူခဲ့ပြီး ခရီးလှည့်လည် ဟောကြားရင်း ဝေရဥ္စာပြည် ကို ရောက်တော်မူလာကာ နဠေရုဆိုတဲ့ တမာပင်ကြီး နားမှာ တပည့်သံဃာ ငါးရာနဲ့အတူ သီတင်းသုံးတော်မူတယ် တဲ့။

အဲဒီ ဝေရဥ္စာပြည် ဝေရဥ္စ ပုဏ္ဏားကြီးနဲ့ ပဌမတော့ အတော်ပင် အချီအချ အချေအတင် ' မိန့်တော်မူရတယ်၊ ပုဏ္ဏားကြီးက ဘုရားရှင်ကို အရသာရှိတဲ့ပုဂ္ဂိုလ် မဟုတ်ဘူး၊ သုံးဆောင်မှုရှိသူ မဟုတ်ဘူး၊ အကိရိယဝါဒ သမားဖြစ်တယ်၊ ဥစ္ဆေဒဝါဒသမား ဖြစ်တယ်....စသည်ဖြင့် စွပ်စွဲပုတ်ခတ်ပြီး ပြောဆိုတယ်၊ သို့သော်လဲ ဘုရားရှင်က ပြန်လည်ချေပပြီး တရားပြတဲ့အတွက် အင်မတန်ကြည်ညိုပြီး သရဏဂုံခံယူသူ ဖြစ်သွားတယ်၊ (ဘုရားအစရှိတဲ့ ရတနာသုံးပါးကို ကိုးကွယ် သူဖြစ်သွားတယ်— လို့ ဆိုလိုတယ်။) ဝေရဥ္စာမှာ ဝါကပ် ဘို့လဲ ပုဏ္ဏားကြီးက တောင်းပန်လျှောက်ထားတယ်။

ဘုရားရှင်ဟာ အဲဒီ ဝေရဥ္စာမှာ ဒွါဒသမ (တဆယ့် နှစ်ကြိမ်မြောက်) ဝါကပ်ဆိုတော်မူတယ်။

ဘုရားရှင်ဟာဝေရဉ္စာပြည်မှာနေ ကြွလိုက်တာ ၀ါတွင်းမှာ အစာခေါင်းပါးလို့ ပင်ပန်းနွမ်းနယ်နေကြတဲ့ ရဟန်းတွေကို ငဲ့ပြီး သောရေယျမြို့ သင်္ကဿမြို့ ကဏ္ဏကုဇ္ဇ မြို့များကို ဝင်တော်မမူတော့ဘဲ အဖြောင့်အတိုင်း ပယာဂဆိပ်ကမ်းမြို့ဆီ ကြွလာပါသတဲ့၊ အဲဒီကမှ ဂင်္ဂါမြစ်တဖက် ကူးပြီး ဗာရာဏသီမြို့ကိုရောက်တော်မူတယ်တဲ့၊ ဗာရာဏသီပြည်မှာ အလိုရှိ သလောက် သီတင်းသုံးတော်မူပြီး ဝေသာလီပြည် ကူဋာဂါရသာလာဆီ ကြွတာ သီတင်းသုံးတော်မူတယ်တဲ့။

အဲဒီ ဝေသာလီပြည်ကနေ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကို ကြွ....ဇေတဝန် ကျောင်းတော်ကနေ.... စာလိက မြို့အနီး စာလိကတောင်ပေါ်ကျောင်းဆီကြွပြီးတော့ တေရသမဝါ (၁၃-ခုမြောက်ဝါ) အဖြစ် သီတင်းသုံးတော်မူတယ် တဲ့။

ဘုရားရှင်ဟာ ၀ါကျွတ်တဲ့အခါ အဲဒီ စာလိက တောင်ကျောင်းကနေ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်ကို ရောက်လာပြီး စုဒ္ဒသမဝါ (တဆယ့်လေးခုမြောက်ဝါ)အဖြစ် သီတင်းသုံးတော်မူသတဲ့၊အဲသလို-ဇေတဝန် ကျောင်း တော်မှာ သီတင်းသုံးနေတုန်း ရှင် ရာဟုလာကို တရားဟောကြားဆုံးမတဲ့အတွက် ရဟန္တာဖြစ်သွားတယ်—တဲ့။

## ဘုရားရှင်နှင့်သုပ္ပဗုဒ္ဓ

ဘုရားရှင်ဟာ ၀ါကျွတ်တဲ့အခါ ခရီးလှည့် တရားဟောရင်း ဇာတိဒေသဖြစ်တဲ့ကပိလဝတ်ကိုရောက်လာပြီး နိဂြောဓာရုံကျောင်း တော်မှာ ပန္နရသမဝါ (တဆယ့်ငါးခုမြောက်ဝါ)အဖြစ် သီတင်းသုံးတော်မူတယ် တဲ့။

ဘုရားရှင်ရဲ့ ဦးရီးတော် သုပ္ပဗုဒ္ဓမင်းရဲ့ စိတ်ထဲမှာ ဘုရားရှင်အပေါ် အင်မတန် မကျေမနပ်ဖြစ်နေတယ် တဲ့၊ "ငါ့သမီးတော် ယသော်ဓရာကိုပစ်ထားခဲ့ပြီး တောထဲလဲ ထွက်သွားခဲ့တယ်၊ ငါ့သားဒေဝဒတ်နဲ့လဲ ရဟန်းပြုပေးပြီးတဲ့ နေ့စက်ပိုင်းမှာ ရန်သူဖြစ်သွားခဲ့ကြတယ်...." ဆိုပြီး အကြီး အကျယ် မကျေမနပ်ဖြစ်နေခဲ့တယ်တဲ့၊ အဲသလို မကျေမနပ် ဖြစ်နေခဲ့လေတော့ ဘုရားရှင်ကို အရွဲ့တိုက်နိုင်သမျှ တိုက် တော့တာပေါ့လေ....။

တနေ့မှာတော့ ဘုရားရှင်ဆွမ်းစားကြွမဲ့လမ်းမှာပိတ်ဆို့ ပြီးတော့ အရက်သေစာ သောက်စားနေတယ်တဲ့၊ မင်းချင်း ယောကျ်ားတွေက ဘုရားရှင်ကြွလာတဲ့ အကြောင်း ပြောကြ ပေမင့် တခြားကသွားပါလေ့စေ ငါ့ထက်ငယ်သူကို ငါကဘာ လို့ လမ်းဖယ်ပေးရမှာလဲ"လို့ ပြောလွှတ်လိုက်တယ်တဲ့။

ဘုရားရှင်လဲ အဲဒီနေရာကဘဲ ပြန်ကြွ သွားရတယ်တဲ့၊ ဘုရားရှင်က ဘယ်လို မိန့်တယ်ဆိုတာ သိရအောင် သူလျှို တယောက်ကိုလဲ စေလွှတ်လိုက်တယ်တဲ့၊ဘုရားရှင်က အရှင် အာနန္ဒာကို "ချစ်သား-အင်မတန်ကြီးတဲ့ အပြစ်ကို ပြုတယ်၊ ခုနစ်ရက်မြောက် နေ့မှာ စောင်းတန်း အောက် မြေကြီး ထဲ ဝင်ရလိမ့်မယ်"လို့ မိန့်တယ်တဲ့၊ သူလျှိုကလဲ အဲဒီအတိုင်း ပြန်ပြီး တင်လျှောက်တယ် တဲ့၊ သုပ္ပဗုဒ္ဓက မယုံသော်လဲ အဲဒီ အတိုင်း ဖြစ်သွားတယ်တဲ့။

ဝါကျွတ်ပြီးနောက် နိဂြောဓာရုံ ကျောင်းတော်ကနေ ခရီးလှည့် တရားဟောတော်မူရင်း သာဝတ္ထိပြည် ဇေတ ဝန်ကျောင်းတော်သို့ ရောက်....ဇေတဝန်ကနေ....အာဠဝီပြည်

အင်္ဂုလိမာလ၀စေတီဆီရောက်လာပြီး သောဠသမ(၁၆-ခုမြောက်ဝါ)ဆိုတော်မူပါသတဲ့။

## သီရိမာကိုစွဲသောရဟန်း

သတ္တရသမဝါ (တဆယ့်ခုနစ်ခုမြောက် ဝါ) ကိုတော့ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူတယ် တဲ့။

အဲဒီလို သီတင်းသုံးတော်မူတဲ့အခါ သီရိမာဆိုတဲ့ပြည့်တန်ဆာမကို အကြောင်းပြုပြီး တရားဟောတော်မူပုံဟာ အင်မတန်မှ ထူးခြားတယ်၊ ဘယ်လိုလဲ ဆိုတာ သိရအောင် နဲနဲပြောပြမယ်။

အဲဒီ—သီရိမာ ဆိုတာ ရာဇဂြိုဟ်ရဲ့ ပြည့်တန်ဆာမ အလှမယ်—သာလ၀တီရဲ့ သမီး ဖြစ်တယ်တဲ့၊ သာလ၀တီရဲ့သား ကို ဗိမ္ဗိသာရရဲ့သားတော် အဘယ မင်းသားက ကောက်ယူမွေးစားပြီး ဇီ၀က ဆိုတဲ့ အမည်နဲ့ ဘုရင့်သမားတော်ကြီးဖြစ်လာတယ်။

နှမ သီရိမာ ကတော့ ဘုရားရှင်ရဲ့ တရားတော်ကိုကြားနာရလို့ သောတာပန် ဖြစ်သွားတယ်တဲ့။

ရဟန်းတပါးဟာ သီရိမာရဲ့အိမ်ကို ဆွမ်းစားလိုက်သွားရင်း မြင်ရတဲ့အတွက် အင်မတန် စွဲလမ်းသွားတယ် ဆိုဘဲ၊ ဒါတောင် မကျန်းမမာဖြစ်နေတုန်းကို မြင်ရတာတဲ့၊ ကျန်းမာနေတုန်းမြင်ရယင် ဘယ်လောက်များ လှလိုက်မလဲ-ဆိုတဲ့ အတွေးမျိုးနဲ့ပေါ့ကွယ်။

တကထဲ ဆွမ်းတောင် မစားနိုင်တော့ဘဲ ကျောင်းကိုပြန်သွားပြီးအိပ်နေတော့တာဘဲ-ဆိုကိုး၊ အဲဒီညနေဘက်မှာဘဲ

သီရိမာ ကွယ်လွန်သွားသတဲ့၊ ဗိမ္ဗိသာရမင်းကလဲ သီရိမာ ကွယ်လွန်တာကို ဘုရားထံ လျှောက်ခိုင်းလိုက်တယ်၊ ဘုရားရှင်က အဲဒီသတင်း ကြားတော့ "သီရိမာရဲ့ အလောင်းကို မီးမသင်္ဂြိုဟ်ကြနဲ့အုံး၊သုသာန်မှာပက်လက်သာထားစေ၊ကျီးခွေး လင်းတတွေ မစားစေနဲ့" လို့ ဗိမ္ဗိသာရဆီ ပြန်ကြားမိန့်မှာလိုက်တယ်၊ ဗိမ္ဗိသာရကလဲ မှာတော်မူတိုင်း ပြုစေတယ်။

လေးရက်ကြာတဲ့အခါမှာ အလောင်းက ဖူးဖူးယောင်ပီး လာတာပေါ့၊ အဲဒီတော့မှ "ရာဇဂြိုဟ်တမြို့လုံး အိမ်မှာ ကလေးငယ်တွေ အစောင့်ထားပီး လာကြည့်ကြရမယ်၊ မကြည့်ယင် ဒဏ်ငွေ ၈–ကျပ် တပ်မယ်" လို့ မောင်းခတ်စေသတဲ့။

ဘုရားရှင်ကလဲ သီရိမာရဲ့ ရုပ်အလောင်းကို သွားကြည့်ရန် ရဟန်းတွေကို ခေါ်စေတော်မူတယ်တဲ့၊ ခုတင်က အသေခံပီး အိပ်နေတဲ့ ရဟန်းဟာ သီရိမာကို သွားကြည့်ဘို့ ဆိုတဲ့ အကြောင်းကို ကြားလိုက်ရတော့ ငေါက်ခနဲ ထထိုင်ပီး ရဟန်းတွေနဲ့အတူ လိုက်ပါလာသတဲ့၊ သုသာန်မှာ ပရိသတ်စုံတဲ့အခါ–

(ဘုရား) ဒါ–ဘယ်သူ့ရုပ်အလောင်းလဲ?။
(ဗိမ္ဗိသာရ) ဇီဝကရဲ့နှမ သီရိမာပါဘုရား။
(ဘုရား) ဒါ–သီရိမာဘဲလား။
(ဗိမ္ဗိသာရ) မှန်ပါ–ဘုရား။
(ဘုရား) လိုချင်သူရှိယင် အသပြာတထောင် ပေးပီး ယူစေ–လို့ မြို့ထဲမှာ စည်တီး ကြေငြာပါ။
(ဗိမ္ဗိသာရ) တယောက်မှ–မရှိပါဘုရား။

(ဘုရား) ငါးရာ့ နှစ်ရာ့ငါးဆယ် က အလကားအထိ ယူစေရန် ကြေငြာစေ။

(ဗိမ္ဗိသာရ) အလကားတောင်ယူမဲ့သူ မရှိပါဘုရား။

(ဘုရား) "ချစ်သားတို့-ဟိုတုန်းကဆိုယင် တနေ့တာ အသပြာတထောင်ပေးပီး ပျော်ပါးကြရတဲ့ သီရိမာကို ကြည့်လိုက်ကြစမ်း၊ အခုဖြင့် အလကားတောင် ယူမဲ့သူ မရှိတော့ဘူး၊ အဲသလောက်လှပတဲ့ ရုပ်ဟာ ကုန်ပျောက် ပျက်စီးခဲ့ရပေပြီ၊ အသိဉာဏ်နဲ့ ရှုလိုက်ကြစမ်း၊ ခန္ဓာကိုယ်ဆိုတာခိုင်မြဲတည်တံ့တဲ့သဘော မရှိဘူး...."စသည်ဖြင့် ဟောကြားတော်မူတဲ့အခါ ခုတင်က ရဟန်းဟာသောတာပန် ဖြစ်သွားတယ်တဲ့၊ သတ္တဝါအများလဲ အမှန်တရားကို သိမြင်ပီး သွားကြတယ် တဲ့။

ဘုရားရှင်ဟာ အဋ္ဌာရသမဝါ (၁၈-ခုမြောက်ဝါ)ကို စာလိယတောင် ကျောင်းမှာ သီတင်းသုံးတော် မူတယ်တဲ့၊ ဝါကျွတ်တဲ့အခါ ထုံးစံအတိုင်း လှည့်လည် ဟောကြားရင်း သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူတယ်တဲ့၊ကျေနဝီသတိမ(၁၉-ခုမြောက်ဝါ)ကိုတော့ စာလိယတောင်ကျောင်းမှာဘဲ ပြန်လည်ပီး ကပ်ရောက် တော်မူတယ်တဲ့။

ဝီသတိမဝါ(ဝါနှစ်ဆယ်မြောက်)ကိုတော့ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ ကပ်ရောက်တော်မူ တယ်တဲ့။

# ၁၃-သာဝတ္ထိတွင် ၂၄-ဝါ

## ဇေတဝန်နှင့်ပုဗ္ဗာရုံ

မင်းတို့ကို အခု ဆရာပြောပြခဲ့တဲ့အတိုင်း ဘုရားရှင်ဟာ ဝါတော် ၂၀-အထိ တနေရာထဲမှာ အမြဲအစွဲသီတင်းသုံး တော်မမူတာကို တွေ့ခဲ့ကြရတယ် မှတ်လား။

တပည့်များ။ ။ဟုတ်ပါတယ်-ဆရာကြီး။

ဆရာ ။ ။ဗောဓိသမဝါ (၂၁-ဝါမြောက်)က စပြီး ၄၄-ဝါအထိ ကောသလတိုင်း သာဝတ္ထိ ပြည်မှာသာအမြဲအစွဲသီတင်းသုံးတော်မူ တယ်တဲ့။

အဲဒီသာဝတ္ထိမှာလဲ အနာထပိဏ်သူဌေးကြီးရဲ့ ကောင်းမှု ဇေတဝန် ကျောင်းတော်နဲ့ ဝိသာခါ ဒါယိကာမကြီးရဲ့ ကောင်းမှု ပုဗ္ဗာရုံကျောင်းတော်ကြီးဆိုတဲ့ နှစ်ကျောင်းမှာ ပဲလဲအလှယ် သီတင်းသုံးတော်မူတယ်တဲ့၊ အလဲ အလှယ် သီတင်းသုံးပုံကတော့ ဇေတဝန်မှာ ညဥ့်ဘက် ကျိန်းစက် ပြီးယင် နောက်တနေ့မှာ တပည့်ရဟန်းတွေနဲ့ အတူသာဝတ္ထိ မြို့တော်ရဲ့ တောင်တံခါးကဝင်....ဆွမ်းခံ....အရှေ့ တံခါးက ထွက်.... ပြီး....ပုဗ္ဗာရုံကျောင်းတော်မှာ နေ့ဘက်ရော ညဥ့် ဘက်ရော သီတင်းသုံးတော်မူတယ်၊ နောက်တနေ့မှာ ပုဗ္ဗာရုံ

က ထွက်...အရှေ့တံခါးစဝင်—ဆွမ်းခံ....တောင်တံခါးက ထွက်.... ဇေတဝန်မှာ နေ့ရောညရော သီတင်းသုံး....အဲသလို အလဲအလှယ် သီတင်းသုံးတော်မူ တယ်တဲ့။

ဘုရားရှင်ဟာ သာဝတ္ထိမှာ အမြဲအစွဲ ဝါဆိုတာကိုသာ ပြောတာနော်....ဝါကျွတ်တဲ့အခါတွေမှာတော့ မြို့ရွာဇနပုဒ် တွေကိုလှည့်လည်ကြွရောက်ပြီး တရားဟောပြန်တာဘဲတဲ့။

## အမြဲတမ်းအလုပ်အကျွေး

ပြောခဲ့တဲ့ ဝါတော် ၂၀-အတွင်းမှာ ဘုရားရှင်ဟာ အမြဲတမ်း အလုပ်အကျွေးရယ်လို့ ခန့်ထားတော်မမူခဲ့ဘူးတဲ့၊ **နာဂသမာလ** ထေရ်, နာဂိတ, ဥပဝါန, သုနက္ခတ္တ, (အရှင် သာရိပုတြာရဲ့ညီ)**စုန္ဒ**, **သာဂတ**, **မေဃိယ** ဆိုတဲ့ ရဟန်း တော်တွေ အခါအခွင့်သင့်သလို ပြုစုလုပ်ကျွေး ခဲ့ကြပါ တယ်တဲ့။

ဒါပေမင့် အဲဒီကိုယ်တော်တွေဟာ ဘုရားရှင် ကျေနပ် လောက်အောင် မပြုစုနိုင်ခဲ့ကြဘူးတဲ့၊ အဲဒါကြောင့် "ချစ် သားတို့—ငါဘုရားဟာ အခုအယင်ကလို မဟုတ်တော့ဘူး၊ အသက်ကြီးရင့် လာပြီး၊ ငါ့ကို လုပ်ကျွေးခဲ့ကြတဲ့ ရဟန်းတွေ ထဲက တချို့ဟာ ငါက ဒီလမ်းက သွားရအောင် ဆိုပေမင့် ငါ့ကို ပစ်ထားခဲ့ပြီး တခြားလမ်းက သွားခဲ့ကြတာလဲရှိတယ်၊ တချို့ကတော့ ငါဘုရားရဲ့ သပိတ်သင်္ကန်းကို မြေကြီး ပေါ်မှာ ချထားခဲ့ပြီး ပစ်သွားမလို လုပ်ခဲ့ကြတယ်၊ အဲဒီတော့ အမြဲတမ်း ပြုစုလုပ်ကျွေးမဲ့သူကို ရွေးကြ" လို့ မိန့်တော် မူသတဲ့။

အဲဒီမှာ အရှင်သာရိပုတြာက စပြီး ပြုစုလုပ်ကျွေးခွင့်ကို အသီးသီး လျှောက်ထားကြသော်လဲ ဘုရားရှင်က ခွင့်ပြုတော်မမူဘဲ အရှင် အာနန္ဒာ ကိုသာ လက်ခံတော်မူလိုက်တယ်တဲ့။

အရှင်အာနန္ဒာကလဲ ဘုရားရှင်ဆီက အချက်၈—ချက်ကို ခွင့်ပြုလိုက်လျှောပါမှ လုပ်ကျွေးပြုစုလိုကြောင်း တောင်းဆိုတယ်တဲ့။

အဲဒါတွေကတော့ (၁) သင်္ကန်းကောင်းများ ရလာယင် တပည့်တော်ကိုမပေးပါနဲ့တဲ့ (၂) ဆွမ်းဘောဇဉ်ကောင်းတွေရလာယင် တပည့်တော်ကို မပေးပါနဲ့တဲ့ (၃) ဂန္ဓကုဋိကျောင်းတော်တခုထဲမှာ တပည့်တော်ကို အတူနေခွင့် မပေးပါနဲ့တဲ့ (၄) ပင့်ဖိတ်ရာဆီကို တပည့်တော်ကို ခေါ်မသွားပါနဲ့—ဆိုတဲ့ လေးချက်ကိုတောင်းဆိုတယ်၊ ဒီလေးချက်ကို ဘာကြောင့်တောင်းတယ် ဆိုတာ မင်းတို့ သိလောက်ပါတယ်၊ အတိုချုပ်ကတော့ သူများတွေအထင်မလွဲအောင် အကဲ့ရဲ့လွတ်အောင် တောင်းတာပေါ့ကွယ်။

ပြီးတော့ (၁) တပည့်တော် ပင့်ဖိတ်ရာကို လိုက်ပါကြွရောက်တော် မူစေလိုပါတယ်-တဲ့ (၂) တခြားအရပ်က ဘုရားဖူး လာသူတွေကို ခဏချင်း ဖူးမျှော်နိုင်စေခွင့်ရလိုပါတယ်တဲ့ (၃) ယုံမှားသံသယ ဖြစ်မိတဲ့အခါမှာ—ခဏချင်း ဆည်းကပ် လျှောက်ထားခွင့် ပြုခြင်းကို ရလိုပါ တယ်တဲ့၊ (၄) ကွယ်ရာမှာ ဟောလေသမျှ တပည့်တော်ကို ပြန်ပြီး ဟောစေချင်ပါတယ်တဲ့။

အဲသလို အလုပ်အကျွေးရာထူး ရချိန်က စပြီး ဘုရားရှင်ကို လုပ်ကျွေးပြုပုံဟာ အင်မတန် ချီးမွမ်းစရာ ကောင်းတယ်၊ အခါ အခွင့် အလျှောက် ရေပူရေချမ်း ဆက်ကပ်တယ်၊

သွားတိုက်ဒန်ပူ ဆက်ကပ်တယ်၊ ရေချိုးတဲ့အခါ ကျောကို ပွတ်သပ်ပေးတယ်၊ ဂန္ဓကုဋိကျောင်းတော်ကို တံမြက်လှဲတယ်၊ တနေ့လုံးလုံးအသင့်ဖြစ်အောင် ဘုရားရှင်ရဲ့ အနီးနား မှာ သာ နေလေ့ရှိတယ်၊ ညအခါမှာဆိုယင် ဆီမီးတိုင် ကြီးကို စွဲကိုင်ပြီးတော့ ဂန္ဓကုဋိပရိဝုဏ်ကို ၉–ပတ် ၉-ကြိမ်လှည့်တော် မူတယ်တဲ့၊ အဲဒါကတော့ ဘုရားရှင် ခေါ်တော်မူယင် အသင့် ပြန်ပြီး ထူးနိုင်အောင်နဲ့ မိမိကိုယ်တိုင် ထိနမိဒ္ဓ ကင်းဝေးပြီး နိုးနိုးကြားကြား ရှိအောင် လုပ်တာဘဲတဲ့။

## သက်ထိန်းသမာပတ်

ဘုရားရှင်ဟာ ဝါတော် ၄၄–ဝါပြည့်တဲ့ပြီး သက်တော် ၈၀–ထဲရောက်တဲ့ အချိန် အတွင်း ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ် တောင် ကျောင်းတော်မှာသီတင်းသုံးတော်မူနေ သေးတယ်၊ အဲဒီမှာ သီတင်းသုံးတော်မူခိုက် တိုင်းပြည် နိုင်ငံနဲ့ လူမျိုး ကြီးပွားရေး တရား ၇–ပါးရယ်,ရဟန်းများအတွက်ကြီးပွား ရေး တရား ၇–ပါး ရယ် ဟောတော်မူတယ်။

ဘုရားရှင်ဟာ အဲဒီဂိဇ္ဈကုဋ်တောင် ကျောင်းတော်ကနေ အမ္ဗလဋ္ဌိကာ ခေါ်တဲ့ သရက်ဥယျာဉ်အရပ်ဆီကို ကြွတော် မူပြီး မင်းတွေစည်းဝေးတဲ့နေရာမှာ သီတင်းသုံးတော်မူတယ်။

အဲဒီမှာ အလိုတော်ရှိသလောက် သီတင်းသုံးတော် မူပြီး နာလန္ဒ မြို့ကို ကြွတော်မူတယ်၊ နာလန္ဒမှာရှိတဲ့ ပါဝါရိ သူဌေးရဲ့ သရက်ဥယျာဉ်ထဲမှာ သီတင်းသုံးတော်မူတယ်။

နာလန္ဒမှာအလိုတော်ရှိသလောက် သီတင်းသုံးတော်မူပြီး ပါဋလိ ဆိုတဲ့ရွာဆီကို ကြွတော်မူတယ်၊ အဲဒီမှာ သီလနဲ့ ပြည့်စုံတဲ့အကျိုး, သီလမစောင့်ထိန်းတဲ့အပြစ်များကို ဟော

ကြွားတော်မူတယ်။ ဘုရားရှင်ရောက်လာခိုက်မှာ အဇာတသတ် ဘုရင်ရဲ့ အမတ်ကြီးများဖြစ်ကြတဲ့ သုနိဓနဲ့ ဝဿကာရတို့ဟာ ပါဋလိရွာမှာ မြို့သစ်တည်နေတဲ့အခိုက်နဲ့ ကြုံနေတယ်တဲ့၊အမတ်ကြီးများကလဲ ဘုရားရှင်ကို ပင့်ပြီး ဆွမ်းကပ်လှူကြတယ်တဲ့၊ ဘုရားရှင် ဂင်္ဂါမြစ် တဖက်ကမ်းဆိုက်ကူးတဲ့ဆိပ်ကို ဂေါတမဆိပ် လို့ အမည်တွင်စေသတဲ့။

ဂင်္ဂါရဲ့ တဖက်ကမ်းကိုရောက်ဘဲ့ပြီးနောက် ဂေါဋိဂါမခေါ်တဲ့ရွာကို ကြွတော်မူသတဲ့။

အဲဒီ ဂေါဋိဂါမ ကနေပြီး နာတိက ဆိုဘဲ့ရွာကို ကြွတော်မူပြီး အဲဒီရွာရှိ အုတ်ကျောင်းမှာ သီတင်းသုံးတော်မူတယ် တဲ့။

နာတိကအရပ်မှာ အလိုတော်ရှိသလောက် သီတင်းသုံးတော်မူပြီးနောက် ဝေသာလီပြည်ကိုကြွတော်မူသတဲ့၊ ဝေသာလီပြည်ရောက်တော့ အမ္ဗပါလီကာ ပြည့်တန်ဆာမရဲ့ သရက်ဉယျာဉ်မှာသီတင်းသုံးတော်မူတယ်တဲ့၊တရားအများအပြားဟောတော်မူတယ်တဲ့။

အဲဒီမှာ အလိုရှိသလောက် နေတော်မူပြီး ဝေသာလီရဲ့အနီး မှာရှိတဲ့ ဗေဠုဝ ဆိုတဲ့ ရွာဆီကို ကြွတော်မူတယ်၊ အဲဒီရွာမှာဘဲ ၄၅-ခု မြောက် ဝါ အဖြစ် ကပ်ရောက်တော်မူတယ်တဲ့၊ ရဟန်းတော် အများအပြားကိုတော့ ဝေသာလီပတ်ဝန်းကျင်မှာ သင့်သလို ဝါကပ်ကြရန် မိန့်တော်မူတယ်။

ဘုရားရှင်ဟာ အဲဒီ ဗေဠုဝရွာမှာ သီတင်းသုံးတော်မူနေတုန်း သေလုနီးပါး ပြင်းထန်တဲ့ ရောဂါ ဖြစ်တော်မူတယ်တဲ့၊ အဲဒီရောဂါကို ဝီရိယနဲ့ ဖျောက်ကာ ဇီဝိတိန္ဒြေ

ဆိုတဲ့ အသက် တည်မြဲနေနိုင်တဲ့ သက်ထိန်း သမာဓိ ကို ဝင်စားတဲ့အတွက် ရောဂါပျောက်သွားသတဲ့။

## အဂ္ဂသာဝက ၂-ပါးပရိနိဗ္ဗာန်ပြုကြခြင်း

ဝါကျွတ်တဲ့အခါ ကြွလာတော်မူခဲ့တဲ့ ခရီးစဉ်အတိုင်း သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်ကို ကြွရောက်ပြီး သီတင်းသုံးတော်မူပြန်တယ်တဲ့။

အဲသလို ဘုရားရှင် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတုန်း တပည့်ကြီး အရှင်သာရိပုတြာဟာ ဘုရားရှင်ကို ရှိခိုးပြီး ညီတော်စုန္ဒထေရ်ကို ခေါ်တော်မူကာ ဇေတဝန် ကနေ နာဠကရွာ ကို ကြွတော်မူတယ်၊ အဲဒီနာဠကရွာရှိ မိမိမယ်တော်ရဲ့ အိမ်မှာ ပရိနိဗ္ဗာန်ဝင်စံတော်မူတယ်တဲ့။

တန်ဆောင်မုန်း လပြည့်နေ့ည တညလုံး သွေးအန် ရောဂါဖြစ်ပြီး မိုးသောက်ထအချိန်မှာ ပရိနိဗ္ဗာန်စံတော် မူတယ်တဲ့။

ဘုရားရှင်ဟာ အရှင်သာရိပုတြာရဲ့ညီတော် စုန္ဒထေရ် ယူလာတဲ့ အရှင်သာရိပုတြာရဲ့ ဓာတ်တော်တွေကို လက်ဝါး ပေါ်တင်ပြီး အရှင်သာရိပုတြာရဲ့ ဂုဏ်တွေကို ချီးမွမ်းတော် မူဘယ်တဲ့၊ ဓာတုစေတီ ကိုလဲ တည်စေတယ်တဲ့။

အဲဒီနောက် ဘုရားရှင်ဟာ ရာဇဂြိုဟ်ကို ကြွတော်မူတယ်။

အရှင်မောဂ္ဂလာန် ကိုယ်ဘော်ကြီးလဲ တန်ဆောင်မုန်း လကွယ်နေ့မှာ ပရိနိဗ္ဗာန်ပြုတော်မူတယ်တဲ့၊ ဘုရားရှင်က အရှင်မောဂ္ဂလာန်ရဲ့ ဓာတ်တော်များကို ယူစေပြီး ဓာတု စေတီ တည်စေတယ် တဲ့။

# ၁၄-ပရိနိဗ္ဗာန်ဝင်စံတော်မူခြင်း

ဘုရားရှင်ဟာ အရှင်အာနန္ဒာကို ခေါ်ပြီး ရာဇဂြိုဟ်ကနေ ဥက္ကစေလ ကို ကြွတော်မူတယ်၊ ဥက္ကစေလကနေ ဂင်္ဂါမြစ် စဉ်အတိုင်းကြွလာကာ ဝေသာလီသို့ ရောက်တော်မူပြန်တယ်တဲ့။

ဝေသာလီမှာ ဆွမ်းခံဝင်ပြီးနောက် စာပါလ စေတီအရပ်မှာ နေ့သီတင်းသုံးတော်မူတယ်တဲ့။

အဲဒီကနေ ဝေသာလီအနီး မဟာဝုန်တော အတွင်း ကူဋာဂါရသာလာ ကျောင်းတော်ကို ကြွတော်မူတယ်တဲ့၊ ဝေသာလီကို အမှီပြုပြီး နေကြတဲ့ ရဟန်းအစည်းအဝေးကြီး ခေါ်စေပြီး ဗုဒ္ဓသာသနာ အရှည် တည်တံ့ရေး တရား ၃၇-ပါး တို့ကို ဆောင်ရွက် လိုက်နာကြစေ လိုကြောင်း၊ သင်္ခါရ ဆိုတဲ့ အစီအမံ မကောင်းတဲ့ တရားတွေဟာ ဖြစ်တတ် ပျက်တတ် တဲ့ သဘောရှိကြောင်း၊ မမေ့ မလျော့ကြဖို့ အကြောင်းများကို ဟောကြားဆုံးမတော် မူတယ်တဲ့။

မနက်ပိုင်း ဝေသာလီပြည်ထဲ ဆွမ်းခံဝင်တော်မူပြီးနောက် ဝေသာလီကို အဆုံးစွန်ကြည့်တဲ့အနေနဲ့ ကြည့်တော်မူပြီး ညီတော်အာနန္ဒာနဲ့အတူ ဘဏ္ဍုဂါမ ကိုကြွတော်မူတယ်တဲ့။



ကုသိနာရုံပြည် မြတ်စွာဘုရားပရိနိဗ္ဗာန်စံရာဌာန၌
တည်ထားသည့် စေတီတော်ကြီး နှင့် ရုပ်ပွါးတော်ရှိရာဂူ

ဘဏ္ဍုဂါမမှာ အလိုတော်ရှိသမျှ သီတင်းသုံးတော်မူပြီး နောက် ဟတ္ထိဂါမ, ဇမ္ဗုဂါမ, အမ္ဗဂါမ,ဘောဂနဂရ ဆိုပြီး အစဉ်အတိုင်း ကြွတော်မူတယ်တဲ့။

အဲဒီကမှ ပါဝါ ပြည်ကိုကြွတော်မူတယ်တဲ့၊ပါဝါပြည်မှာ စုန္ဒ အမည်ရှိ ရွှေပန်းထိမ်သည် သားရဲ့ ဥယျာဉ်မှာ သီတင်း သုံးတော်မူတယ်တဲ့၊ အဲဒီ ဥယျာဉ်ထဲမှာ ယခင်ကထဲက ဘုရား ရှင်ကို ကျောင်းဆောက်ပြီး လှူထားခဲ့တာ ရှိနေတယ်တဲ့၊ စုန္ဒကလဲ ဟို....ယခင်ကထဲက ဘုရားရှင်ရဲ့ တရားတော်ကို နာရလို့ သောတာပန် ဖြစ်နေခဲ့သူ ဖြစ်တယ်တဲ့။

နောက်တနေ့မှာ စုန္ဒလှူတဲ့ (ဝက်ပျိုသားနဲ့ ချက်တဲ့) သားပြွမ်းဆွမ်း (=ဒန်ပေါက်ဆွမ်း) ကို ဘုန်းပေးတော်မူပြီး နောက် ဝမ်းသွေးသွန်တဲ့ ရောဂါ အပြင်း အထန် ဖြစ်ပါ ရောတဲ့၊စင်စစ်တော့ အဲဒီဆွမ်း မဘုန်းပေးသော်လဲ ဝမ်းသွေး သွန်တဲ့ရောဂါကတော့ ဖြစ်မှာဘဲ ဆိုကိုး၊ အဲဒီဆွမ်းသာ မဘုန်းပေးယင် ဒီထက်တောင် ရောဂါ ပြင်းထန်စရာ အကြောင်းရှိတယ်—လို့လဲ အဆိုရှိတယ်။

ဘုရားရှင်ဟာ အဲဒီကနေ ကြွတော်မူပြီး သွားလမ်းကနေ ဘေးဘက်ခွာကာ သစ်ပင်တပင်အောက်မှာ 'ပင်ပန်းတော် မူလှတယ်၊ နားနေအုံးမယ်' လို့ မိန့်တော်မူပြီး ဒုကုဋ်သင်္ကန်း တော်ကို လေးခေါက် ခေါက်ခင်းစေကာ နားနေတော် မူတယ်တဲ့၊အနီးရှိ ကကုဓ မြစ်ထဲက ရေကို ခပ်စေပြီးတော့လဲ သုံးဆောင်တော်မူတယ်တဲ့၊ အဲဒီမှာ အာဠာရ ရသေ့ရဲ့ တပဲ့ ပက္ကုသ ခေါ်တဲ့ မလ္လာမင်းသားဟာ ကုသိနာရုံ ပြည်က ပါဝါ ပြည်ကိုသွားရင်း ဘုရားရှင်ကို တွေ့လို့ အဝင်မတန်ကောင်းတဲ့ ပုဆိုးအစုံကို လှူသွားတယ် တဲ့၊ ဘုရားရှင်ဟာ ပုဆိုးနှစ်ထည်

အနက် တထည်ကိုဝတ် တထည်ကိုရုံတော်မူတယ်တဲ့၊ ကာကုဓ မြစ်ထဲကို ဆင်းကာ ရေးသုံးသပ်တော်မူပြီးတော့ အနားမှာ ရှိတဲ့ သရက်ဥယျာဉ်ကို ကြွတော်မူတယ်တဲ့၊ အဲဒီအခါ အရှင် အာနန္ဒာမှာ ရေသနုပ်တော် ညှစ်နေရတဲ့အတွက် နောက် ကျန် နေရစ်ခဲ့လို့ အရှင်စုန္ဒကို ခေါ်ပြီး ဒုကုဋ်သင်္ကန်းကို လေးခေါက်ခေါက် ခင်းစေကာ ကျိန်းစက်တော်မူတယ်တဲ့၊ "ပင်ပန်းတော်မူလှတယ်—လျောင်းစက် အုံးမယ်" လို့လဲ မိန့်တော်မူရှာတယ်တဲ့။

အဲဒီနောက် ဟိရညဝတီ လို့ ခေါ်တဲ့ မြစ်ရဲ့ တဖက်ကို ကူးပြီး ကုသိနာရုံ ပြည်ရဲ့ အနောက်တောင်ဘက် အကွေ့မှာ ရှိတဲ့ မလ္လာမင်းများရဲ့ အင်ကြင်းဥယျာဉ်ဆီကို ကြွတော် မူတယ်၊ အဲဒီဥယျာဉ်ထဲက အင်ကြင်းပင်ပျို နှစ်ပင်ရဲ့ အကြားမှာ မြောက်ဘက်ကို ဦးခေါင်းပြုပြီး ခင်းထားတဲ့ ညောင်စောင်းပေါ်မှာ လက်ျာ-နံတောင်းနဲ့ လျောင်းတော် မူရင်း ၁၄၈-ခု ကဆုန်လပြည့် အင်္ဂါနေ့ မိုးသောက်ယာမ် မှာ ပရိနိဗ္ဗာန် ဝင်စံတော်မူရှာတယ်တဲ့။

အဲသလို ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူလို့ သဂြိုဟ်ပြီးစီးတဲ့ အခါ ဓာတ်တော်များကို တောင်းရအောင်ဆိုပြီး ၇—ပြည် ထောင် မင်းတွေ ကုသိနာရုံကို ရောက်လာကြ တယ် တဲ့၊ ၇—ပြည်ထောင်မင်းတွေ ဆိုတာက—

(၁) ရာဇဂြိုဟ်ပြည်—အဇာတသတ်မင်း၊
(၂) ဝေသာလီပြည်—လိစ္ဆဝီမင်း၊
(၃) ကပိလဝတ်ပြည်—သာကီဝင်မင်း၊
(၄) အလ္လကပ္ပပြည်—ဗုလမင်း၊

(၅) ရာမရွာ—ကောလိယမင်း၊
(၆) ဝေဌဒီပတိုင်း—ပုဏ္ဏားများ၊
(၇) ပါဝါပြည်က—မလ္လာမင်းများ ဖြစ်တယ်တဲ့။

အဲဒီ ၇-ပြည်ထောင်မင်းတွေကို ဒေါန ဆိုတဲ့ ပုဏ္ဏား ဆရာကြီးက ကြီးမှူးပြီး ဓာတ်တော်တွေကို ဝေခွဲပေးလိုက် ရတယ်တဲ့။

အဲဒီအခါကစပြီး စွယ်တော်, သွားတော်,အရိုးတော်များ နဲ့ ဓာတ်တော်တွေဟာ အရပ်ဒေသ အသီးသီးသို့ ဆိုက်ရောက် သွားကြတယ်၊ မူလနေရာက အခြားနေရာတွေကိုအဆင့်ဆင့် ပြောင်းသွားကြတာတွေလဲရှိတယ်။

အထူးသဖြင့်ကတော့ အဇာတသတ် မင်းဟာ ဓာတ် တော်တွေကို ရနိုင်သမျှစုဆောင်းပြီး တနေရာယမှာ ဌာပနာ ခဲ့တယ်တဲ့။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ,
ဓမ္မံ သရဏံ ဂစ္ဆာမိ,
သံဃံ သရဏံ ဂစ္ဆာမိ။

အဝေဖြခံ မှူကာဓသာ

# အခြေခံဗုဒ္ဓဘာသာ
# (ပဉ္စမဆင့်)

## သီလ

ဆရာ။ ။ဘုရားရယ်, တရားရယ်, သံဃာရယ် ဆိုပြီး ရတနာသုံးပါးရှိတဲ့ အနက်က ဘုရားရတနာ အကြောင်း မင်းတို့ အတော်ကလေးသိခဲ့ကြရပြီ၊ တရားတော်အကြောင်း နဲနဲပြောပြချင်တယ်၊ ဗုဒ္ဓရှင်တော်ဘုရားဟာ ဘုရားဖြစ်ပြီးတဲ့နောက် ၄၅–နှစ် (၄၅–ဝါ)ပတ်လုံး ဘာတွေဆောင်ရွက်တော်မူခဲ့သလဲလို့ မေးယင် မင်းတို့ဘယ်လို ဖြေကြမလဲ?။

တပည့်များ။ ။တရားတွေ ဟောတော်မူခဲ့ ပါတယ်လို့ ဖြေပါ့မယ်။

ဆရာ။ ။ဟုတ်သိုက်ပလေ-ကွယ်၊အဲဒီလို ၄၅–နှစ်လုံး ဟောတော်မူခဲ့တဲ့ တရားတွေဟာ ဘယ်မှာနဲ့ပါ့မလဲ၊အများကြီးပေါ့၊အဲဒီတော့ မင်းတို့နဲ့တန်ရုံ အချုပ်သဘောလဲ မိရုံ ဆရာက ပြောပြချင်တယ်။

၄၅–နှစ်အတွင်း ဟောတော်မူတဲ့ တရားတွေကို အကျဉ်းချုံးလိုက်ယင် သီလရယ်, သမာဓိရယ်, ပညာရယ် ဆိုပြီး သုံးမျိုးဘဲရှိတယ်။

သီလဆိုတဲ့ တရားတွေကလဲ အမျိုးအဲစား အဆင့်အတန်း အနေနဲ့ ခွဲခြမ်းဝေဖန်လိုက်ယင် အများကြီးဘဲ၊ ဒါပေမင့် တချက်ထဲနဲ့ ပီးအောင် ဟောခဲ့တာရှိတယ်၊ အဲဒါကတော့ မကောင်းတာမှန်သမျှမလုပ်နဲ့ ဆိုတာဘဲကွဲ့၊ 'မကောင်းတာ မှန်သမျှမလုပ်ခြင်း'(=သဗ္ဗပါပဿ အကရဏံ)ဆိုတာ အင်မတန် ခြုံမိတဲ့စကားပေါ့ ကွယ်။

ငါးပါးသီလ စောင့်ထိန်းတယ် ဆိုတာ မကောင်းတာကို မလုပ်ဘဲ ရှောင်တာကျင့်တာဘဲ မှုတ်လား။

တပည့်များ။ ။ဟုတ်ပါတယ်—ဆရာကြီး။

ဆရာ။ ။၈—ပါးသီလတို့ ၉—ပါးသီလတို့ ၁၀—ပါး သီလတို့ (အချုပ်အားဖြင့် သီလကြီး လေးပါးတို့) ဆိုတာ တွေဟာကော မကောင်းတာမလုပ်ဘာဘဲ မဟုတ်လား?။

တပည့်များ။ ။ဟုတ်ပါတယ်—ဆရာကြီး။

ဆရာ။ ။မကောင်းတဲ့ တရားဆိုတာ မဟုတ်မမှန်တဲ့ တရား ယုတ်မာတဲ့ တရား မဖြူစင်တဲ့ တရား ညစ်ညမ်းတဲ့ တရားတွေဘဲ၊ အကုသိုလ် တရားလို့လဲခေါ်တယ်၊ ပီး တော့ လောကမှာ မကောင်းဘူး၊ကောင်းတယ်လို့ ခွဲခြား တာဟာ ဘယ်စံချိန် ဘယ်သက်သေ ဘယ်အထောက်အထား ပေါ်မှာတည်ပီး ခွဲခြားမလဲလို့ မေးစရာ ရှိတယ်။

ဘာကြောင့်လဲဆိုတော့ အချို့သူက ကောင်းတဲ့ တရား မှန်တဲ့တရားပါလို့ သတ်မှတ်ပေမင့် အချို့သူက အဲဒီသတ်မှတ် ချက်ကိုဘဲ မကောင်းတဲ့တရား မမှန်တဲ့တရားလို့ သတ်မှတ် ကြပြန်တယ်၊ အဲဒီတော့ ဘယ်စံချိန် ဘယ်သက်သေ ဘယ်အထောက်အထားနဲ့ သတ်မှတ်မလဲ-ဆိုတာ မေးသင့်တဲ့ အမေးဘဲကွဲ့။

ဘယ့်နှယ်လဲ–မင်းတို့ စံထားစရာ ပြနိုင်ကြပါမလား?၊ သက်သေ အထောက်အထား ပေးနိုင်ကြပါမလား?။

တပည့်များ။ ။မပေးနိုင်ကြပါဘူး–ဆရာကြီး။

ဆရာ။ ။ဒါဖြင့် ဆရာက စံထားပြရပေမှာ ပေါ့၊ အင်မတန် ထင်ရှားတဲ့ စံပေါ့ကွယ်၊ ကိုင်း–မင်းတို့ အထဲက ငါးပါး သီလကို သိတဲ့သူ ရှိသလား။

တပည့်တဦး။ ။ကျွန်တော်သိပါတယ်–ဆရာကြီး။

ဆရာ။ ။သိယင် ရေတွက်ပြစမ်း–ကွယ်။

တပည့်။ ။(၁) သူတပါး အသက်ကို မသတ်တာရယ် (၂) သူတပါးရဲ့ ဥစ္စာ ပစ္စည်းကို မခိုးတာရယ် (၃) လိမ်မပြောတာရယ် (၄) သူတပါး သားမယားကို မတရားမကျင့်တာရယ် (၅) သေရည်သေရက် မသောက်တာရယ်။

ဆရာ။ ။အောင်မယ်–အဲဒါ ဘယ်က ရတာလဲ။

တပည့်။ ။ကျွန်တော့် ဖေဖေက သင်ပေးထားပါတယ်။

ဆရာ။ ။ဪ–အဲဒီ ငါးပါးသီလ ထဲက သေအရက်သောက်တာကို ခဏဖယ်ထားလိုက်စမ်း၊ ကျန်တဲ့ လေးပါးကို ကိုယ်ချင်းစာ တရားဆိုတဲ့စံချိန်နဲ့ ထိုးကြည့်ယင်ကောင်းတယ်၊ မကောင်းဘူး ဆိုတာ ပေါ်လာတယ်ကွဲ့။

"ကိုယ့်အသက် သတ်ယင်–မခံနိုင်သလို သူ့အသက် သတ်ယင် ခံနိုင်မှာမဟုတ်ပါတကား–ကိုယ့်ကို သတ်ယင် နာကျင်သလို သူ့အသက် သတ်ယင် နာကျင်ရှာမှာပါတကား....ကိုယ့်ဆွေမျိုးသားချင်းကို သတ်ယင် မခံချင်သလို (မကြိုက်သလို) သူတပါးရဲ့ ဆွေမျိုးသားချင်းကို သတ်ယင်

ခံနိုင်မှာ မဟုတ်ပါဘူးကား....စသည်ဖြင့် ကိုယ်ချင်းစာတရား နဲ့ စံထိုးလိုက်ယင် သူ့အသက်မသတ်ဘဲ ရှောင်ကြဉ်တယ်— ဆိုတာ ကောင်းတဲ့တရား မြတ်တဲ့တရား မှန်တဲ့တရားဖြစ်တယ် ဆိုတာ ထင်ရှားတယ် မှတ်လား။

တပည့်များ။ ။ဟုတ်ပါတယ်–ဆရာကြီး။

ဆရာ။ ။ကဲ–ပီးတော့ ကိုယ်ပိုင်တဲ့ ဥစ္စာ ကိုယ်ပိုင်တဲ့ ပစ္စည်းကို ကိုယ်မပေးချင်ဘဲ သူများက တိတ်တဆိတ် ခိုးယူ တယ်–ဆိုယင် ခံနိုင်ပါ့မလား၊ကြိုက်နိုင်ပါ့မလား?။

တပည့်များ။ ။မကြိုက်နိုင်ပါဘူး—ဆရာကြီး။

ဆရာ။ ။ပီးတော့—ကိုယ့်ကို လိမ်ပြောယင် ကြိုက် ပါ့မလား။

တပည့်များ။ ။မကြိုက်ပါဘူး—ဆရာကြီး။

ဆရာ။ ။ပီးတော့—ကိုယ့်သားမယားကို သူတပါးက လွန်ကျူးတယ်ဆိုယင် ကြိုက်နိုင်ပါ့မလား။

တပည့်များ။ ။မကြိုက်ပါဘူး—ဆရာကြီး။

ဆရာ။ ။အဲဒီတော့ သူ့ဥစ္စာမခိုးတာ, သူတပါးကိုလိမ် မပြောတာ, သူ့သားမယားအပေါ်မှာ မတရားမလွန်ကျူး တာ တွေဟာ မှန်တယ်ဆိုမလား—မှားတယ်ဆိုမလား။

တပည့်များ။ ။မှန်တယ်လို့ဆိုရပါ့မယ်။

ဆရာ။ ။သေအရက် သောက်တယ် ဆိုတာကတော့ မူးယစ်ပီး မမှန်တာတွေ မဟုတ်တာတွေ မကောင်းတာတွေ ကို ကြံမိ ပြောမိ လုပ်မိမှာစိုးလို့ ဘုရားရှင်က တားတာဘဲ၊ ကောင်းတာ မှန်တာတွေကို ကြံရ ပြောရ လုပ်ရဘို့ အထွက် မေ့ကုန်မှာစိုးလို့ တားတာဘဲ။

အဲဒီတော့- ငါးပါးသီလ စောင့်ထိန်းတာကိုက ဘယ်လောက်ကောင်းတယ် မှန်တယ်–ဆိုတာမင်းတို့ သိလောက်ပြီ။

အခုပြောခဲ့တာဟာ လွယ်အောင်လို့ အခြေခံအကျဆုံးကို ပြောခဲ့တာဘဲ၊ တကယ်ကတော့ ငါးပါးသီလဆိုပေမဲ့ နိဗ္ဗာန်ကို တောင့်တပြီး ဆောက်တည်ကျင့်သုံးယင် အဓိသီလ လို့ ခေါ်တယ်၊ အဓိသီလဆိုတာ ဗမာလို–လွန်ကဲ မြင့်မြတ်တဲ့ သီလ-လို့ ဆိုလိုတာပေါ့ကွယ်။

တနည်းအားဖြင့်–မှန်ကန်စွာ ပြောတာရယ် မှန်ကန်စွာ ပြုလုပ်တာရယ်၊ မှန်ကန်စွာ အသက်မွေးတာရယ်–ဆိုတဲ့ အဲဒီ သုံးမျိုးကို အဓိသီလ လို့ ခေါ်တယ်။

တနည်းအားဖြင့်-ငါးပါးသီလကို ထောက်ယင် ဆယ်ပါးသီလကို အဓိသီလလို့ ခေါ်တယ်၊ လောကီသီလကိုထောက်ယင် လောကုတ္တရာသီလကို အဓိသီလ လို့ ခေါ်တယ်။

နဲနဲတော့–ခက်သွားပဟော့၊ စုံအောင် ပြောလိုက်ရတာကိုး ကွဲ့၊ နောက်နား ရောက်တော့ ပိုပြီးရှင်းပါလိမ့်မယ်။

သီလရယ်၊ သမာဓိရယ်၊ ပညာရယ်- လို့ ၃-မျိုး ရှိတဲ့အနက် သီလအကြောင်း ဒါလောက်နဲ့ ရပ်လိုက်ကြအုံးစို့။

## သမာဓိ

သမာဓိ-ဆိုတာ ဗမာလို ကောင်းတဲ့ အပေါ်မှာ တည်ကြည်တဲ့ စိတ်ပေါ့ကွယ်။

ဝိပဿနာရဲ့ အခြေခံဖြစ်တဲ့ သမာပတ် ၈-ပါးကို အဓိစိတ္တ လို့ ခေါ်တယ်၊ လွန်ကဲ မြင့်မြတ်တဲ့ စိတ်ပေါ့ကွယ်၊ (ဝိပဿနာအကြောင်းကို နောက်နား ရောက်တော့ ပြော

မယ်)၊ သမာပတ် ၈–ပါးဆိုတာကို ဗုဒ္ဓဘုရားအကြောင်း မြေခတုန်းက နဲနဲ ပြောခဲ့ပြီးပြီ။

တနည်းအားဖြင့်– မှန်ကန်စွာအားထုတ် ကြိုးစားတာ ရယ်၊ မှန်ကန်စွာ သတိရ (အောက်မေ့) တာရယ်၊ မှန်ကန်စွာ တည်ကြည်တာရယ် ဆိုပြီး အဲဒီ ၃–မျိုးကို အဓိစိတ္တလို့ ခေါ်ပါတယ်–တဲ့။ (ပြောစရာတွေကဲ အများကြီးဘဲ)။

တနည်းအားဖြင့်-ကာမာဝစရ စိတ်ကိုထောက်ယင် ရူပါ ဝစရစိတ်ဟာ အဓိစိတ္တတဲ့၊ ရူပါဝစရစိတ်ကို ထောက်ယင် အရူပါဝစရ စိတ်ဟာ အဓိစိတ္တ–တဲ့၊ လောကီစိတ်ကို ထောက်ယင် လောကုတ္တရာစိတ်ဟာ အဓိစိတ္တ–တဲ့။

အဲဒီ လွန်ကဲစွာတည်ကြည်မှု ဆိုတဲ့ အဓိစိတ္တ ကျင့်စဉ် များကို အကျဉ်းဆုံးအနေနဲ့ ခြုံမိငုံမိအောင် ဘုရားရှင်က–

'ကောင်းတာနဲ့ပြည့်စုံရမယ်'

လို့ ဟောတော်မူတယ်၊ကောင်းတာနဲ့ (ကောင်းတဲ့စိတ် နဲ့) ပြည့်စုံမှု (ပါဠိလို–ကုသလဿဥပသမ္ပဒါ) ဆိုတာ သမာဓိနဲ့ဆိုင်တဲ့သဘောတွေကို ခြုံမိငုံမိတဲ့စကားဘဲ။

## ပညာ

ပညာနဲ့ပတ်သက်ပြီးတော့ ဘုရားရှင်ကဲ အတိုဆုံး ဟော တော်မူခဲ့တာ ရှိတယ်၊ ဟောခဲ့ပုံ ကတော့ 'မိမိစိတ်ကို ထက် ဝန်းကျင် ဖြူစင်စေရမယ်'တဲ့၊ အဲသလို မိမိစိတ်ကို ထက်ဝန်း ကျင် ဖြူစင်စေခြင်း(ပါဠိလို–သစိတ္တပရိယောဒပနံ) ဆိုတာ လက္ခဏာရေးသုံးပါးကို ပိုင်းခြား ထိုးထွင်းပြီး သိတဲ့ဉာဏ်.... တဲ့၊ရုပ်ရဲ့လက္ခဏာအမှတ်အသား၊ နာမ်ရဲ့လက္ခဏာ အမှတ် အသားဆိုတဲ့ ရုပ်နာမ် ၂–ပါးရဲ့ လက္ခဏာ အမှတ်အသား ဟာ ၃–မျိုးရှိတယ်၊ဘယ်လိုလဲဆိုယင်–

(၁) မမြဲတဲ့လက္ခဏာအမှတ်အသားရယ်
(၂) ဆင်းရဲတဲ့လက္ခဏာအမှတ်အသားရယ်
(၃) အစိုးမရ အလိုမလိုက် အနှစ်သာရ မရှိတဲ့ လက္ခဏာအမှတ်အသားရယ်....

ကဲ–နှဲနဲခက်မနေဘူးလားကွယ်။

တပည့်များ။ ။နဲနဲ မဟုတ်ပါဘူး၊ အများကြီး ခက်ပါတယ်–ဆရာကြီး။

ဆရာ။ ။အေး–နားလယ် အောင် ပြောနေရ ယင်လဲ အရှေကြီးဖြစ်သွားမယ်၊ အဲဒီတော့ အခုအနေမှာ ဒါလောက်ဘဲ မှတ်ထားနှင့် ကြအုံးပေါ့ကွယ်။

အဲဒီလက္ခဏာရေး ၃–ပါးကို ပိုင် ခြား ထိုးထွင်းပီး သိတဲ့ ဉာဏ်ကို ဝိပဿနာဉာဏ် လို့ ခေါ်တယ် (ဝိ=အထူးထူး အပြားပြား+ပဿနာ=ရှုမြင်ခြင်း၊ ရုပ်နာမ်ပေါ်မှာ မမြဲပါ တကား....စသောအားဖြင့် အထူးထူးအပြား ပြား ရှုမြင်မှု)

တနည်းအားဖြင့်–မှန်ကန်စွာ သိမြင်တာရယ်, မှန်ကန်စွာ ကြံစည်တာရယ်-အဲဒီ ၂–ပါးကို အဓိပညာလို့ ခေါ်ပါတယ် တဲ့။

မှန်ကန်စွာသိမြင်မှု-ဆိုတာကိုပြောရယင်အကျယ်ကြီးဘဲ၊ ပိဋကတ်တော်မှာ အကျယ်တဝင့် ဟောထားပုံတွေ ရှိတယ်၊ ဗမာလိုလွယ်လွယ်နဲ့ သိချင်ယင်လယ်တီဆရာတော်ဘုရားကြီး ပြုစုတော်မူတဲ့ သမ္မာဒိဋ္ဌိဒီပနီတို့,မဂ္ဂင်ဒီပနီတို့ဆိုတဲ့ ကျမ်းတွေ ကို ရှာကြည့်ကြပေါ့ကွယ်။

တနည်းအားဖြင့်–ကာမာဝစရ ပညာကို ထောက်ယင် ရူပါဝစရပညာကို အဓိပညာ (လွန်ကဲမြင့်မြတ်တဲ့ပညာ)လို့ ခေါ်ပါတယ်–တဲ့၊ ရူပါဝစရပညာကိုထောက်ယင် အရူပါ

ဝစရပညာကို အဓိပညာလို့ခေါ်ပါတယ်တဲ့၊ လောကီပညာကို ထောက်ယင် လောကုတ္တရာပညာကို အဓိပညာလို့ ခေါ်ပါတယ်—တဲ့။

အဲဒီတော့ ပြန်ပြီး ချုံးလိုက်ယင် မကောင်းတာမှန်သမျှ မပြုလုပ်တာရယ်, ကောင်းတာနဲ့ ပြည့်စုံတာရယ်, မိမိစိတ်ကို ထက်ဝန်းကျင် ဖြူစင်စေတာရယ်—ဆိုပြီး ၃—မျိုးရှိတယ်၊ ဒီ ၃—မျိုးဟာ သီလ, သမာဓိ, ပညာ—ဆိုတဲ့ အကျင့်မြတ် ၃—မျိုးကို ဟောထားတဲ့သဘောဘဲ၊ ဒီ ၃—မျိုးကို အခု ဂေါတမ—ဗုဒ္ဓရှင်တော်ဘုရား တပါးထဲ ဟောတာ မဟုတ်ဘူးတဲ့၊ ဘုရားရှင်တိုင်း ဟောခဲ့တဲ့ (ဘုရားရှင်တိုင်းရဲ့) အဆုံးအမ ဖြစ်ပါတယ်တဲ့။

ကဲ—မင်းတို့ သီလ,သမာဓိ,ပညာ—ဆိုတဲ့ တရား ၃—ပါး အကြောင်း အတော်ကလေး နားလယ်သွားကြပြီ။

**လောကုတ္တရာတရား ၉—ပါး**

နောက်တနည်း ပြောချင်တာကတော့ ဗုဒ္ဓရှင်တော်ဘုရား ဟောတော်မူခဲ့တဲ့ တရားဆိုတာ ၉—ပါး ရှိတယ်။

အဲဒါကို လောကုတ္တရာတရား ၉—ပါး လို့ ခေါ်တယ်၊ အဲဒီလောကုတ္တရာတရား ၉—ပါး ဆိုတာ မဂ်တရား ၄—လေးပါး, ဖိုလ်တရား ၄—လေးပါးနဲ့ နိဗ္ဗာန်တရားဆိုပြီး ၉—ပါး ရှိတယ်။

အဲဒီ ၉—ပါး အနက် နိဗ္ဗာန်ကို ချန်ထားပြီး ကျန်တဲ့ ၈—ပါးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေကို အရိယာပုဂ္ဂိုလ် ၈—ပါး လို့ ခေါ်ကြတယ်၊ (သံဃာအကြောင်းမှာ ထပ်ပြီး ပြောပြမယ်)၊ ကဲ—မင်းတို့တတွေ ဗုဒ္ဓဘာသာရဲ့ အခြေခံဖြစ်တဲ့ တရားသဘောကို နဲနဲလောက် သိသွားကြပြီ။

## သံဃာ ရတနာ

ကဲ–မင်းတို့တတွေ ဘုရားအကြောင်း, တရားအကြောင်း သိပြီးတဲ့နောက် သံဃာအကြောင်း သိဖို့ လိုသေးတယ်။

ဗုဒ္ဓရှင်တော် ဘုရားရဲ့ တပည့်သား အစု အပေါင်းကို သံဃာ လို့ ခေါ်တယ်၊ အမြင့်တူ အကျင့်တူတဲ့ပုဂ္ဂိုလ်တွေရဲ့ **အစုအပေါင်း–လို့ ဆိုလိုတယ်။**

အဲဒီ သံဃာဆိုတာ စာလဲ ၂–မျိုး ရှိတယ်၊ တမျိုးကို **ပရမတ္ထသံဃာ** လို့ **ခေါ်တယ်**၊ တမျိုးကိုတော့ **သမ္မုတိသံဃာ** **လို့ ခေါ်တယ်။**

ပရမတ္ထသံဃာ–ဆိုတာ အရိယာပုဂ္ဂိုလ်အဖြစ်သို့ ရောက်တဲ့ သံဃာတွေကို ခေါ်တယ်၊ အရိယာအဖြစ်သို့ ရောက်တဲ့ သံဃာကလဲ ၈–မျိုး ရှိတယ်၊ အရိယာပုဂ္ဂိုလ် ၈–ပါးလို့လဲ **ခေါ်တယ်**၊ အရိယာပုဂ္ဂိုလ် ၈–ပါး ဆိုတာကတော့–

(၁) သောတာပတ္တိမဂ်ပုဂ္ဂိုလ်ရယ်
(၂) သောတာပတ္တိ ဖိုလ်ပုဂ္ဂိုလ်ရယ်
(၃) သကဒါဂါမိမဂ်ပုဂ္ဂိုလ်ရယ်
(၄) သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်ရယ်
(၅) အနာဂါမိမဂ်ပုဂ္ဂိုလ်ရယ်
(၆) အနာဂါမိဖိုလ်ပုဂ္ဂိုလ်ရယ်
(၇) အရဟတ္တမဂ်ပုဂ္ဂိုလ်ရယ်
(၈) အရဟတ္တဖိုလ်ပုဂ္ဂိုလ်ရယ်–အဲဒီ ၈–ပါးဘဲ။

သမ္မုတိသံဃာဆိုတာကတော့ တမဂ်, တဖိုလ် မရသေးတဲ့ (အရိယာမဟုတ်သေးတဲ့) သီလရှိတဲ့ ပုထုဇဉ် ရဟန်းတော်တွေကို ခေါ်တယ်၊(နောက်ပိုင်းတွင် ပို၍ရှင်းပါလိမ့်မယ်။)

အဲသလို-သီလရှိတဲ့ ပုထုဇဉ်ရဟန်းတော်တွေကို ရှိသေတာ လှူဒါန်းပူဇော် တာဟာလဲ အရိယာ ရဟန္တာကို လှူရသလို အကျိုးရပါတယ်လို့–ဆိုတယ်။

အဲဒါကြောင့် မင်းတို့တတွေဟာ လောကီ ချမ်းသာ၊ လောကုတ္တရာ ချမ်းသာ ဆိုတဲ့ ချမ်းသာကြီး ၂–မျိုးကို လိုချင်တဲ့ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကြရအောင်–

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
(ဘုရားကို မှီခိုရာ ပြုပါ၏)

ဓမ္မံ သရဏံ ဂစ္ဆာမိ
(တရားတော်ကို မှီခိုရာ ပြုပါ၏)

သံဃံ သရဏံ ဂစ္ဆာမိ
(သံဃာတော်ကို မှီခိုရာ ပြုပါ၏)

လို့ အမြဲ ဆည်းကပ် ကိုးကွယ်ခြင်း ပြုကြရမယ်ကွဲ့ နှော်....။

# အခြေခံဗုဒ္ဓဘာသာ
# (ဒုတိယဆင့်)

## ဘုရားရတနာ

ဆရာ။ ။ဆရာတို့ ဗုဒ္ဓဘာသာလောကမှာ ရတနာ လို့ သတ်မှတ် ထားတဲ့အရာ ၃–မျိုးရှိတယ်၊ အဲဒီ သုံးမျိုးက ဘာတွေလဲဆိုယင်–

(၁) ဘုရားရတနာရယ်
(၂) တရားရတနာရယ်
(၃) သံဃာ ရတနာရယ်-အဲဒီ ၃–မျိုး ဘဲ။

အဲဒီ ၃-မျိုးကို သရဏဂုံ ၃–ပါးလို့လဲ ခေါ်တယ်။

တပည့်တဦး။ ။သရဏဂုံ–ဆိုတဲ့စကားက ဘာကိုဆိုလို ပါသလဲ–ဆရာကြီး။

ဆရာ။ ။အမယ်-ငါ့တပည့်က သရဏဂုံကိုတော့ ထ မေး လိုက်ဘယ်၊ ရတနာဆိုတဲ့ စကားအဓိပ္ပါယ်ကိုတော့ သိပြီးပြီ ပေါ့လေ....။

တပည့်။ ။သိပါတယ်-ဆရာ။

ဆရာ။ ။သိယင် ပြောစမ်းဘယ်။

တပည့်။ ။အဖိုးတန်တဲ့အရာကို ခေါ်ပါတယ်။

ဆရာ။ ။အေး-အဲဒါက သာမန်အနက် အဓိပ္ပါယ်မျိုး အနေနဲ့တော့ မှန်သပေါ့ကွာ၊ ဒါပေမင့် ဘာကြောင့် ရတနာ ခေါ်ရတယ်ဆိုတာတွေ ရတနာအမျိုးမျိုးခွဲပုံတွေကို ပိဋကတ်တော်မှာ အကျယ်တဝင့် ပြထားတယ်၊ ဒါပေမင့် လိုရင်းကို မရောက်မှာစိုးတဲ့အတွက် ဆရာက-အကျယ်ထုတ် ပြီး မပြောလိုတော့ပါဘူး၊ ပျော်ပိုက်ချစ်ခင်ခြင်းကို ဖြစ်စေ တတ်လို့လဲ ရတနာခေါ်တယ်၊ ရခဲလှလို့ လဲ ရတနာခေါ် တယ် လို့သာ အချုပ်သဘောကလေးကို မှတ်ထားကြပေ တော့—။

သရဏဂုံ—ဆိုတာကတော့ သရဏ ဂမန ဆိုတဲ့ ပါဠိက ဆင်းသက်လာတဲ့ စကားပေါ့ကွယ်၊ကိုးကွယ်ရာ မှီခိုရာဖြစ်တဲ့ အတွက် သရဏ ခေါ်တယ်လို့ အကြမ်းပြင်းသဘော မှတ် ထားကြပါ၊သိတာ ဆည်းကပ်တာကို ဂမန လို့ ခေါ်တယ်။

အသေအချာ အတိအကျ ပြောရယင်တော့- ကိုးကွယ် ဆည်းကပ်တဲ့ သူတွေရဲ့ ကြောက်တာတွေ့ ကိုယ်စိတ်ဆင်းရဲ တာတွေကို ပယ်ဖျောက်တတ်တဲ့ အတွက် သရဏ လို့ခေါ် တာတဲ့။

ဒီ—ဘုရား, တရား, သံဃာဆိုတဲ့ ရတနာ သုံးပါးဟာ ဘေးဒုက္ခတွေကို ပယ်ဖျောက်တတ်တဲ့ အရာဝတ္ထု ၃-ပါးပါ ကလား....လို့ သိကြောင်းဆည်းကပ်ကြောင်းဖြစ်တဲ့ သဘော ကို သရဏ ဂမန ခေါ်တယ်တဲ့၊ ဘယ့်နှယ်လဲ နဲနဲခက်မသွား ကြဘူးလား၊ နားလယ်နိုင်ကြမှာမဟုတ်ပေမင့် အရေးကြီးတဲ့ အတွက် ဆရာ ပြောလိုက်မိတယ်၊ ထပ်-ထပ် တွေးလိုက်ယင် တော့ ပေါ်လာပါ လိမ့်မယ်၊ နားမလယ်—လယ်အောင် ထပ်ပြီး အကျယ်ရှင်းရယင်လဲ ဖြစ်ပါရဲ့၊ ဒါပေမဲ့ ဒီနေရာမှာ

တော့ ဒါလေခက်နဲ့ တော်ကြပါအုံးစို့၊ အချိန်က မရ တော့ဘူး။

အဲဒီ သရဏဂုံကလဲ ခွဲလိုက်ယင်အမျိုးအစားတွေအများ ဘဲ ရှိတယ်၊ အဲဒီအပြားတွေကို ရှောက်ပြော မနေတော့ဘဲ ဆရာပြောခဲ့တဲ့ ရတနာ ၃–ပါးအနက်က ဘုရား (ဗုဒ္ဓ) ရတနာအကြောင်းကို နဲနဲထပ်ပီးပြောပြချင်တယ်။

ဘုရားရတနာနဲ့ပတ်သက်ပီး ဘုရားရှင်ရဲ့ အဌုပ္ပတ်ကို တော့မင်းတို့ကို ဆရာအတော်ကလေး ပြောခဲ့ပြီနော်....။

"ဟုတ်ကဲ့"

အေး-အဲဒီ ဘုရားရတနာဆိုတဲ့ ဗုဒ္ဓကို ဆရာတို့ တတွေ တပည့်တို့တတွေက ဘာပြုလို့ ကိုးကွယ်ကြသလဲ ဆည်းကပ် ကြသလဲ အရိုအသေပြုကြသလဲ?။

အမျိုးမြတ်တယ် ဆိုပီး ကိုးကွယ်ကြ ဆည်းကပ်ကြတာ လား။

မဟုတ်ဘူးနော်....၊အမျိုးမြတ်တိုင်း ဆည်းကပ် ကိုးကွယ် စတမ်းဆိုယင် ဗုဒ္ဓဘုရားလိုဘဲ သာကီဝင်မျိုးတွေ တပုံတပင် ကြီးပေါ့၊ကိုးကွယ်ဆည်းကပ်လို့ ကုန်မှာ မဟုတ်တော့ဘူး။

ကဲ-ဒါဖြင့် ပစ္စည်းဥစ္စာ ချမ်းသာလို့ ကိုးကွယ်ဆည်းကပ် ကြတာလား။

မဟုတ်ဘူးကွဲ့နော်....၊ ပစ္စည်းဥစ္စာ ချမ်းသာတဲ့သူတွေ ကလဲ လောကမှာပြေ့လို့ဘဲ။

ကဲ–ဒါဖြင့် အဆင်းလှလို့ ကိုးကွယ် ဆည်းကပ် ကြတာ လား၊(ရုပ်ချောလို့လား)

ဒီလိုလဲမဟုတ်ဘူးကွဲ့နော်....၊ဘုရားရှင်လိုဘဲ ယောကျ်ား မြတ်လက္ခဏာတွေနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိသေးတာဘဲ

ကွဲ့နော်၊ ပဒုမုတ္တရဘုရားရဲ့ သားတော် ဥပရေဝတတို့၊ ဂေါတမမြတ်စွာဘုရားရဲ့သားတော် အရှင်ရာဟုလာတို့ဟာ လက္ခဏာတော်ကြီး ၃၂–ပါးနဲ့ ပြည့်စုံတယ်–လို့ဆိုတယ်၊ အဲဒီတော့ ဘုရားရှင်ကို အတိအကျ မမှီတောင် အတော်တော့ တင့်တယ်လှပတယ်–လို့ဆိုရမှာပေါ့ ကွယ်။

ကဲ-ဒါဖြင့် အသံတော်ကောင်းလွန်းလို့ ကိုးကွယ်ကြ ဆည်းကပ် ကြတာလားလို့ မေးယင်ကော မင်းတို့ ဘယ်လို ဖြေကြမလဲ။

"မဟုတ်ဘူးလို့ ဖြေပါမယ်–ဆရာကြီး"

အေး–အသံကောင်းရုံနဲ့ ကိုးကွယ် ဆည်းကပ်ရမည်ဆိုယင် လောကမှာ အသံကောင်းတဲ့ ပုဂ္ဂိုလ်တွေ ပြေ့လို့ပေါ့ ကွယ်၊တို့ဘုရားဟာ ဗြဟ္မာကြီးရဲ့အသံ၊ ကရဝိက်ငှက်ရဲ့အသံနဲ့တူတယ်လို့တောင် စာတွေက ဥပမာ ပေးကြတယ် ကွဲ့၊ အဲဒီတော့ ကရဝိက်ငှက်ကို တို့တတွေ ကိုးကွယ် ဆည်းကပ် ထိုက်တယ်လို့ဆိုနိုင်ပါမလား။

"မဆိုနိုင်ပါဘူး–ဆရာကြီး"

အေး-မင်းတို့ကို သဘောပေါက် အောင်သာ ဆရာက ပြောလိုက်တာကွဲ့ နော်....၊ တကယ်ကတော့-ကရဝိက်ငှက်ဟာ တို့ဘုရားရဲ့အသံနှင့် ဘယ်မှာချွတ်စွပ်သလို တူပါမလဲ ကွယ်၊ တစိတ်တဒေသသာတူတော့မပေါ့၊ တို့ဘုရားရဲ့ အသံတော်ဟာ"သန့်ရှင်းတယ်၊သာယာတယ်၊ အလွန်သိသာတယ်၊ နာပျော်ဖွယ်ရှိတယ်၊ မပြန့်ဘူး၊ အပေါ်ယံ မဟုတ်ဘူး၊ လုံးတယ်၊ နက်တယ်"ဆိုတဲ့ အင်္ဂါ ၈-ပါးနဲ့ ပြည့်စုံတယ် လို့ စာတွေက ဆိုကြတယ်၊ တို့ဘုရားရှင် သက်တော် ထင်ရှားရှိတုန်းက ကိုးကွယ်ဆည်းကပ်တဲ့သူတွေထဲမှာအဆင်းတော်နဲ့

အသံတော်ကိုအရေးထား ဦးစားပေးပြီး ကြည်ညို ဆည်းကပ်တဲ့သူတွေ အများကြီး ရှိတယ်—တဲ့ကွဲ့၊ စင်စစ်တော့—အဲသလို အဆင်းတို့အသံတို့ကို အလေးထားပြီး ကိုးကွယ်တယ် ဆည်းကပ်တယ် ကြည်ညိုတယ်—ဆိုတာ လိုရင်းကို ရောက်အောင် ကိုးကွယ် ဆည်းကပ် ကြည်ညို တာမျိုး မဟုတ်သေးဘူး ကွဲ့ နှော်....။

ပြီးတော့—ဘုရားကို ကိုးကွယ် ဆည်းကပ်တယ် ဆိုတာ အခြွေအရံတွေများလို့ ကိုးကွယ်ဆည်းကပ်တာလဲ မဟုတ်ဘူး ကွဲ့နှော်....။

အဲဒီတော့ ဗုဒ္ဓဘုရားကို ဘာပြုလို့ ကိုးကွယ်ဆည်းကပ် ကြပါသလဲလို့ မေးယင် မင်းတို့ ဖြေတတ်ကြပါ့မလား။

"မဖြေတတ်ပါဘူး—ဆရာကြီး"

အေး–ဆရာဖြေပြမယ်၊ "ဘယ်သူနဲ့မှမတူတဲ့ဂုဏ်တွေနဲ့ ပြည့်စုံ" လို့ ကိုးကွယ် ဆည်းကပ် ပါတယ်—လို့ အချုပ်သဘောအနေနဲ့ ဖြေရမယ်ကွဲ့ နှော်....။

"ဘယ်လို ဂုဏ်တွေပါလဲ—ဆရာကြီး"

အကျင့်သီလဆိုတဲ့ဂုဏ်နဲ့ ပြည့်စုံတဲ့အရာမှာလဲ ဘယ်သူနဲ့မှ မတူဘူး—တဲ့၊ တည်ကြည်တဲ့ သမာဓိဆိုတဲ့ဂုဏ်နဲ့ ပြည့်စုံတဲ့အရာမှာလဲ ဘယ်သူနဲ့မှမတူဘူး—တဲ့၊ ပညာဆိုတဲ့ဂုဏ်နဲ့ ပြည့်စုံတဲ့အရာမှာလဲ ဘယ်သူနဲ့မှမတူဘူး—တဲ့၊ အဲသလို ဘယ်သူနဲ့မှ မတူပုံတွေကို ရှောက်ပြောရယင် ဆုံးမှာတောင် မဟုတ်တော့ဘူး။

တပည့်တဦး။ ။ဘယ်လိုပညာတွေ ပါလဲ—ဆရာကြီး။

ဆရာ ။ ။မေးလို့ရှိမှ—နဲနဲတော့ ပြောရအုံးမှာပေါ့လေ၊ အမှန်လေးပါး (သစ္စာလေးပါး)ဟာ ဘယ်သူမှ သိတာ

မဟုတ်ဘူး၊ တို့ဘုရားသာ သိတယ်၊ ဒီအမှန် လေးမျိုးထဲမှာ လောကသုံးပါးက လွတ်မြောက်ရေးအစစ်ဆိုတဲ့ မဂ္ဂသစ္စာလဲပါတယ်၊ ဘုရားအမည်ခံတဲ့သူတွေ ပညာရှိအမည်ခံတဲ့သူတွေဟာ ဒါတွေကို မသိကြဘူးမှတ်လား။

"ကျွန်တော် တို့တော့—ဂုဏ်တော် ၉–ပါးလို့ ကြားဘူးပါတယ်—ဆရာကြီး"

အေး—ဟုတ်တာပေါ့—ကွာ၊ ဒါပေမင့်—အဲဒီဂုဏ်တော် ၉–ပါး ဆိုတာလဲ ဘုရားရှင်ရဲ့ ဂုဏ်တော်အကုန် မဟုတ်သေးဘူးကွဲ့နော်....၊ တကယ်ကတော့ ဂုဏ်တော်တွေဟာ မရေမတွက်နိုင်အောင် များတယ်တဲ့၊ အဲဒီဂုဏ်တော် ၉–ပါးကို အကျဉ်းချုပ်အနေနဲ့ မှတ်ထားကြပေါ့ကွယ်၊ ဘယ်လိုလဲ ဆိုယင်—

(၁) သီလစသည်နဲ့ ပြည့်စုံလို့ သတ္တဝါအားလုံးရဲ့ ပူဇော်အထူးကိုခံထိုက်တဲ့ဂုဏ်
(၂) မဖောက်မပြန် ကိုယ်တော်တိုင် တရားအားလုံးကို သိတော်မူတဲ့ဂုဏ်
(၃) ဝိဇ္ဇာ ၃–ပါး, စရဏ ၁၅–ပါးနဲ့ ပြည့်စုံတဲ့ဂုဏ်
(၄) ကောင်းတဲ့နိဗ္ဗာန်သို့ ကြွတော်မူတတ်တဲ့ဂုဏ်
(၅) လောကသုံးပါးကို သိတော်မူတဲ့ဂုဏ်
(၆) ဆုံးမထိုက်တဲ့သူတွေကို အတုမရှိဆုံး မတတ်တဲ့ဂုဏ်
(၇) နတ်လူတွေရဲ့ဆရာဖြစ်တော် မူတဲ့ဂုဏ်
(၈) အမှန်တရားလေးပါးကို သိတော်မူတဲ့ဂုဏ်
(၉) ဘုန်းတော်ခြောက်ပါးနဲ့ပြည့်စုံတော်မူတဲ့ဂုဏ်

## တရားရတနာ

ကဲ–ငါတပဲ့တွေ ဗုဒ္ဓဘုရား အကြောင်းတော့ အတော်အသင့် နက်နက်ကလေးသိကြရပြီ၊ တရားအကြောင်း သိဘို့လိုသေးတယ်၊ဒီနေရာမှာ တရားဆိုတာ ရှင်တော်ဗုဒ္ဓ ဟောတော်မူတဲ့ တရား ၉-မျိုးရှိတယ်၊ အဲဒီ တရား ၉–မျိုးကို လောကုတ္တရာတရား(၉-မျိုး)လို့ ခေါ်တယ်၊ ဗမာလိုတော့ လောကထဲက လွန်မြောက်တဲ့ တရား လောကထဲက ကူးမြောက်တဲ့ တရားလို့ဆိုလိုတယ်၊အဲဒီတရား ၉–မျိုးဆိုတာ ကတော့ မဂ်တရားလေးမျိုးရယ်, ဖိုလ်တရား လေးမျိုးရယ်, နိဗ္ဗာန်ရယ် ပေါင်း ၉–မျိုးပေါ့ကွယ်၊ မဂ်တရားလေးမျိုးကို ဗမာလို အဖြတ်တရား လေးမျိုးလို့ ခေါ်ကြပါစို့ ကွယ်၊ ဖိုလ်တရားလေးမျိုးကိုလဲ ဖြတ်ကျိုးတရား လေးမျိုးလို့ခေါ်ကြပါစို့ကွယ်၊ နိဗ္ဗာန်ကိုတော့ ငြိမ်းအေးရာ လို့ ခေါ်ချင်ခေါ်နိုင်တယ်၊ ဒါပေမင့် နိဗ္ဗာန်လို့ ခေါ်မြဲတိုင်းခေါ်တာက ပိုပြီး အာတွေ့မယ်ထင်တယ်။

အဖြတ်တရားဆိုတာကို မင်းတို့နားလယ်အောင် ပြောပြချင်သေးတယ်၊ သတ္တဝါရဲ့စိတ်ကို ခွဲခြားလိုက်မယ် ဆိုယင် စိတ်ဆိုးစိတ်ညစ်ရယ်,စိတ်ကောင်းစိတ်မြတ် ရယ်လို့ အချုပ်အားဖြင့် နှစ်မျိုးရှိတယ်၊ အဲဒီ နှစ်မျိုးအနက်-စိတ်ဆိုးစိတ်ညစ် တွေကို ဖြတ်တဲ့တရားမို့ အဖြတ်တရားလို့ ခေါ်လိုက်တာဘဲကွဲ့၊ ဖြတ်တယ်ဆိုတာ–ပြတ်အောင်လုပ်တာ ကင်းအောင် လုပ်တာ ပယ်ဖျက်ပစ်လိုက်တာ အစ တုံးအောင် သတ်ပစ်လိုက်တာ ပါဘဲ၊ကဲ–ဒါလောက်ဆို အတော်ကလေး စမ်းဝါးမိကြပြီပေါ့နော်....။

ရှေ့တဆင့် တက်ကြအုံးစို့၊ အဲဒီ–အဖြတ်တရား ဆိုတာ ဂ. လဲ လေးဆင့်ရှိတယ်ကွဲ့။

(၁) ပဌမဆင့်ဖြစ်တဲ့ မဂ်တရားရယ်
(၂) ဒုတိယဆင့်ဖြစ်တဲ့ မဂ်တရားရယ်
(၃) တတိယဆင့်ဖြစ်တဲ့မဂ်တရားရယ်
(၄) စတုတ္ထဆင့်ဖြစ်တဲ့မဂ်တရားရယ်

(အဲဒါကို ပါဠိလို သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်·လို့ခေါ်တယ်၊ဗျူဟွတ်တွေ ဘာတွေနဲ့ရှင်းနေရယင် ပီးမှာ မဟုတ်တော့ဘူး၊ ဒါကြောင့် ဗမာလိုဘဲ မှတ်ကြပေါ့ကွယ်)။

မဂ် ဆိုတာ မဂ္ဂ ဆိုတဲ့ ပါဠိက လာတဲ့စကားပေါ့ကွယ်၊ ခရီးလမ်းကြောင်းကို မဂ္ဂလို့ ခေါ်တယ်၊ ဒီနေရာ မှာတော့ ကိလေသာဆိုတဲ့ အညစ်စိတ်တွေကိုသတ်ပီး နိဗ္ဗာန်ဆီသွားရာ လမ်းကြောင်းဖြစ်တဲ့ သဘောတရားလို့ ဆိုလိုတယ်။

(၁) ပဌမအဆင့်ဖြစ်တဲ့မဂ်တရားက မှားယွင်း သိမြင်တဲ့ သဘောနဲ့ ယုံမှားတဲ့ သဘောဆိုပီး အဲဒီနှစ်မျိုးကို ဖြတ်ပစ်လိုက်တယ်။

(အဲဒီနှစ်မျိုးကို ပါဠိလို ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ–လို့ခေါ်တယ်)။

တပည့်တဦး။ ။မှားယွင်း သိမြင်တဲ့သဘော ဆိုတာ ဘာကိုမှားပီး သိနေတဲ့သဘောကို ဆိုလိုပါသလဲ–ဆရာကြီး။

ဆရာ။ ။ဒီလိုကွဲ့– လူဆိုတာကိုခွတ်ခွဲကြည့်လိုက်ယင် ရုပ်နဲ့နာမ် ၂–ခုပေါင်းနေတာတွေ့ရမယ်၊ ရုပ်နဲ့နာမ် ၂–ခု ပေါင်းထားတာကိုဘဲ လူ လို့ခေါ်တယ်။

ရုပ်နဲ့နာမ်ကလွဲပီး လူ–ရယ်လို့ခေါ်ဝေါ်သတ်မှတ်တာ မရှိဘူး၊ တိရစ္ဆာန်ဆိုတာလဲ ဒီလိုဘဲ ရုပ်နဲ့နာမ် ၂–ခုပေါင်း

နေတာကို ခွေးလို့ခေါ်တယ်၊ ခွေးကိုခွတ်ခွဲကြည့်လိုက်ယင် ရုပ်နဲ့နာမ်နှစ်ခုသာ ရှိတာကို တွေ့ရမယ်။

နားလယ်အောင် နန့်နက္ကလေး ရှေ့တဆင့်တိုးပြီး ပြောအုံးမယ်၊ ရုပ်ဆိုတာ သိတတ်တဲ့သဘောမရှိဘူး၊ သစ်တုံးကြီးတခုကို ကြည့်လိုက်စမ်း၊ ရုပ်သက်သက်ဖြစ်နေလတော့ ဘာမှသိတတ်တဲ့ သဘောမရှိဘူး၊ ကျောက်ခဲကြီးတလုံးကို ကြည့်လိုက်စမ်း ဒီအတိုင်းဘဲ၊ အဲဒီလို–သိတတ်တဲ့သဘောမရှိလေတော့ သစ်တုံးကြီး, ကျောက်တုံးကြီးများမှာ အကောင်းအဆိုးကို ခံစားတတ်တဲ့သဘောလဲမရှိဘူး၊ မှတ်သားတတ်တဲ့ သဘောလဲမရှိဘူး၊ စီမံခြင်းမကောင်းတဲ့ သဘောလောက်တော့ရှိတယ်။

နာမ်ဆိုတာ ကတော့ –သိတတ်တဲ့ သဘောလဲ ရှိတယ်၊ အကောင်းနဲ့ အဆိုးကို ခံစားတတ်တဲ့ သဘောလဲ ရှိတယ်၊ မှတ်သားတတ်တဲ့ သဘောလဲရှိတယ်၊ စီမံခံရခြင်း မကင်းတဲ့ သဘောတွေလဲရှိတယ်။

တပည့်တဦး။ ။ဘာကြောင့် နာမ်လို့ ခေါ်ပါသလဲ–ဆရာကြီး။

ဆရာ။ ။အာရုံကိုညွတ်တတ်လို့ နာမ်ခေါ်တယ်–တဲ့။

တပည့်။ ။ဘာပြုလို့ အာရုံလို့ခေါ်တယ်ဆိုတာ ကိုလဲ ကျွန်တော်တို့နားမလယ်ပါဘူး–ဆရာကြီး။

ဆရာ။ ။စိတ်ရဲ့ကျက်စား ပျော်ပိုက်ရာဖြစ်လို့ အာရုံခေါ်တာတဲ့–တပည့်ရဲ့၊ (၁) အဆင်းဆိုတာကလဲ အာရုံတခု၊ (၂) အသံဆိုတာကလဲအာရုံတခု၊ (၃) အနံ့ဆိုတာကလဲ အာရုံတခု၊ (၄) အရသာဆိုတာကလဲ အာရုံတခု၊ (၅) အတွေ့ဆိုတာကလဲ အာရုံတခု-အဲသလို အာရုံ ၅-မျိုး ရှိတယ်၊ (ဓမ္မာရုံနဲ့ ပေါင်းလိုက်ယင် ခြောက်မျိုး ရှိတယ်၊

ဓမ္မတို့အစနနဲ့ အဲသလောက်ဘဲ အကြမ်းပြင်း မှတ်ထားနှင့်ကြပေါ့ကွယ်။)

တပည့်။ ။ဒါဖြင့်–အာရုံကိုသိတတ်တဲ့အတွက် နာမ်ခေါ်တယ်လို့ ဆရာကြီး ပြောခဲ့ပါတယ်၊ စိတ်ရဲ့ ပျော်ရာဖြစ်လို့ အာရုံခေါ်တယ်–လို့ဆိုယင် နာမ်ရဲ့ ပျော်ရာတော့ မဟုတ်ဘူးလား–ဆရာကြီး။

ဆရာ။ ။တယ်လစတဲ့ – တပည့်ပါလား–ဟေ့၊ စိတ်ဆိုတာ နာမ်တရားပေါ့–တပည့်ရဲ့၊ အဲဒီစိတ်ဆိုတာ ပါဠိဘာသာ စိတ္တ ဆိုတဲ့ စကားလုံးကလာတဲ့ ပါဠိပျက်စကားလုံးဘဲ၊ ပြီးတော့–ငါတပည့်များ အသေအချာ မှတ်ထားဘို့က စိတ်ဆိုတာရယ် ဝိညာဉ် ဆိုတာရယ် မနော ဆိုတာရယ် -အခေါ်ကွဲကြပေမင့် သဘောကတော့ တခုထဲဘဲ။

ကဲ–စကားကြောတောင် အတော် ရှေ့သွားပြီ၊လူဆိုတာ ခွေးဆိုတာ သတ္တဝါဆိုတာ– တွေကို ခွတ်ခွဲကြည့်လိုက်ယင် ရုပ်နဲ့နာမ်သာရှိတယ်၊ သိတတ်တဲ့ အကောင်(ဝိညာဉ်ကောင်, စိတ်ကောင်, မနောကောင်) ရယ်လို့ မရှိဘူး၊ သိခြင်းဆိုတာ သိတဲ့သဘော တရားမျှသာ ဖြစ်တယ်၊ အကောင်မဟုတ်ဘူး၊ ခံစားတတ်တဲ့ အကောင်ရယ်လို့ လဲမရှိဘူး၊ မှတ်သားတတ်တဲ့ အကောင်ရယ်လို့ လဲ မရှိဘူး၊ စီမံခံရတဲ့ အကောင်ရယ်လို့ လဲ မရှိဘူး။

[စီမံတတ်တဲ့ သဘောတွေကတော့ ကံရယ်, စိတ်ရယ်, ဥတုရယ်, အာဟာရရယ်–ဆိုပြီး လေးမျိုးရှိတယ်။]

ဒါပေမင့်–အတ္တကောင်ဆိုတာ ရှိတယ်–လို့ လူတွေက အထင်မှား အမြင်မှားဖြစ်နေကြတယ်၊ဝိညာဉ်ကောင်ဆိုတာ ရှိတယ်လို့ လူတွေက အထင်မှားအမြင်မှား ဖြစ်နေကြတယ်၊

ထိပ်ပြာကောင်ဆိုတာ ရှိတယ်လို့ လူတွေက အထင်မှား အမြင်မှားဖြစ်နေကြတယ်။

အမှန်ကတော့–အကျီးနဲ့ အကန်း ပေါင်းပီး လိုရာကို သွားနေသလို သိတတ်တဲ့သဘောမရှိတဲ့ရုပ်နဲ့ သိတတ်တဲ့ သဘောရှိတဲ့နာမ်နဲ့ ပေါင်းပီးနေတာကို လူကောင်ရှိတယ်–လို့ ထင်မြင်နေကြတာသာ ဖြစ်တယ်၊ သွားတတ်တဲ့ အကောင်၊ စားတတ်တဲ့ အကောင်၊ သောက်တတ်တဲ့ အကောင်၊ အိပ်တတ်တဲ့အကောင်၊ ပြောတတ်တဲ့အကောင် ရှိတယ်–လို့ အထင်အမြင် မှားနေကြတယ်။

သေယင်လဲ–အဲဒီအကောင်ဟာ တနေရာရာကို အကောင်အနေနဲ့ သွားတယ်–လို့ အထင်အမြင် မှားနေကြတယ်။

အဲသလို ထင်မြင်ယူဆတာတွေဟာ အတ္တဝါဒနဲ့ဆိုင်တဲ့ အယူတွေဘဲ၊ အတ္တရှိတယ်ဆိုတဲ့ အယူမှားကြီးထဲမှာ ပါဝင်တဲ့ အယူအဆတွေဘဲ။

ပဌမဆင့်ဖြစ်တဲ့ မဂ်တရားဆိုတာ (=သောတာပတ္တိမဂ်တရားဆိုတာ) အဲသလို အမြင်မှားချက်ကို ပယ်လိုက်တဲ့ သဘောဘဲ၊အဲဒီလို အမြင်မှားချက် ကင်းသွားတဲ့ သဘောဘဲ။

(၁) က–ဒုတိယ အဆင့်ဖြစ်တဲ့ မဂ်တရား သဘော အကြောင်း ပြောရအုံးမယ်၊အဲဒီစိတ်က ရုန့်ရင်းကြမ်းတမ်းတဲ့ ကာမရာဂစိတ်ကို ပယ်တတ်တယ်၊ နူနယ်သိမ်မွေ့တဲ့ကာမရာဂ စိတ်ကိုတော့ မပယ်နိုင်သေးဘူး၊ရုန့်ရင်းကြမ်းတမ်းတဲ့ ဒေါသ စိတ်မျိုးကို ပယ်တယ်၊ ကာမရာဂတို့၊ ဒေါသတို့ကိုပယ်တယ်–ဆိုပေမင့် လက်စပြတ်အောင်တော့ မပယ်နိုင်သေးဘူး၊ အားနဲ့သွားအောင်လောက်သာ ပယ်နိုင်တယ်။

(၂) တတိယ အဆင့်ဖြစ်တဲ့ မဂ်တရားကတော့ ဒုတိယ အဆင့်တုန်းက မပယ်နိုင်လို့ ကျန်နေတဲ့ အနုစားဖြစ်တဲ့ ကာမရာဂတို့ ဒေါသတို့ကို တစွန်းတစမှ မကျန်ရအောင် ပယ်လိုက်တယ်။

(၃) စတုတ္ထအဆင့်ဖြစ်တဲ့ မဂ်တရားကတော့ အောက် မဂ်သုံးဆင့်က မပယ်နိုင်လို့ ကျန်နေတဲ့ အကုသိုလ်စိတ်တွေ၊ သံယောဇဉ်တွေ*ကိလေသာတွေကို တခုမှ မကျန်ရအောင် ပယ်သတ်လိုက် တယ်တဲ့၊ အဲဒါကို ရဟန္တာ လို့ ခေါ် တာကွဲ့။

ကဲ—မင်းတို့ အကြမ်းပြင်း လောက်တော့ နားလယ် လောက်ပြီ ထင်တယ်။

အဲဒီ—ဆရာပြောခဲ့တဲ့ မဂ်တရားလေးပါးနဲ့ ယှဉ်တဲ့စိတ် လေးခုကို မဂ်စိတ်လေးခုလို့ ခေါ်တယ်၊ ဥပမာ—ပဌမအဆင့် မဂ်တရားနဲ့ ယှဉ်တဲ့စိတ်ကို ပဌမဆင့်မဂ်စိတ်—လို့ခေါ်တယ်၊ ကျန်တာတွေဟာ ဒုတိယဆင့်မဂ်စိတ်၊ တတိယဆင့် မဂ်စိတ်၊ စတုတ္ထဆင့်မဂ်စိတ် ဆိုပြီး မဂ်စိတ်ပေါင်း အစုစု လေးမျိုး ရှိတယ်။

အဲဒီ—ဆရာပြောခဲ့တဲ့ မဂ်စိတ်လေးမျိုးလုံးဟာ အကြာ ကြီး ဖြစ်နေတဲ့ စိတ်မျိုးတွေ မဟုတ်ဘူး၊ တချက်ထဲဘဲ ဖြစ်တယ်။

ထင်ရှားအောင် ဥပမာနဲ့ ပြောမယ်၊ ဆေးလိပ်အင်မတန် ကြိုက်တဲ့လူ အရက်အင်မတန် ကြိုက်တဲ့လူ ဆိုပါတော့....

---

* ရူပရာဂ သံယောဇဉ်၊ အရူပရာဂ သံယောဇဉ်၊ မာန သံယော ဇဉ်၊ ဥဒ္ဓစ္စ သံယောဇဉ်၊ အဝိဇ္ဇာ သံယောဇဉ် များကိုယ်သည်။

ဆေးလိပ်ရဲ့အပြစ်တွေ အရက်ရဲ့အပြစ်တွေ ဆေးလိပ်ဖြတ်တဲ့ အကျိုးတွေ အရက်ဖြတ်တဲ့ အကျိုးတွေကို သိမြင်ပြီးတော့ မသောက်တော့ဘူး—ဟဲ့ ဆိုတဲ့စိတ် ဖြစ်ပေါ်လိုက်တယ်—ဆို ပါတော့....၊ အဲဒီမှာ တကယ်ပြတ်တောက်တဲ့စိတ် ဖြစ်ပြီးတဲ့ နောက် တခါထပ်ပြီး ပြတ်တောက်တဲ့ စိတ်နဲ့ ဖြတ်နေဘို့ လိုပါအုံးမလား။

တပည့်တဦး။ ။မလိုတော့ပါဘူး။

အေး—အဲသလိုဘဲ၊ မဂ်စိတ်ဆိုတာ တချက်ထဲ တကြိမ်ထဲ ဖြစ်ရိုးရှိတယ်၊ မပြတ်သေးလို့ နှစ်ခါ သုံးခါ ထပ်ပြီး ဖြစ်ရ သေးတယ် (ဖြတ်ရသေးတယ်)ဆိုတာ မရှိဘူး။

အဲဒီ မဂ်တခုတခုရဲ့ အကျိုးဖြစ်တဲ့ စိတ်ကို ဖိုလ်စိတ်လို့ ခေါ်တယ်၊ ဖိုလ်—ဆိုတာ ဖလဆိုတဲ့ ပါဠိစကားက လာတာ၊ (ဖလ = အကျိုး)

(၁) ပဌမဆင့် မဂ်စိတ်ရဲ့ အကျိုးဖြစ်တဲ့ ပဌမဆင့် ဖိုလ်စိတ်
(၂) အလားတူဘဲ— ဒုတိယဆင့် ဖိုလ်စိတ်
(၃) တတိယဆင့် ဖိုလ်စိတ်
(၄) စတုတ္ထဆင့် ဖိုလ်စိတ်- ဆိုပြီး ဖိုလ်စိတ် ကလဲ လေးခုဘဲရှိတယ်။

တခုတော့ရှိတယ်၊ အဲဒီဖိုလ်စိတ်ဆိုတာ ဆိုင်ရာဆိုင်ရာ မဂ် စိတ်ကပယ်ခဲ့တဲ့ ကိလေသာတွေကို အခိုးအကင်း အငွေ့ အသက်လောက်တောင် မကျန်ရအောင် ထပ်မငြိမ်းစေတဲ့ သဘော ရှိတယ်တဲ့။

တပည့်တဦး။ ။ဆရာကြီး ခုတင်က အမိန့်ရှိတာက တော့ မဂ်ဆိုတာ မပြတ်သေးလို့ နှစ်ခါထပ်ပြီး ပယ်သတ်ရတဲ့သဘော မရှိဘူး—လို့ ကျွန်တော်မှတ်မိလိုက်ပါတယ်။

ဒီလိုကွဲ့၊ဆိုင်ရာဆိုင်ရာ မဂ်တွေက ကိလေသာတွေ မပြတ်သေးလို့ (မကုန်သေးလို့) ဖိုလ်ကထပ်ပြီး ဖြတ်ရ ပယ်ရတဲ့သဘော မဟုတ်ဘူး၊ နောက်တခါ ပြန်မလောင်နိုင်အောင် ရေနဲ့ ငြိမ်းသတ်လိုက်တဲ့ မီးပုံကြီးဟာ နောက်တခါ ပြန်ပြီး တောက်လောင်နိုင်တဲ့ အစွမ်းကတော့ မရှိတော့ဘူးပေါ့၊ ဒါပေမဲ့ အခိုးအကင်း အငွေ့အသက်ကလေးရှိနေသေးတယ် မှတ်လား။

"ဟုတ်ပါတယ်"

အေး—အဲဒီလိုဘဲပေါ့၊ဖိုလ်ဆိုတာ အခိုးအကင်း ကလေးတွေကို ငြိမ်းစေတဲ့ သဘောရှိတယ်။

အဲဒီတော့—မဂ်စိတ်က လေးပါးရယ်, ဖိုလ်စိတ်က လေးပါးရယ်-ဆိုတော့ ရှစ်ပါးရှိတယ်မဟုတ်လား။

"ဟုတ်ပါတယ်"

အဲဒီ ရှစ်ပါးထဲမှာ နိဗ္ဗာန်ကိုထဲ့ လိုက်ယင်၊ ၉-ပါးဖြစ်သွားတယ်၊ အဲဒါကို လောကုတ္တရာတရား ၉-ပါးလို့ ခေါ်တယ်။

ဂေါတမ ဗုဒ္ဓရှင်တော်ဘုရားရဲ့ တရားတော်ဆိုတာ အဲဒီ ၉-ပါးကို ဆိုတာကွဲ့။

သံဃာရတနာ

တရားဘာဘ်အကြောင်း နားလယ်ပြီးယင် သံဃာတော် အကြောင်း နားလယ်ဘို့ မခက်တော့ဘူး၊ ဘာ့ကြောင့်လဲ ဆိုတော့—

(၁) ပဌမဆင့် မဂ်စိတ်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ် (တနည်း—ပဌမဆင့် ဇဂ်စိတ်သို့ ရောက်ရှိတဲ့ ပုဂ္ဂိုလ်)ကို ပဌမဆင့်သံဃာလို့ခေါ်တယ်၊ (ပါဠိလိုတော့ - သောတာပတ္တိမဂ္ဂ ပုဂ္ဂလ—သောတာပတ္တိ မဂ်ပုဂ္ဂိုလ်လို့ခေါ်တယ်)။

(၂) ပဌမဆင့်ဖိုလ်စိတ်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို ဒုတိယဆင့် သံဃာလို့ခေါ်တယ်၊(သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်ပေါ့ကွယ်)။

မဂ်ဆိုတာ တချက်ထဲ တကြိမ်ထဲ ဖြစ်မြဲရှိတယ်လို့ ဆရာ ပြောခဲ့တယ်နော်....။

"ဟုတ်ကဲ့"

အေး-အဲဒီတော့ ပဌမဆင့် မဂ်ရတဲ့ပုဂ္ဂိုလ်ဆိုတာ တနှစ်ကြာအောင်လဲ မတည်ရှိဘူး၊ တလကြာအောင်လဲ မတည်ရှိဘူး၊ တရက်ကြာအောင်လဲ မတည်ရှိဘူး၊ တနာရီ ကြာအောင်လဲ မတည်ရှိဘူး၊တမိနစ်ကြာအောင်လဲ မတည်ရှိဘူး၊ တစက္ကန့်ကြာအောင်လဲ မတည်ရှိဘူး၊ မဂ်—ဟော လို့ ဖြစ်ပြီးယင် ဖိုလ်ကွဲ့ လို့လာတော့တာဘဲ၊ ဒက်ကနဲ မဂ် ပုဂ္ဂိုလ်ဖြစ်ပြီးယင် ဒက်ကနဲ ဖိုလ်ပုဂ္ဂိုလ်အဖြစ် ရောက်တော့ တာဘဲ၊ သံဃာ ၂-မျိုးရှိသွားပြီနော်....၊ပြီးတော့—

(၃) ဒုတိယဆင့် မဂ်ပုဂ္ဂိုလ်ရယ် (၄) ဒုတိယဆင့် ဖိုလ်ပုဂ္ဂိုလ်ရယ် (၅)တတိယဆင့် မဂ်ပုဂ္ဂိုလ်ရယ် (၆)တတိယဆင့် ဖိုလ်ပုဂ္ဂိုလ်ရယ် (၇) စတုတ္ထဆင့် မဂ်ပုဂ္ဂိုလ်ရယ် (၈) စတုတ္ထဆင့် ဖိုလ်ပုဂ္ဂိုလ်ရယ် ဆိုပြီး အစုစု သံဃာတော် ၈—မျိုးရှိတယ်။

အဲဒီပုဂ္ဂိုလ် ၈—ပါးကို အရိယာပုဂ္ဂိုလ် ၈—ပါးလို့ခေါ်တယ်၊ သံဃာရတနာလို့လဲ ခေါ်တယ်၊ တနည်းအားဖြင့်—(၁) သောတာပတ္တိမဂ်ပုဂ္ဂိုလ်(၂) သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်

(၃) သကာဒါဂါမိ မဂ်ပုဂ္ဂိုလ် (၄) သကဒါဂါမိဖိုလ်ပုဂ္ဂိုလ် (၅) အနာဂါမိ မဂ်ပုဂ္ဂိုလ် (၆) အနာဂါမိ ဖိုလ် ပုဂ္ဂိုလ် (၇) အရဟတ္တမဂ်ပုဂ္ဂိုလ် (၈)အရဟတ္တဖိုလ်ပုဂ္ဂိုလ်လို့ခေါ်တယ်၊ အဲဒါတွေကိုတော့ အမည်လောက်သာ မှတ်ထားကြပေါ့ကွယ်၊အနက်အဓိပ္ပါယ်ပြောရယင်အရှေကြီးဖြစ်နေမယ်။

ဒီတော့–မင်းတို့အနေနဲ့ ဆရာစောစောက ပြောခဲ့တဲ့ အတိုင်းလောက်သာ သဘောပေါက်မိယင်လဲ တော်လောက်ပြီပေါ့။

တပည့်တဦး။ ။အခုခေတ်-ရဟန်းသံဃာတွေဟာ အခုဆရာကြီးပြောခဲ့သလို မဂ်ဖိုလ်ပုဂ္ဂိုလ်တွေ ဟုတ်ပါသလားခင်ဗျာ။

အမယ်–တယ်လာတဲ့–တပဲ့ပါလား၊ ဒါကဒီလိုကွဲ့၊ ဆရာခုတင်ကပြောခဲ့တဲ့ ၈–ပါးကို ပရမတ္ထ သံဃာလို့ခေါ်တယ်၊ မုချသံဃာ(မဂ်ရဖိုလ်ရသံဃာ)လို့ခေါ်တယ်၊အဲသလို တမဂ်တဖိုလ် မရသေးတဲ့ ပုထုဇဉ်သံဃာ တွေကိုတော့သမ္မုတိသံဃာလို့ခေါ်တယ်၊ သမုတ်တဲ့သံဃာ သတ်မှတ်တဲ့သံဃာ ပညတ်ခေါ်ဝေါ်တဲ့ သံဃာ လို့ဆိုလိုတယ်၊ရှင်ဘုရင်ကိုသမ္မုတိနတ်လို့ ခေါ်တာလိုပေါ့ကွာ၊ ဒါပေမင့် သီလစသည်နဲ့ပြည့်စုံတဲ့ သမ္မုတိသံဃာကို ပရမတ္ထသံဃာလိုဘဲ လှူဒါန်း ပူဇော်ရမယ်လို့ ဒိဗုဒ္ဓဘုရားက မိန့်မှာချက်ရှိတယ်၊ ဒါကြောင့် မင်းတို့တတွေမှာ သမ္မုတိသံဃာကိုလဲ ရိုသေကြရမယ်၊ ပူဇော်ကြရမယ်၊လေးစားကြရမယ်–ကြားလား။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ,
ဓမ္မံ သရဏံ ဂစ္ဆာမိ,
သံဃံ သရဏံ ဂစ္ဆာမိ။

(နောက်ဆက်တွဲ)

# အခါတော်နေ့များ

## ကဆုန်လပြည့်–ဗုဒ္ဓနေ့

ဆရာ ။ ။ကဲ–မင်းတို့တတွေ– ဗုဒ္ဓဘာသာ ဖြစ်ကြတဲ့ အတိုင်း ဗုဒ္ဓဘုရားရဲ့ ဖြစ်တော်စဉ်ကိုအတော်ကလေးသိခဲ့ကြ ရပြီ၊ ဗုဒ္ဓရှင်တော်ဘုရားဟာ–သက္ကရာဇ် ခြောက်ဆယ်နဲ့ ရှစ်ခု၊ ကဆုန်လပြည့်၊ သောကြာနေ့၊ မွန်းတဲ့ နှစ်ချက်တီးအချိန် မှာ ဖွားတော်မူတယ်–လို့ မင်းတို့ကိုဆရာ ပြောခဲ့တယ်။

ပြီးတော့–သက္ကရာဇ် ၁၀၃–ခု၊ ကဆုန်လပြည့်နံနက်ပိုင်း အချိန်မှာဘဲ ဗောဓိပင်ကြီး အောက်မှာ သမ္မာသမ္ဗုဒ္ဓဘုရား အဖြစ်သို့ ဆိုက်ရောက်တော် မူတယ်၊ ပြီးတော့– သက္ကရာဇ် ၁၄၈–ခု၊ ကဆုန်လပြည့်နေ့ မှာဘဲ မလ္လာမင်း တွေရဲ့ အင်ကြင်း ဥယျာဉ်ထဲမှာ ပရိနိဗ္ဗာန်ဝင်စံတော်မူတယ်။

အဲဒီတော့ အတိုချုံးလိုက်ယင် (၁) မွေးဖွားတာရော (၂) တောထွက်တာရော (၃) ပရိနိဗ္ဗာန်ဝင်စံ တာရော ကဆုန်လပြည့်နေ့မှာချည်း ဖြစ်တယ်။

ဒါကြောင့် အဲဒီကဆုန်လပြည့်နေ့ကို ဗုဒ္ဓနေ့(ဗုဒ္ဓ–အခါ တော်နေ့) ရယ်လို့ သတ်မှတ်ပြီးတော့ ညောင်ရေသွန်း ပွဲတော်ကို ပြုလုပ်ကြတယ်–ကွဲ့။

H 604—10 [ဟံသာဝတီ]

ညောင်ပင်ကို ရေသွန်းလောင်းတဲ့ သဘော ကတော့ အဲဒီ-ညောင်ပင်ကြီးဟာ ဘုရားရှင်နဲ့ တနေ့ထဲမှာ ပေါ်လာတဲ့ ဖွားဖက်တော်-လို့လဲ ယုံကြည်ကြလို့ဖြစ်တယ်၊ ပီးတော့-ဒီညောင်ပင်ကြီး အောက်မှာဘဲ ဘုရားအဖြစ်ကို ရောက်တယ်ဆိုတဲ့ အကြောင်းကို သတိရတဲ့ အထိမ်းအမှတ်လဲ ဖြစ်တယ်။

တပည့်တဦး။ ။ဒီ-ညောင်ပင်ကြီးဟာ အခု ရှိပါသေး သလား-ဆရာကြီး။

ဆရာ ။ ။မူလအပင် ကြီးတော့ မရှိတော့ ဘူးကွဲ့၊ အနှစ် ၂၅၀၀-ကျော်သွားပြီကိုးကွဲ့၊ အဲဒီ-မူလညောင်ပင် ကြီးရဲ့ သားတွေ မြေးတွေ မြစ်တွေဘဲ ကမ္ဘာအနှံ့အပြား မှာ ရှိနေကြတော့တယ်။

အသောကမင်းတရားကြီး လက်ထက်မှာ အဲဒီ-ညောင်ပင် ကြီးက လက်ျာတောင်ကိုင်းကို ဖြတ်ပီး သီဟိုဠ်ကျွန်းမှာ စိုက်ထားတယ်၊ အဲဒီအပင်ကြီးကတော့အခုအထိ ရှိတယ်*၊ ကမ္ဘာပေါ်မှာ အင်မတန် အသက်ရှေတဲ့ သစ်ပင်ကြီးတပင် လို့လဲ ဆိုနိုင်တယ်။

တပည့်တဦး။ ။အဲဒီ-မူလ ဗောဓိပင်ကြီးရဲ့ သားဖြစ်ဖြစ် မြေးဖြစ်ဖြစ် မြစ်ဖြစ်ဖြစ် ကျွန်တော်တို့ ဗမာ ပြည်ကိုဘယ် တုန်းက ရောက်လာပါသလဲ-ဆရာကြီး။

ဆရာ ။ ။ဟို-ပုဂံခေတ် ကထဲက ရောက်လာတယ်-ဆိုတာကို သိရတယ်၊ အင်မတန် ခိုင်မာတဲ့ ကျောက်စာ

* ဤစာရေးပြီးနောက် လ-များ မကြာမီက သေသွားပြီ ဖြစ် ကြောင်း သတင်းစာများတွင် ဖတ်လိုက်ရသည်။

အထောက်အထား တွေ့ရတယ်၊ တကယ်ကတော့ ပုဂံခေတ် မတိုင်မီ ဗမာပြည်ကို ဗုဒ္ဓဘာသာ ရောက်ကထဲက အဲဒီ ဗောဓိညောင်အစေ့အနေနဲ့ ဖြစ်ဖြစ် အပင်ပေါက်အနေနဲ့ ဖြစ်ဖြစ် ရောက်မယ်ဆို ရောက်နိုင်တယ်။

တပည့်တဦး။ ။အဲဒီ-သစ်ပင်ကို ဘာပြုလို့ ဗောဓိပင် လို့ခေါ်ပါသလဲ—ဆရာကြီး။

ဆရာ ။ ။အော်— ဟုတ်သားဘဲ၊ ဆရာက—မင်းတို့-မမေးမီ ရှင်းမပြမိဘူး၊ မေ့သွားဘယ်။

ဒီလိုကွဲ့—တပည့်ရဲ့၊ ဗောဓိဆိုတဲ့စကားလုံးကလဲ အနက်တွေ အများကြီးရှိတယ်၊ ဒါပေမင့်-အသိ (=သိခြင်း) ဆိုတဲ့ မူရင်းအနက်က အရေးအကြီးဆုံးဘဲကွဲ့၊ ပါဠိလို-ဗောဓိရုက္ခ ဗမာလို-ဗောဓိပင် လို့ ခေါ်နေကြရာမှာ ထင်ရှားသထက် ထင်ရှားအောင် ဘာသာပြန်ပီး ခေါ်ရယင် အသိပင် လို့ ခေါ်ရမှာပေါ့ကွယ်၊ ဘာကြောင့်လဲဆိုတော့ ဘုရားရှင်ဟာ အဲဒီညောင်ပင်ကြီး အောက်မှာ-အခွန်တရား ကို သိတော်မူတယ်၊ အဲဒီအမှန်တရားကို သိတော်မူလို့လဲ ဘုရားအဖြစ် ရောက်တယ်-လို့ဆိုရတာပေါ့။

တပည့်တဦး။ ။ညောင်ပင်လို့လဲ ဘာကြောင့်ခေါ်တယ် ဆိုတာ သိပါရစေ-ခင်ဗျား။

ဆရာ ။ ။ညောင် ဆိုတာကတော့ ဉာဏ ဆိုတဲ့ ပါဠိ စကားက—လာတဲ့ စကားကွဲ့၊ ဉာဏဆိုတာ သိခြင်းဘဲ၊ ပါဠိ-စစ်စစ်ခေါ်ရယင် ဉာဏရုက္ခ, ပါဠိဆန်ဆန် ပါဠိပျက်အနေနဲ့ ဗမာလို ခေါ်ရယင် ဉာဏ်ပင် ညောင်ပင် ပေါ့ကွယ်။

တပည့်။ ။ဟုတ်ပါတယ်-ခင်ဗျား။

ဆရာ။ ။အေး—တို့ဘုရားဟာ အမှန်တရားကို သိခြင်းဆိုတဲ့ အသိ ဉာဏ်ကြီးကို အဲဒီအပင်ကြီးအောက်မှာ ရတော်မူတယ်၊ဒါ့ကြောင့် ဉာဏပင်=ဗောဓိပင် လို့ခေါ်တာ-ကွဲ့၊ ဗမာပီပီသသ ထင်ရှားအောင် ခေါ်ယင်-အသိပင် (သိတော်မူရာအပင်)လို့ ဖြစ်မှာပေါ့ ကွယ်။

တပည့်တဦး။ ။သစ်ပင် ဆိုတာ ရေလောင်း ရတယ်ဆိုတာ ကတော့-သိပါတယ်၊ ကဆုန်လပြည့်နေ့ရေလောင်းကြတာမှာ အခြားရည်ရွယ်ချက် ထူးထူး ခြားခြား ရှိပါသေးသလား—ဆရာကြီး။

ဆရာ။ ။ရှိတယ်ကွဲ့—တပည့်ရဲ့၊ ကဆုန်လ ဆိုတာ သစ်ပင်တွေအဖို့ အမြစ်နဲ့ ရေသောက်လို့ မရ နိုင်အောင် ရေပြတ်တဲ့လဖြစ်တယ်၊ ရေခန်းခြောက်သွားတဲ့လ ဖြစ်တယ်၊ တချို့ ပညာရှိများက ကဆုန် လလို့ခေါ်တာမှာ က ဆိုတာက ရေ၊ဆုန် (ဆိန္န) ဆိုတာက ပြတ်တာ၊'ရေပြတ်တဲ့လ' လို့ အနက်ကောက်ယူကြတယ်၊ အချို့ ပညာရှိ များကတော့ က—ဆိုတာရေ၊ ဆုန်ဆိုတာ သွန်းတာ လောင်းတာ (ရေသွန်းလောင်းတဲ့လ)လို့ အနက်ဖော်ကြတယ်၊ ဗမာကျောက်စာဟောင်းတွေမှာတော့-ကုဆုန် လို့ ရေးလေ့ရှိကြသေးတယ်၊ အဲဒီမှာ-ကုဆိုတာကလဲ ရေကိုဘဲခေါ်တယ်လို့ မှတ်ရမယ်။

အရေးကြီးတာကတော့—သစ်ပင် တပင်ကို ရေလောင်းသလို သဘောမထားဘိုဘဲ၊ ဘုရားဆိုတာ သူတကာမသိတဲ့ အသိကို သိတော်မူတယ်၊ အဲဒီအသိကို ဗောဓိပင်လို့ခေါ်တဲ့ ဒီဗောဓိပင် အောက်မှာ ရတော်မူခဲ့တယ်၊ အဲဒီအသိကို သတ္တဝါတွေကို ပြန်ပြီး ဟောတော်မူခဲ့တယ်၊ တို့တတွေလဲ

အဲသလို ပြန်ဟောလို့သာ အဆင့်ဆင့် (အကြမ်းပြင်းဖြစ်ဖြစ်) သိကြရပါတကားလို့ နက်နက်နဲနဲ သဘောထားပြီး ရေသွန်းကြရမယ်၊ ကြားကြလော့။

တပည့်များ။ ။မှန်ပါ့-ခင်ဗျား။

## နယုန်လပြည့်-မဟာသမယနေ့

နယုန်လပြည့်နေ့မှာ-မဟာသမယ အခါတော်နေ့ရယ်လို့ ကျင်းပကြရတဲ့အကြောင်းကိုလဲ ဆရာနဲ့ ပြောပြချင်သေးတယ်။

ဒီလိုကွဲ့....ဒေဝဒဟရယ်, ကောလိယရယ်, ကပိလဝတ္ထုရယ် ဆိုပီး သာကီဝင် သုံးပြည်ထောင် ရှိခဲ့တဲ့ အကြောင်းမင်းတို့ကို ဆရာ ပြောသလောက်ပြောခဲ့ပြီးပြီနော်....။

တပည့်များ။ ။ဟုတ်ပါတယ်—ဆရာကြီး။

အေး—အဲဒီ သုံးပြည်ထောင်အနက် ကောလိယနဲ့ ကပိလဝတ် အကြားမှာ ရောဟိဏီ ဆိုတဲ့မြစ်(ချောင်း)တခုရှိတယ်၊ အဲဒီမြစ်ကရေကို ကောလိယဘက်က လယ်သမား တွေကလဲ သူတို့လယ်အတွက်ယူမယ်၊ ကပိလဝတ်က လယ်သမားတွေကလဲ သူတို့လယ်အတွက်ယူမယ်လို့ အငြင်းပွားရာက လယ်သမား တွေသာ မဟုတ်တော့ဘဲ အုပ်ချုပ်သူတွေ အထိ ပါလာပီး တဖက်နဲ့တဖက် စစ်ခင်း တိုက်ခိုက်ကြဘို့ရာ ချီတက်လာကြပါတယ်တဲ့၊ အဲဒီမှာဘုရားရှင်ကိုယ်တိုင်ကြွရောက် တားမြစ်တော်မူလို့ ပြေငြိမ်းသွားကြတယ်တဲ့၊တဖက်တဖက် ၂၅၀-စီရှိတဲ့မင်းသားတွေကို ဘုရားရှင်ဆီ အပ်နှံကြပါတယ် တဲ့၊ ဘုရားရှင်က မင်းသားငါးရာကို ရဟန်းပြုပီး မဟာဝုန်ဆိုတဲ့ တောကြီးဆီ ကြွတော်မူတယ်တဲ့။

အဲဒီ ကပိလဝတ်ရဲ့ အနားမှာရှိတဲ့ မဟာဝုန် တောကြီး ထဲမှာ ဘုရားရှင်ဟာ မဟာသမယသုတ်ကိုဟောတော်မူတယ် တဲ့၊ မဟာသမယသုတ်ရဲ့နိဒါန်းသဖွယ်ဖြစ်တဲ့ သုတ်ကြီးအပြီး မှာ အနှစ်အသားဖြစ်တဲ့ သုတ်ပေါင်း ငါးသုတ်ကို ဟော တော်မူတယ်၊ အဲဒီငါးသုတ်ဆိုတာကတော့ (၁) ရာဂစရိုက် အားကြီးသူတွေအတွက်ဟောတဲ့ သမ္မာပရိဗ္ဗာဇနီယသုတ်ရယ် (၂) ဒေါသစရိုက် အားကြီးတဲ့ သူတွေအတွက် ဟောတဲ့ ကလဟ ဝိဝါဒသုတ်ရယ် (၃) မောဟစရိုက်အားကြီးတဲ့ သူတွေအတွက်ဟောတဲ့ မဟာဗျူဟသုတ်ရယ် (၄) ဝိတက် စရိုက်အားကြီးတဲ့သူတွေအတွက်ဟောတဲ့ စူဠဗျူဟသုတ်ရယ် (၅) သဒ္ဓါစရိုက်အားကြီးတဲ့သူတွေအတွက်ဟောတဲ့ တုဝဋ္ဋက ပဋိပဒါသုတ်ရယ် (၆)ပညာစရိုက်အားကြီးတဲ့သူတွေအတွက် ဟောတဲ့ ပုရာဘေဒသုတ်ရယ်–ပေါ့ကွယ်။

အဲသလို မဟာသမယသုတ်တော်ကို ဟောတော် မူတာ ဟာ နယုန်လပြည့်နေ့ ဖြစ်တဲ့ အတွက် နယုန်လပြည့်နေ့ကို မဟာသမယအခါတော်နေ့ဆိုပီး ကျင်းပကြခြင်းဖြစ်တယ်။

## ဓမ္မစကြာ အခါတော်နေ့

ဓမ္မစကြာ အခါတော်နေ့အကြောင်းကိုတော့ မင်းတို့ကို အထူးတလည်ထပ်ပီး ကျယ်ကျယ်ပြန့်ပြန့်ပြောနေစရာ လိုမယ် မထင် ဘူး၊ ဘာကြောင့်လဲ ဆိုတော့ အဲဒီ အကြောင်းကို အတော်ကလေး ဆရာ ပြောပြီးပြီ၊ ဘယ်လောက်များ မှတ်မိကြသလဲဆိုတာ သိရအောင် ထပ်မေးရအုံးမယ်၊ အဲဒီ ဓမ္မစကြာသုတ်ကိုဘယ်နေရာမှာ ဟောသလဲ။

တပည့်တဦး။ ။ဗာရာဏသီ ပြည်ရဲ့ အနီး ဣသိပတန မိဂဒါဝုန် တောထဲမှာ ဟောပါတယ်–ဆရာကြီး။

ဘယ်နေ့ ဘယ်အချိန်မှာ ဟောသလဲ။

တပည့်တဦး။ ။ဝါဆိုလပြည့်နေ့ နေဝင် လထွက် အချိန်မှာ ဟောပါတယ်ဆရာကြီး။

'အောင်မယ်—အမှတ်အသားကောင်းသားဘဲကွဲ့၊ ကဲ—ဒါဖြင့် ဘယ်သူတွေကိုဟောသလဲ—ကွယ်'။

တပည့်တဦး။ ။ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိဆိုတဲ့ ဘိက္ခု ငါးဦးကိုဟောပါတယ်ဆရာကြီး၊ အေး- နေရာကျလိုက်လေ၊ သူတို့ကိုပဥ္စဝဂ္ဂီလို့ ခေါ်ကြတယ်ကွဲ့ နေ့ဦ....၊မင်းတို့ မှတ်ထားဘို့ ဆရာက နဲနဲလောက် ထပ်ပြီး ပြောချင်တာကလေးတွေလဲ ရှိသေးတယ်။

ပါဠိလို ဓမ္မစက္က—လို့ခေါ်တယ်၊ပါဠိပျက်အနေနဲ့ ဓမ္မစက် လို့ ခေါ်တယ်၊ သက္ကတ ဘာသာအသံမျိုး ရောနှောပြီး ဓမ္မစကြ (ဓမ္မစကြာ) လို့လဲ ခေါ်ကြတယ်၊ ဓမ္မ—ဆိုတာက တရား+စက္က ဆိုတာက လည်ပတ်တဲ့ သဘောရှိတဲ့ စက်ပေါ့ ကွယ်၊ ဗမာလို—တရားစကြာ၊ ဒါမှမဟုတ်–တရားစက်လို့လဲ ခေါ်နိုင်ပါတယ်၊ ဒါမှမဟုတ် ဓမ္မစက္ကပဝတ္တန—ဆိုတဲ့ ပါဠိ အခေါ်ကို ထောက်ပြီးတော့ အသိ-စက်-လည်-တရား လို့လဲ ခေါ်နိုင်ပါတယ်၊ ဗောဓိပင် အောက်မှာ အမှန်တရား လေးပါးကို လိပ်ပတ်လည်အောင် သိတဲ့အသိဟာ စက်နဲ့ ပမာတူလို့ အသိစက်လို့ခေါ်နိုင်တယ်၊ အသိ(ဉာဏ်)ဆိုတာ ကလဲ အချုပ်အားဖြင့် ၂-မျိုးရှိတယ်ကွဲ့၊ တမျိုးက ထိုးထွင်း ဉာဏ်တဲ့၊ တမျိုးက အဟောဉာဏ်တဲ့၊ ဗောဓိပင်အောက်မှာ ထိုးထွင်းဉာဏ်ပေါ်ခဲ့တယ်၊ မိဂဒါဝုန်မှာတော့ အဟောဉာဏ် ဖြစ်ခဲ့တယ်၊ တနည်း—ပြောရယင် ဗောဓိပင်အောက်မှာ အသိ

စက်လည်တော် မူခဲ့တယ်၊ မိဂဒါဝုန်မှာတော့ အသိစက်ကို လှည့်တော်မူတယ်၊ နားလည်ကြရဲ့လား။

တပည့်များ။ ။မလယ်လှပါဘူး–ဆရာကြီး။

အေးပေါ့ကွယ်–မှင်းတို့လယ်အောင် ပြောရမယ် ဆိုလဲ ဖြစ်ပါရဲ့၊ ဒါပေမဲ့–အတော့်ကို ကျယ်ကျယ် ပြန့်ပြန့်အချိန် ယူပြီး–ရှင်းပြရလိမ့်မယ်၊ အဲဒီတော့ဒါလောက်ဘဲ မှတ်ထား နှင့်ကြအုံးပေါ့ကွယ်။

ပြီးတော့–သီတင်းကျွတ် လပြည့်နေ့မှာ အဘိဓမ္မာအခါ တော်နေ့၊ တပို့တွဲလပြည့်နေ့မှာ ပါတိမောက်အခါတော်နေ့၊ တန်ခူးလမှာ မင်္ဂလာအခါတော်နေ့ စသည်ဖြင့် ဗုဒ္ဓရှင်တော် ဘုရားနဲ့ တရားတော်ကို သတိရတဲ့ အထိမ်းအမှတ်ပွဲတွေ ကျင်းပလေ့ရှိကြတယ်။

ပြီးပြီ

---

ဆရာမာဃရေးစာပေများ


၁။ နိဗ္ဗာန်ဝါဒသမိုင်း .... ၄–ကျပ်

၂။ မိဘမေတ္တာသရုပ်ဖော် ဗိမ္ဗိသာရသုတေသနဝတ္ထု .... ၃–ကျပ်

၃။ ယောဂအဘိဓမ္မာ (သက္ကတဘာသာပြန်) (ဟိန္ဒူယောဂီတို့၏သမထလုပ်ငန်း).... ၃–ကျပ်

၄။ အင်းဝခေတ်စာပေသူရဲကောင်း .... ၃–ကျပ်

၅။ စာဆိုတော်ကြီး ရှင်မဟာသီလဝံသ.... ၃–ကျပ်

၆။ ပုသိမ်ရာဇဝင် .... ၁၀–ကျပ်


မာဃစာပေ၊ အမှတ် ၁၈၀၊ ၃၉–လမ်း၊ရန်ကုန်။

ဟံသာဝတီစာအုပ်တိုက်

၃၅၇ ၊ ဗိုလ်အောင်ကျော်လမ်း - ရန်ကုန်မြို့ (ဖုံး - ၁၀၁၀၅)

တအုပ် - ၂ - ကျပ်